# ဓိုးကောကျဘူ

## ခြွေတားရှင်

တာဝဉ်



# မိုးကျော်သူ

# မြွေဆေးရှင်

စာစဉ်(၆)ဓာတ်သိမ်း

# အမြောက် (၁၀) လက်

နောက်တစ်နေ့ . . .။

အမြောက်ကြီးများနှင့် ထိုလူမျိုးခြားတို့သည် တည်းခိုခန်းမှ ထွက်ခွာသွားကြသည်။

ဝမ်စိန်ကြည်တို့လူစုလည်း နံနက်စာစားပြီးသည်နှင့် ခရီးဆက်လက် ထွက်ခွာသွားကြသည်။

■ ✪ ■

ဝမ်စိန်ကြည်တို့လူစုသည် မြို့ကလေးတစ်မြို့သို့ ရောက်ရှိလာသောအခါ ညအမှောင်ကျလာပြီဖြစ်သည်။

သူတို့သည် တည်းခိုခန်းတစ်ခန်းတွင် ဝင်ရောက်နားခိုရာ မမျှော်လင့်ဘဲ လူတစ်ယောက်နှင့် တွေ့ဆုံမိလေသည်။

ဝမ်စိန်ကြည်သည် ထိုလူအား သိကျွမ်းခြင်းမရှိပါ။

ထိုလူမှာမူ ဝမ်စိန်ကြည်အား သေချာစွာ အကဲခတ်ကြည့်နေ၏။

"ခင်ဗျားက ဝမ်စိန်ကြည် မဟုတ်လား"

ဝမ်စိန်ကြည် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ မိတ်ဆွေက ဘယ်သူလဲ"

"ကျုပ်က လီယန်းပါ"

ယင်းနာမည်ကို ဝမ်စိန်ကြည်က မကြာခဏကြားဖူးသဖြင့် နားယဉ်နေ၏။

သို့သော် နာမည်နှင့်လူ တွဲ၍မမြင်ဖူးသဖြင့် ရုတ်တရက် စဉ်းစား၍မရချေ။

ဆားထင်းကန်းက ထိုလူအား ဝမ်းသာစွာဖြင့် နှုတ်ဆက်လိုက်သည်။

"မိတ်ဆွေက ဗိုလ်မှူးကလေးလီယန်း မဟုတ်လား"

လီယန်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ခင်ဗျာ"

ဝမ်စိန်ကြည်သည် ဗိုလ်မှူးကလေးလီယန်းဟု ကြားလိုက်ရတော့မှ ကောင်းစွာမှတ်မိလိုက်တော့သည်။

ဗိုလ်မှူးကလေးလီယန်းသည် မိန်ချူးနယ်ချဲ့ကို အကြိမ်ကြိမ် အောင်ပွဲခံခဲ့သဖြင့် အလွန်ကျော်ကြားသော သူရဲကောင်းတစ်ယောက် အနေဖြင့် ပြည်သူများ၏ ကြည်ညိုခြင်းကို ခံရလေသည်။



ဗိုလ်မှူးကလေးလီယန်း၏ အမည်မှာလည်း ပြည်သူများ၏ ပါးစပ်များတွင် ရေပန်းစားခဲ့သဖြင့် ဝမ်စိန်ကြည်က မကြာခဏ ထိုနာမည်ကို ကြားဖူးနားဝရှိနေခြင်း ဖြစ်သည်။

သူသည် အားရဝမ်းသာစွာဖြင့် ဗိုလ်မှူးကလေးလီယန်းအား လက်ဆွဲနှုတ်ဆက်လိုက်သည်။

"တွေ့ရတာ ဝမ်းသာပါတယ်ဗျာ"

"ဟုတ်ကဲ့ ...အခုလို ခင်ဗျားနဲ့ လာတွေ့ရတာလဲ ကျုပ်က အလွန်ဝမ်းသာနေတယ်ဗျ"

ဆားထင်းကန်းသည် ကျန်ရှိသောလူများအား တစ်ဦးချင်း မိတ်ဆက်ပေးလိုက်သည်။

ထို့နောက် သူတို့သည် ထမင်းဟင်းများမှာ၍ စားပွဲတစ်ခုတွင် ဝိုင်းရံစားသောက်ကြသည်။

ထိန်ချင်းချိုက ...

"ဒါနဲ့ ...ဗိုလ်မှူးကလေး အခုလိုတစ်ယောက်တည်း ထွက်လာတာ လျှို့ဝှက်တာဝန်များ ရှိနေလို့လား"

လီယန်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ခင်ဗျာ"

ထိန်ချင်းချိုက ...

"ပြောပြနိုင်ရင် ကျုပ်တို့သိချင်ပါတယ်ဗျာ"

ဆားထင်းကန်းက ...

'အို ... ခင်ဗျားကလဲ လျှို့ဝှက်တာဝန်ဆိုမှ ဖွင့်ပြောလို့ ဘယ်ရပါ့မလဲ"

လီယန်းက ပြုံးလိုက်၏။

"တခြားလူကိုပြောလို့မဖြစ်ပေမယ့် ခင်ဗျားတို့ကိုတော့ ယုံယုံကြည်ကြည် ပြောပြရမှာပဲ"

ထိန်ချင်းချိုက ဆားထင်းကန်းဘက်သို့ လှည့်ကြည့်လိုက်သည်။

"တွေ့လား ...ဗိုလ်မှူးကလေးက တို့ကို ယုံကြည်ပါတယ်ကွ"

လီယန်းက ပြုံးလိုက်သည်။

"ဒီလိုပါ ...၊ ပထမတုန်းကတော့ ကျုပ်တို့က မန်ချူးနယ်ချဲ့ကို ခုခံဖို့ နိုင်ငံခြားက အမြောက် (၁၀)လက် ဝယ်ယူခဲ့ပါတယ်"

အမြောက် (၁၀) လက်ဟူသော စကားကိုကြားလိုက်ရသောအခါ ဝမ်စိန်ကြည်တို့လူစု လှုပ်လှုပ်ရှရှဖြစ်လာသည်။

လီယန်းက စကားဆက်လိုက်၏။

"ဒါပေမယ့် မန်ချူးနယ်ချဲ့က ဘယ်လိုဝင်ရှုပ်သလဲမသိဘူး၊ အခု အဲဒီအမြောက်(၁၀)လက်ဟာ သူတို့ဆီကိုသွားပို့မယ်လို့ သတင်းကြားရတဲ့အတွက် အခုလိုထွက်လာခဲ့တာပါ"

ဝမ်စိန်ကြည် ရင်ထိတ်သွား၏။



"အမြောက်ကြီး (၁၀) လက်ကို ကျုပ်တို့က လမ်းကြုံရင်း တွေ့ခဲ့တယ်ဗျ၊ အတော့်ကို ကြောက်စရာကောင်းတဲ့ လက်နက်တွေပဲ"

လီယန်း ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ ဒီအမြောက်ကြီး (၁၀)လက်ဟာ မန်ချူးလက်ထဲရောက်သွားမယ်ဆိုရင် အလွန်ရင်လေးစရာ ကောင်းပါတယ်"

ဝမ်စိန်ကြည် တစ်စုံတစ်ခုကို ဆုံးဖြတ်လိုက်သည်။

"ကျုပ်တို့နဲ့ဆိုရင် အများဆုံး မိုင် ၃၀ လောက်ပဲကွာမယ်"

လီယန်း မျက်မှောင်ကုတ်သွား၏။

"ဒုက္ခပဲ ...၊ ဒီအမြောက် (၁၀)လက်သာ မန်ချူးလက်ထဲရောက်သွားရင်တော့ ကျုပ်တို့ရဲ့ဘော်တွေ သွေးချောင်းစီးရလိမ့်မယ်ထင်တယ်"

ဝမ်စိန်ကြည် ကတိပေးလိုက်၏။

"စိတ်ချပါ ဗိုလ်မှူးကလေး၊ ဒီအမြောက်ကြီး (၁၀)လက်ကို မန်ချူးလက်ထဲရောက်မသွားဖို့ ကျုပ် တာဝန်ယူပါတယ်ဗျာ"

လီယန်း ဝမ်းသာသွားသည်။

"ခင်ဗျားကသာ ဒီတာဝန် ယူထားမယ်ဆိုရင် ကျုပ်ဖြင့် ဝမ်းသာလို့မဆုံးပါဘူးဗျာ"

ဝမ်စိန်ကြည်က ...

"ဒီလိုဆိုရင် ကျုပ်ဆီမှာပါလာတဲ့ သေတ္တာတွေကို ခင်ဗျား နေပြည်တော်ရောက်အောင် သယ်ဆောင်သွားပါခင်ဗျာ၊ ဒီသေတ္တာ

ထဲမှာပါရှိတဲ့ ရွှေတွေအားလုံးကို နယ်ချဲ့မန်ချူးတွေကို ခုခံတော်လှန်တဲ့ လက်နက်ခဲယမ်းမီးကျောက် ဆေးဝါးရိက္ခာတွေ ဝယ်တဲ့အခါ အသုံးပြုဖို့ပါပဲ"

လီယန်း အံ့ဩသွား၏။

"ဒီပစ္စည်းတွေ ခင်ဗျား ဘယ်ကရလာတာလဲဗျ"

ဝမ်စိန်ကြည်သည် ထိုသေတ္တာများ ရရှိခဲ့သည့်အကြောင်းများကို အသေးစိတ်ရှင်းပြရင်း ...

"ဒါကြောင့် ကျုပ်က တိုင်းပြည်နဲ့လူမျိုးအတွက် အသုံးချဖို့ နေပြည်တော်ကို သွားပို့မလို့ပါ"

လီယန်း အတန်ကြာစဉ်းစားပြီးမှ ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ ...၊ ကျုပ် ဒီသေတ္တာတွေကို တာဝန်ယူပြီး သယ်ဆောင်သွားပါ့မယ်"

ဝမ်စိန်ကြည်သည် သေတ္တာများနှင့် သယ်ယူပို့ဆောင်ပေးသော မြင်းလှည်းသမားများကိုပါ လီယန်းလက်သို့ လွှဲအပ်ပေးတော့သည်။

နောက်တစ်နေ့ နံနက် ...။

လီယန်းသည် သေတ္တာများကို သယ်ဆောင်၍ နေပြည်တော်သို့ ပြန်လည်ထွက်ခွာသွားသည်။



ဝမ်စိန်ကြသည် အမြောက်ကြီးများ၏သတင်းကို သေချာစွာ ရရှိရန် ဟုန်းစိန်ဟိုက်အား စုံစမ်းရန် စေလွှတ်လိုက်လေ၏။

ညနေ ...။

ဟုန်းစိန်ဟိုက်သည် ပြန်လည်ရောက်ရှိလာ၏။

သူသည် ခရီးရောက်မဆိုက် ဝမ်စိန်ကြည်အား အမြောက်ကြီးဆယ်လက်၏သတင်းများကို အသေးစိတ်ပြောပြ၏။

ဝမ်စိန်ကြည်သည် မိမိလူများကိုစုစည်းလိုက်ပြီး ထိုအမြောက်ကြီးဆယ်လက်အား မည်ကဲ့သို့ ဖျက်ဆီးရမည်ကို နည်းလမ်းရှာကြံကြလေသည်။

ဆားထင်းကန်း အတန်ကြာစဉ်းစားပြီးမှ သူရရှိထားသော အကြံအစည်ကို ထုတ်ဖော်ပြောဆိုလိုက်သည်။

ဝမ်စိန်ကြည်နှင့် ထိန်ချင်းချိုတို့သည် ဆားထင်းကန်းတင်ပြသော အကြံအစည်များကို အလွန်သဘောကျသွား၏။

ဝမ်စိန်ကြည် ချီးကျူးလိုက်၏။

"ခင်ဗျားရဲ့အကြံ အလွန်ကောင်းပါတယ်ဗျာ"

ဆားထင်းကန်း လက်ကာပြလိုက်သည်။

"ကျုပ်ပေးတဲ့အကြံ ကောင်းတော့ ကောင်းပါတယ်၊ ဒါပေမယ့်

စောရသိုင်းသမား ဝူးတာနန်က လက်စွမ်းပြနိုင်မှ အောင်မြင်နိုင်ပါလိမ့်မယ်"

ဝူးတာနန် ချက်ချင်း နားလည်လိုက်၏။

"သူတို့ရဲ့ သေနတ်ကို ခိုးယူဖို့မဟုတ်လား"

ဆားထင်းကန်း ရယ်မောလိုက်သည်။

"သိပ်ဟုတ်တာပေါ့ဗျာ"

ဝမ်စိန်ကြည်လည်း ခေါင်းတညိတ်ညိတ်ဖြင့် ...

"သူတို့ရဲ့သေနတ်က တော်တော့်ကို ကြောက်စရာကောင်းတာ"

ထိန်ချင်းချို ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ သူတို့လက်နက်ကို အလျှင်ဆုံးခိုးမထားရင် ဒီအမြောက်ကြီး ဆယ်လက်ကို ဘယ်လိုမှ ဖျက်ဆီးနိုင်မှာ မဟုတ်ဘူး"

ဝူးတာနန် ရင်ကိုကော့လိုက်၏။

"စိတ်ချ ...၊ တစ်နည်းမဟုတ်တစ်နည်းနဲ့ သူတို့ဆီက သေနတ် တွေကို ရအောင်ခိုးပါ့မယ်"

ဝမ်စိန်ကြည်က ဝူးတာနန်၏ပခုံးကို ပုတ်လိုက်၏။

"တို့ အောင်ပွဲခံနိုင်ဖို့ဟာ မင်းပေါ်မှာ မူတည်ပါတယ်"

ဝူးတာနန် ထိုင်ရာမှ ထလိုက်၏။

"ကဲ ...ပြောနေကြာတယ်၊ ကျုပ် အခုပဲသွားလိုက်ပါ့မယ်"

■ ◎ ■



မိုးမလင်းသေးပါ။

သို့သော် တည်းခိုခန်း၏ဧည့်ခန်းတွင် မီးရောင် ထိန်ထိန်လင်းနေ၏။

ဝမ်စိန်ကြည်၊ ဆားထင်းကန်း၊ ထိန်ချင်းချို၊ ဝင်ချင်းချင်းတို့သည် ငြိမ်သက်စွာ ထိုင်နေကြသည်။

ဟုန်းစိန်ဟိုက်မှာမူ အိပ်ငိုက်၍နေ၏။

သူတို့သည် ဝူးတာနန်အတွက် စိုးရိမ်ပူပန်နေကြခြင်းဖြစ်၏။

မနေ့ည ညစာအချိန်မှာပင် ဝူးတာနန် ထွက်ခွာသွားသည်။

ယခု မိုးလင်းကာနီးအချိန်ရောက်ရှိသည့်တိုင်အောင် ဝူးတာနန် ပြန်လည်ရောက်ရှိလာခြင်း မရှိသေးပေ။

ဝမ်စိန်ကြည်က ဆားထင်းကန်းဘက်သို့ လှည့်လိုက်သည်။

"အခြေအနေ မဟန်ဘူးထင်တယ်"

ဆားထင်းကန်း သက်ပြင်းချလိုက်လေ၏။

"ဝူးတာနန်အကြောင်းကို ကျုပ်ကောင်းကောင်းသိတယ်၊ သူ ပြန်မလာသေးတာကတော့ အောင်မြင်စရာလမ်းကြောင်း မတွေ့ရသေးလို့ ဖြစ်ပါလိမ့်မယ်"

ထိုစဉ်မှာပင် ...

လူတစ်ယောက်သည် သေနတ်များ တစ်ပွေ့တစ်ပိုက် ပိုက်ထားပြီး သူ၏ကိုယ်ပေါ်တွင်လည်း သေနတ်များ ပြည့်နှက်နေသည်ကို အံ့သြစွာ တွေ့မြင်လိုက်ရသည်။

ဝမ်စိန်ကြည် ဝမ်းသာသွားသည်။

"ဦးတာနန် ...မင်းအတွက် ငါစိုးရိမ်နေတာ"

ဦးတာနန်သည် သေနတ်များကို စားပွဲပေါ်သို့ချလိုက်သည်။

ထို့နောက် လက်ချောင်းသုံးချောင်းထောင်ပြလိုက်၏။

"သူတို့ဆီမှာ အလွန်ဆုံးကျန်ရင် သေနတ်သုံးလက်ပဲ ရှိတော့မှာ"

ဝင်ချင်းချင်းသည် သေနတ်ကို တစ်ကြိမ်တစ်ခါမှ မတွေ့ဖူးခဲ့ချေ။

သူမသည် သေနတ်တစ်လက်ကို ဟိုကြည့်သည်ကြည့်ဖြင့် လေ့လာနေ၏။

သူမသည် သေနတ်၏ခလုတ်ကို လက်ညှိုးဖြင့် အမှတ်မထင် ဆွဲလိုက်ရာ ...

"ဒိုင်း ..."

ကျည်ဆန်ပေါက်ကွဲသောအသံသည် တည်းခိုခန်းတစ်ခုလုံး ဟိန်းထွက်သွားလေသည်။

တခြားဧည့်သည်များတို့သည် အိပ်ပျော်နေစဉ် အသံကြား၍ လန့်နိုးလာကြသည်။

သူတို့သည် အသံထွက်ပေါ်လာရာ ခန်းမဆီသို့ ပြေးလွှားလာကြလေသည်။



သို့သော် ခန်းမတစ်ခုလုံးမှာ မီးရောင်များ ထိန်ထိန်လင်းနေသည်မှအပ လူသူတစ်စုံတစ်ယောက်မျှ မတွေ့ရပေ။

ဆိုင်လုလင်သည် စားပွဲပေါ်တွင် ငွေတုံးတစ်တုံးနှင့် စာရွက်တစ်ရွက်ကို တွေ့ရှိလိုက်ရသည်။

သူသည် ယူ၍ ဖတ်ကြည့်လိုက်ရာ ...

"ထိုငွေတုံးကလေးကို အခန်းငှားခနဲ့ စားသောက်ခဲ့သောတန်ရာတန်ဖိုးများအတွက် ပေးခဲ့သည်"

ဟု ရေးထားသည်ကို ဖတ်မိလိုက်သည်။

ဆိုင်လုလင်သည် ခေါင်းတွင်တွင်ခါယမ်းလိုက်သည်။

"ဒီဧည့်သည်တွေက ဘာတွေများ အရေးကြီးလို့ အခုလို မိုးမလင်းခင် ထွက်သွားကြတာလဲ"

■ ○ ■

ဝမ်စိန်ကြည်တို့ လူစုသည် ထိုမြို့ကလေးနှင့် ဆယ်မိုင်ခန့်အကွာသို့ ရောက်ရှိနေကြပြီ ဖြစ်သည်။

ဝင်ချင်းချင်းကြောင့် သူတို့သည် တည်းခိုခန်း၌ ဆက်လက်မနေဝံ့ကြတော့ဘဲ မိုးမလင်းသေးမီ ထိုမြို့ကလေးမှ ထွက်လာကြခြင်းဖြစ်သည်။

ဦးတာနန်က ဆားထင်းကန်းအား ပြောပြလိုက်၏။

"ကဲ ...တွေ့တယ်မဟုတ်လား၊ ကျုပ်ကတော့ သေနတ်ရအောင် ယူခဲ့ပြီ၊ ဘာဆက်လုပ်မလဲ"

ဝမ်စိန်ကြည်က ပြောလိုက်သည်။

"ဆားထင်းကန်းရဲ့ အကြံကို အကောင်အထည်ဖော်လိုက်ရုံပေါ့"

သူတို့သည် ဆက်လက်ထွက်ခွာသွားကြလေတော့၏။

■ ◉ ■

လရောင်သည် ထိန်ထိန်သာနေ၏။

အမြောက်ကြီးဆယ်လက်သည် လရောင်၏ အလင်းရောင်ကြောင့် ပြောင်လက်တောက်ပနေ၏။

ထိုစဉ် လူရိပ်များသည် ရှေ့ဆင့်နောက်ဆင့် ရောက်ရှိလာကြသည်ကို တွေ့မြင်ရသည်။

အမြောက်ကြီးများအနား၌ စောင့်ကြပ်နေသော စစ်သည်နှစ်ယောက်က အိပ်ငိုက်နေ၏။

ထိုနေရာသည် ဘုံကျောင်းပျက်တစ်ခုဖြစ်သည်။

အမြောက်ကြီးများသ သယ်ဆောင်လာသော လူစုများသည် ဘုံကျောင်းပျက်၌ နားနေကြသည်။

သို့သော် သူတို့သည် အိပ်ရာဝင်ကာနီးအချိန်တွင်းမှာပင် လူသံများ ဆူဆူညံညံ ကြားလိုက်ရသည်။



ခေါင်းဆောင်ဖြစ်သူသည် ကမန်းကတန်းထွက်၍ အကဲခတ်ကြည့်ရှုလိုက်သည်။

ဘုံကျောင်းပျက်၏ အနောက်ဘက်တွင် မီးတောက်မီးလျှံများ လောင်ကျွမ်းနေသည်ကို တွေ့မြင်လိုက်ရသည်။

သူသည် ရင်ထိတ်သွား၏။

သူ၏ စစ်သည်တော်များကိုလည်း အမြောက်ကြီးများအား သေချာစွာ စောင့်ကြပ်ရန် အမိန့်များပေးလိုက်၏။

ထိုအချိန်မှာပင် လူတစ်စုက ရောက်ရှိလာကြလေသည်။

ထိုလူများသည် ရေပုံးကိုယ်စီဖြင့် ပြေးဝင်လာကြပြီး လက်ထဲမှ ရေပုံးဖြင့် ပက်ဖျန်းကြလေသည်။

ထိုလူများသည် မီးလောင်ကျွမ်းသော နေရာသို့ ပက်ဖျန်းခြင်းမပြုဘဲ သူတို့သယ်ဆောင်လာသော ယန်းမှုန့်များပေါ်သို့ လောင်းချလိုက်သည်။

ခေါင်းဆောင်ဖြစ်သူက ဒေါသကြီးစွာဖြင့် ...

"ဟေ့ ...မင်းတို့က မီးကိုရေမလောင်းဘဲ ဘာကြောင့် ကျုပ်တို့ပစ္စည်းကို ရေနဲ့လောင်းရတာလဲ"

ထိုလူများက ရယ်မော၍ ပြန်လည်ပြောကြားလိုက်သည်။

"မီးကူးလာရင် လောင်ကျွမ်းမသွားရအောင် ရေနဲ့ကြိုတင်လောင်းထားတာပါ"

သူတို့သည် ယင်းသို့ပြောပြီး အသီးသီးပြေးလွှားထွက်ခွာသွားကြသည်။

■ ○ ■

နောက်တစ်နေ့ ..."

အမြောက်ကြီးများ သယ်ဆောင်လာသောလူစုသည် ဘုံကျောင်းပျက်မှ ခရီးဆက်လက်ထွက်ခွာသွားကြသည်။

သူတို့သည် တောင်တစ်လုံးရှိရာသို့ ရောက်ရှိလာကြသောအခါ ခေတ္တရပ်နားလိုက်သည်။

အမြောက်ကြီးများကို ဦးဆောင်၍ သယ်ယူလာသူမှာ မျက်နှာဖြူ တစ်ယောက် ဖြစ်သည်။

သူ၏အမည်မှာ ဗိုလ်ပီတာ ဖြစ်သည်။

သူသည် အမြောက်ကြီးများအား တောင်ပေါ်မှ ကျော်ဖြတ်၍ တက်ရမည့်လမ်းကို ကိုယ်တိုင်တက်ရောက်ကာ ကြည့်ရှုလေ့လာသည်။

တောင်တက်လမ်းမှာ အနည်းငယ်ချိုင့်ဝှမ်းရှိသည်ဖြစ်သော်လည်း လမ်းမှာ ခပ်ပြေပြေကလေး တက်ရမည်ဖြစ်သဖြင့် သူသည် အမြောက်ကြီးများ တစ်လက်လျှင် လူဆယ်ယောက်ဖြင့် ဆွဲတင်ရန် အမိန့်ပေးလိုက်သည်။



ဗိုလ်ပီတာသည် အတွေ့အကြုံ ရင့်ကျက်သော စစ်ဗိုလ် တစ်ယောက်ဖြစ်၏။

ထို့ကြောင့် အမြောက်ကြီးများကို သူက တောင်ထိပ်အရောက် သယ်ဆောင်နိုင်ခဲ့သည်။

တောင်ပေါ်၌ ခေတ္တအနားယူပြီးနောက် ဗိုလ်ပီတာသည် တောင်အောက်သို့ဆင်းရန် ပြင်ဆင်ပြန်သည်။

ဤအကြိမ်၌ သူသည် သူ၏လူများအား အမြောက်၏နောက်တွင် ကြိုးဖြင့်ဆွဲ၍ ထိန်းထားစေသည်။

သို့မှသာလျှင် ဆင်းသောအခါ အောက်သို့အရှိန်နှင့် ဆင်းမသွားစေရန် ဖြစ်သည်။

ထိုစဉ်မှာပင် အဝေးမှ ရုတ်တရက် မြားဖြင့်ပစ်ခတ်တိုက်ခိုက်လိုက်၏။

အမြောက်ကြီးများအား ကြိုးဖြင့်ထိန်းထားသော လူများသည် မြားထိမှန်သွားသဖြင့် မြေပေါ်သို့ လဲကုန်သည်။

အချို့မှာမူ ကမန်းကတန်း ရှောင်တိမ်းလိုက်သောကြောင့် အမြောက်ကြီးများ မထိန်းနိုင်တော့ဘဲ လက်လွှတ်လိုက်ရလေ၏။

အမြောက်ကြီးများသည် ထိန်းချုပ်မည့်သူ မရှိသဖြင့် ကုန်းလျှောဆင်းလမ်းအတိုင်း အောက်သို့ လိမ့်၍ဆင်းသွားတော့၏။

ကုန်းလျှောလမ်းတစ်လျှောက်လုံးမှာ ချိုင့်ဝှမ်းများ ရှိနေသဖြင့်

အမြောက်ကြီးများသည် တလိမ့်ကောက်ကွေးဖြင့် အောက်သို့အရှိန်ဖြင့် ချောကျသွားသည်။

အမြောက်ကြီးများသည် တစ်ခုနှင့်တစ်ခု တိုက်မိလိုက်သောအခါ ပို၍ အရှိန်ပြင်းစွာဖြင့် ထိုးကျသွားသည်။

"ဝုန်း ...ဝုန်း ...ဝုန်း ..."

အမြောက်ကြီးများသည် တောင်အောက်သို့ ရောက်ရှိသွားသောအခါ တစ်ခုနှင့်တစ်ခု ပြင်းထန်စွာ တိုက်မိနိုက်မိသွားသဖြင့် အကြီးအကျယ် ပျက်စီးသွားကြသည်။

ဗိုလ်ပီတာသည် ဒေါသထွက်လွန်း၍ မျက်နှာတစ်ခုလုံး နီရဲနေ၏။

သူသည် ပတ်ဝန်းကျင်အား အကဲခတ်ကြည့်လိုက်ရာ လူရိပ်များ ပြေးလွှားသွားနေသည်ကို တွေ့ရသည်။

သူသည် ပစ်ရန် အမိန့်ပေးလိုက်သည်။

သူ၏လူများသည် လက်ကျန်သေနတ်များဖြင့် ပစ်ခတ်လိုက်ရာ...

"ချောက် ...ချောက် ...ချောက် ..."

ဟူသော အသံများသာ ထွက်ပေါ်လာသည်။ ကျည်ဆံကား ထွက်မလာပါ။

ဗိုလ်ပီတာသည် သူ၏သေနတ်ကို စစ်ဆေးကြည့်သောအခါ ယမ်းမှုန့်များ ရေစိုရွှဲနေသည်ကို တွေ့ရှိရသည်။



မိမိ၏အမြောက်ကြီးများအား လူတစ်စုက အစီအစဉ်ဖြင့် ဖျက်ဆီးလိုက်သည်ကို နားလည်လိုက်သည်။

သူသည် ဒဏ်ရာရရှိကြသော သူ၏လူများနှင့် စုပုံ၍ပျက်စီးနေသော အမြောက်ကြီးများအား ကြည့်ကာ လက်မှိုင်ချလိုက်ရသည်။

■ ❁ ■

နယ်ချဲ့မန်ချူးတို့သည် အမြောက်ကြီး ဆယ်လက် ပျက်စီးဆုံးရှုံးသွားသည့်သတင်း ကြားလိုက်ရသောအခါ စိတ်ဓာတ်ကျဆင်းသွားသည်။

မျိုးချစ်သိုင်းသမားများတို့သည် စုစည်းညီညွတ်စွာဖြင့် နေပြည်တော်စစ်သည်များနှင့် လက်တွဲကာ ရှုပ်ရှုပ်ချွံချွံ တိုက်ပွဲဆင်နွှဲသောကြောင့် နယ်ချဲ့မန်ချူးတို့သည် တရုတ်ပိုင်နယ်မြေမှ ပြန်လည်ဆုတ်ခွာသွားကြ၏။

သူတို့သည် အလွန်ခံပြင်းစွာ ဆုတ်ခွာသွားကြရပေမည့် တစ်နေ့နေ့ တစ်ချိန်ချိန် ပြန်လည်ကျူးကျော်လာမည်မှာ သေချာလှပေ၏။

မည်သို့ဆိုစေ တရုတ်ပြည်တစ်ဝန်းလုံးမှာတော့ အောင်ပွဲခြိမ့်ခြိမ့်သဲသဲ ခံနေကြသည်မှာ ပျော်ရွှင်မဆုံးအောင် ဖြစ်နေတော့၏။

■ ❁ ■

ဝမ်စိန်ကြည်တို့သည် တိုင်းပြည်၏တာဝန်ကို ထမ်းဆောင်ပြီးသောအခါ နေပြည်တော်ကပေးသော ရာထူးများကို လက်မခံဘဲ နေပြည်တော်တွင် အိမ်တစ်လုံးငှားရမ်း၍ အေးဆေးစွာ နေထိုင်တော့၏။

ဝင်ချင်းချင်းမှာမူ အိမ်ရှင်မတစ်ယောက်ပီပီ အိမ်မှုကိစ္စအားလုံးကို နိုင်နင်းစွာ ထိန်းသိမ်းနိုင်ခဲ့၏။

သူတို့သည် အေးအေးချမ်းချမ်းဖြင့် နေထိုင်ကြတော့မည်ဟု မျှော်လင့်ထားကြ၏။

သို့သော် ကံကြမ္မာသည် သူတို့အား အေးအေးချမ်းချမ်းနေနိုင်ရန် အခွင့်မပေးပါချေ။

တစ်နေ့ည ...။

ဝမ်စိန်ကြည်သည် အပြင်ဘက်မှ ပြန်လည်ရောက်ရှိလာသောအခါ ဝင်ချင်းချင်း ဆီး၍ပြောလေ၏။

"နေပြည်တော် ထောက်လှမ်းရေးမှူးက ဖိတ်စာ လာပို့သွားတယ်"

ဝမ်စိန်ကြည် မျက်မှောင်ကုတ်သွားသည်။

"သူကိုယ်တိုင်လာပို့သွားသလား"

"မဟုတ်ဘူး၊ သူ့ရဲ့ငယ်သားတစ်ယောက် လာပို့တာ"

"သူက ငါနဲ့ဘာမှအဆက်အသွယ်မရှိဘဲ ဘာကိစ္စများရှိနေလို့လဲ"



ရိစမ်း ပြုံးလိုက်၏။

"ကျုပ် သိတယ်ဗျာ"

ဝင်ချင်းချင်း မျက်မှောင်ကုတ်သွား၏။

"ရှင်သိတယ် ဟုတ်လား"

"ဟုတ်တယ်"

"ဒါဖြင့် ဘာကိစ္စလဲပြောပါ"

ရိစမ်း ပြုံးရင်း ...

"ကျုပ်တို့အစ်ကိုကြီးက လူလငယ်တယ်၊ လှုမ်းလှုမ်းတောက်ကျော်ကြားတယ်၊ ဒါကြောင့် သူ့သမီးနဲ့ ပေးစားဖို့ ဖြစ်မှာပေါ့"

အားလုံး ပွဲကျသွား၏။

ဆားထင်းကန်းက ...

"သူ့ကို ကျုပ်သိတယ်၊ နာမည်က ထန်းထိစိမ်းတဲ့၊ မျက်လုံးတစ်ဖက်ကန်းနေတယ်"

ဝူးတာနန်က ...

"ဟာ ... ဒါဖြင့် အစ်ကိုကြီးနဲ့ မဖြစ်ဘူး"

ထိန်ချင်းချို ရယ်မောရင်း ...

"ဘာဖြစ်လို့လဲ"

ဝူးတာနန်က ...

"သူ မျက်လုံးတစ်ဖက်ကန်းနေရင် သူ့သမီးလဲ မျက်လုံးတစ်ဖက် ကန်းနေမှာ သေချာပါတယ်"

အားလုံး ဝါးခနဲပွဲကျသွားသည်။

ဝင်ချင်းချင်း မျက်မှောင်ကုတ်သွား၏။

"တကယ်ပဲလားဟင် ..."

ဆားထင်းကန်းက ...

"ကျုပ်က သူ့သမီးကို တစ်ခါမှမတွေ့ဘဲ ဘယ်သိပါ့မလဲ"

ဝမ်စိန်ကြည် ရယ်မောရင်း လက်ကာပြ၏။

"ကဲပါဗျာ ...ထမင်းစားကြမယ်"

သူသည် ထိန်ချင်းချိုတို့လူစုအား ထမင်းစားရန် ဖိတ်ခေါ်လေ၏။

ဆားထင်းကန်းတို့လူစုမှာ ရယ်ရယ်မောမောဖြင့် စားပွဲရှိရာသို့ လျှောက်သွားကြသည်။

ဝင်ချင်းချင်း မကျေမနပ်ဖြစ်နေ၏။

"သိကြရောပေါ့"

ဟုကြိတ်၍ ကြုံးဝါးလိုက်သည်။

■ ❂ ■

ည ..."

လမိုက်သော ညတစ်ညဖြစ်၏။

လူရိပ်တစ်စုသည် သူဌေး၏နေအိမ်တစ်ခုထဲသို့ ဝင်ရောက်သွား၏။



သူသည် ရွှေငွေများကို အနည်းငယ်ခိုးယူလိုက်၏။

ထို့နောက် ပုံတူပန်းချီကားတစ်ချပ်ထားခဲ့ပြီး ထွက်သွားလေသည်။

ဤသို့ဖြင့် ..."

သုံးလေးည ကြာလာသောအခါ နေပြည်တော်သူဌေးအိမ်ဆယ်အိမ်ခန့် အခိုးခံခဲ့ရလေ၏။

အိမ်တိုင်းတွင် ပုံတူပန်းချီကားတစ်ချပ် ထားခဲ့သည်။

ယင်းပုံတူ ပန်းချီကားချပ်ပေါ်၌ ထန်းထိစိမ်း၏ရုပ်ပုံ ရေးဆွဲထားသည်။

ရုပ်ပုံ၏အောက်တွင် ...

"စောရထန်းထိစိမ်း ခိုးသည်"

ဟု ရေးထားသည်။

■ ❂ ■

ယင်းကဲ့သို့ပြုလုပ်သောသူမှာ ဝင်ချင်းချင်းပင် ဖြစ်လေ၏။

သူမသည် ထန်းထိစိမ်းမှာ ထောက်လှမ်းရေးမှူးတစ်ယောက်ဖြစ်သောကြောင့် မိမိ၏လက်ချက်ဖြစ်ရမည်ဟု တွေ့ရှိသွားမည်ဟုလည်း ကြိုတင်တွက်ထားသည်။

ခုနစ်ရက်မြောက်သောနေ့တွင် သူမထင်မှတ်ထားသည့်အတိုင်း

သူမက အိပ်ရာမှ နိုးလာသည်နှင့် ထန်းထိစိမ်းရောက်ရှိလာသော ကြောင့် အိမ်ဖော်က လာရောက်၍ ပြောလေသည်။

ဝမ်စိန်ကြည် မျက်မှောင်ကုတ်သွားသည်။

"အင် ...လာပြန်ပြီ၊ သူ့မှာ ဘာများအရေးကြီးတဲ့ကိစ္စရှိနေ ပါလိမ့်"

သူသည် အကျႌဝတ်ဆင်ပြီး ဧည့်ခန်းသို့ ထွက်ခွာသွားသည်။

ဝင်ချင်းချင်းလည်း ယောကျ်ားကဲ့သို့ဝတ်ဆင်ပြီး ဧည့်ခန်းသို့ ထွက်လာသည်။

ယခုမှ သူမသည် ထန်းထိစိမ်းအား တွေ့မြင်ဖူးလေ၏။

ထန်းထိစိမ်းမှာ အသက် ၆၀ ကျော်ခန့်ရှိသည်။

ပိန်ပိန်ပါးပါးရှိပြီး ဝတ်စားဆင်ယင်ပုံမှာလည်း လယ်သမား အဘိုးအိုတစ်ယောက်ဟု ထင်ရလေသည်။

ဝမ်စိန်ကြည် သူမနှင့် မိတ်ဆက်ပေးသည်။

ဝင်ချင်းချင်းက ...

"ခင်ဗျားသမီး ခေါ်မလာဘူးလားဗျ"

ဟု မေးလိုက်၏။

ထန်းထိစိမ်း ကြောင်အမ်းအမ်းဖြစ်သွားသည်။

"ဗျာ ...သမီး ဟုတ်လား"

ဝင်ချင်းချင်း ခေါင်းညိတ်လိုက်သည်။



"ဟုတ်တယ်၊ ဘာဖြစ်လို့ သမီးပါ ခေါ်မလာတာလဲဆိုတာ မေးတာပါ"

"ဟား ...ဟား ...ဟား ..."

ထန်းထိစိမ်း ရယ်မောလိုက်သည်။

"ကျုပ်က လူပျိုကြီးပါဗျာ၊ မိန်းမမယူဘဲ ဘယ်ကသမီးရှိရ မှာလဲ"

ဝင်ချင်းချင်း ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

ထန်းထိစိမ်းအပေါ် ကျူးလွန်မိသည်များကိုလည်း နောင်တ ရမိ၏။

သူသည် ပြုံး၍ အခန်းထဲမှ ထွက်ခွာသွား၏။

တစ်ခဏအကြာတွင် သူမသည် အထုပ်ကလေးတစ်ထုပ်ကို ယူလာသည်။

"ဟောဒီမှာ ခိုးရာပါပစ္စည်းတွေကို ပိုင်ရှင်ဆီ ပြန်ပို့ပေးပါ"

ထန်းထိစိမ်းက ကြောင်အမ်းအမ်းဖြစ်သွားသည်။

"ကျုပ် နားမည်ပါလားဗျာ"

သူသည် ပြောရင်း အထုပ်ကို ဖြေကြည့်လိုက်သည်။

အထုပ်ကလေးထဲ၌ ခိုးရာပါပစ္စည်းများ ဖြစ်နေသည်ကို တွေ့ ရလေသည်။

"ဒါက ဘာလုပ်တာလဲ"

ဝင်ချင်းချင်း ပြုံးလိုက်သည်။

"ကျုပ် ခင်ဗျားကြွရောက်လာအောင် ရှယ်စရာလေးလုပ်မိတာပါ"

ထန်းထိစိမ်း သက်ပြင်းချလိုက်၏။

"အင်း ...ရှယ်စရာတဲ့ ...၊ ကျုပ်နှာမည်ပျက်ရမယ့် ကိစ္စပါဗျာ"

သို့သော် သူသည် မပြောဘဲ စကားဦးလွှဲလိုက်လေ၏။

"ကျုပ် အခုလာတာ အကူအညီတစ်ခု တောင်းချင်လို့ပါ"

ထိုစဉ်မှာပင် ထန်းထိစိမ်း၏ ငယ်သားတစ်ယောက် ရေးကြီးသုတ်ပျာဖြင့် ရောက်ရှိလာသည်။

ထန်းထိစိမ်း မျက်မှောင်ကုတ်သွားသည်။

"ဆိုစမ်း ..."

ငယ်သားသည် အနားကပ်၍ တီးတိုးပြောပြလိုက်ရာ ထန်းထိစိမ်း၏မျက်နှာ ညိုမည်းသွားသည်။

သူသည် ဝမ်စိန်ကြည်အား ပြုံး၍နှုတ်ဆက်လိုက်၏။

"ကျုပ် အရေးပေါ်ကိစ္စရှိလို့ ပြန်ခွင့်ပြုပါ၊ နောက်နေ့မှတစ်ခေါက် လာခဲ့ပါဦးမယ်"

သူသည် ပြောပြောဆိုဆိုဖြင့် နှုတ်ဆက်ကာ ငယ်သားနှင့်အတူထွက်ခွာသွားလေတော့သည်။

■ ❁ ■

## သူတောင်းစားနဲ့မြွေ

ဝမ်စိန်ကြည်နှင့် ဝင်ချင်းချင်းတို့သည် စားသောက်ဖွယ်ရာနှင့် အရက်များ ဝယ်ယူ၍ အိမ်သို့ပြန်လာကြလေသည်။

နှင်းဖွဲများကျနေသဖြင့် လမ်းတစ်လျှောက်လုံးမှာ နှင်းများဖြူဖွေးစွာဖြင့် ဖုံးအုပ်နေ၏။

တစ်ချက်တစ်ချက် တိုက်ခတ်လာသော လေအေးကြောင့် သူတို့သည် ချမ်းစိမ့်စွာဖြင့် နှင်းဖွဲများပေါ်နင်းကာ လျှောက်နေရ၏။

သူတို့သည် ရေကန်အနီးသို့ ဖြတ်၍လျှောက်လာသောအခါ သူတောင်းစားတစ်ယောက်သည် ဖျာပေါ်၌ လဲလျောင်းနေသည်ကို တွေ့ရလေသည်။

ထိုသူတောင်းစားမှာ အပေါ်အင်္ကျီလုံးဝမပါဘဲ တွေ့ရသဖြင့် ဝင်ချင်းချင်းက သနားသွားလေသည်။

"ဩော် ...သနားလိုက်တာ"

သူမသည် ငွေတုံးကလေးတစ်တုံး ပစ်ပေးလိုက်၏။

"အကျႌ အမြန်ဆုံးဝယ်ပါ၊ ကော်ကြာ အအေးမိလို့ သေလိမ့်မယ်"

သူတို့သည် ယင်းသို့ငွေပေးပြီး ဆက်၍လျှောက်သွားရာ ...

"ကျုပ်ကို ငွေမပေးနဲ့ မလိုချင်ဘူး"

ဝင်ချင်းချင်းက ခြေလှမ်းရပ်၍ လှည့်ကြည့်လိုက်၏။

သူတောင်းစားက ထထိုင်လိုက်ပြီးဖြစ်သည်။

"အရက်ပါလျက်နဲ့ မပေးဘဲ ငွေက ဘာလုပ်ဖို့လဲ"

ဝင်ချင်းချင်းက ဒေါသထောင်းခနဲ ထွက်လာသည်။

သူမသည် နှစ်တုံ့ပြန်ရန် ဟန်ပြင်လိုက်သည်။

ဝမ်စိန်ကြည်က ဟန့်တားလိုက်လေသည်။

"ဒီလူကြည့်ရတာ ထူးတယ်၊ အကဲခတ်ကြည့်ရအောင်"

သူသည် သူတောင်းစားအား လှည့်ကြည့်လိုက်လေသည်။

"အရက်တော့ပါပါတယ်၊ ဒါပေမယ့် အမြည်းမရှိလို့ မပေးတာပါ"

သူတောင်းစားက လက်ဝါးဖြန့်လိုက်သည်။

"အမြန်းမလိုဘူး၊ အရက်ပေးသောက်မယ်ဆိုရင် ပေးပါ"

ဝမ်စိန်ကြည်က အရက်အိုးကလေးအား လှမ်းပေးလိုက်၏။

သူတောင်းစားက အရက်အိုးအဖုံးအား ဖွင့်လိုက်၏။



ထို့နောက် မော့ချလိုက်လေသည်။

ဝမ်စိန်ကြည်နှင့် ဝင်ချင်းချင်းတို့သည် ထိုသူတောင်းစားအား အကဲခတ်ကြည့်လိုက်သည်။

ထိုသူတောင်းစားသည် အသက် (၄၀)ကျော်ခန့် ရှိမည်ဟု ထင်ရသည်။

မျက်ခုံးမွေးထူပြီး နှာခေါင်းအလွန်ကြီးသည်။

ထူးခြားသည်မှာ သူ၏လက်မောင်းနှစ်ဖက်တွင် ဒဏ်ရာများ၏ အမာရွတ်များ ပြည့်လျက်ရှိနေသည်ကို တွေ့ရလေသည်။

သူတောင်းစားသည် အရက်တစ်အိုးကုန်အောင် သောက်ချလိုက်လေသည်။

"ကောင်းလိုက်တဲ့ အရက်ပါလား ...၊ အင်း ...နှစ်(၂၀)က အရက်ဖြစ်မယ်"

ဝမ်စိန်ကြည် အံ့သြသွားသည်။

ယင်းသူတောင်းစားသည် အရက်ကို ကောင်းစွာနားလည်သည်ကို တွေ့ရှိရလေ၏။

သူသည် ပြုံးလိုက်သည်။

"ခင်ဗျား ဘယ်ဆိုးလို့တုန်း၊ အရက်ကို ကောင်းမှန်းဆိုးမှန်း သိသားပဲ"

သူတောင်းစားမှာ ...

"ခက်တာက မင်းအရက်က နည်းတယ်၊ သောက်လို့မဝသေးဘူးကွယ့်"

ဝမ်စိန်ကြည်က ရယ်မောလိုက်သည်။

"ဒါဖြင့် မနက်ဖြန်ကျမှ ကျုပ် နောက်ထပ်ယူလာခဲ့မယ်၊ အဲဒီတော့ ဝအောင်သောက်ရမှာပေါ့ဗျာ"

"ဟား ...ဟား ...ဟား ..."

သူတောင်းစားက ရယ်မောလိုက်လေသည်။

"မင်းကြည့်ရတာ စာပေသမားတစ်ယောက် ဖြစ်ပေမယ့် စိတ်နေသဘောထား အတော်ပြည့်သားပဲဗျာ၊ ခုခေတ်မှာ သည်လို လူငယ်မျိုး ရှားပါတယ်ဗျာ"

ဝမ်စိန်ကြည်က ပြုံး၍ ဝင်ချင်းချင်းနှင့်အတူ အိမ်ပြန်ရန် ခြေလှမ်းလှမ်းလိုက်သည်။

သူတို့သည် ခြေလှမ်း သုံးလေးလှမ်းခန့်မျှ လှမ်းလိုက်ပြီး ဝမ်စိန်ကြည်က အမှတ်မထင် နောက်သို့လှည့်ကြည့်လိုက်လေ၏။

သူတောင်းစားသည် တစ်ဖက်သို့ လှည့်ပြီး ဝဲဘက်သို့အာရုံစူးစိုက်မှုဖြင့် တစ်စုံတစ်ခုအား စိုက်ကြည့်နေသည်ကို တွေ့မြင်လိုက်ရသည်။

ဝင်ချင်းချင်းက ဝမ်စိန်ကြည်၏လက်အား ဆွဲလိုက်သည်။

"သူက ဘာကိုကြည့်နေတာလဲ"



"အကောင်တစ်ကောင်ကောင်ကို ကြည့်နေသလိုပဲ"

သူသည် ပြောရင်း သေသေချာချာကြည့်လိုက်ရာ သူတောင်းစား၏ ဟန်မူရာမှာ အလွန်လေးလေးနက်နက် ရှိနေသည်ကို တွေ့ရသဖြင့် သူတို့သည် မနေနိုင်ကြတော့ဘဲ သူတောင်းစားထံသို့ ပြန် လည် လျှောက်သွားသည်။

သူတောင်းစားက သူတို့ပြန်လျှောက်လာသည်ကို တွေ့မြင်လိုက်သည်နှင့် သူ့အနီးသို့မကပ်ရန် လက်ကာပြသည်။

ဝမ်စိန်ကြည်က ခြေလှမ်းရပ်တန့်လိုက်ရသည်။

သူတို့သည် သူတောင်းစား ကြည့်သည့်အတိုင်း လိုက်ကြည့်သောအခါ နှင်းမှုန်များ လွှမ်းဖုံးထားသော မြေပြင်ပေါ်၌ မြွေတစ်ကောင် ရှိနေသည်ကို တွေ့မြင်လိုက်ရ၏။

ထိုမြွေသည် ကိုးလက်မခန့်မျှသာ ရှိ၏။

တစ်ကိုယ်လုံးမှာ ရွှေရောင်တောက်ပနေ၏။

ဖြူဖွေးသော နှင်းမြေပေါ်တွင် အရောင်တဖိတ်ဖိတ် တောက်နေသည်။

ဝမ်စိန်ကြည်နှင့် ဝင်ချင်းချင်းတို့သည် စိတ်ဝင်စားလာလေ၏။

မြွေကလေး၏ အခြေအနေအား စောင့်ကြည့်နေသည်။

ရွှေရောင်အဆင်းနှင့် မြွေကလေးသည် နှင်းမြေပေါ်၌ တွန့်လိမ်ကာ သွားနေ၏။

သူတောင်းစားသည် အသက်ပင်ရှူရန် မေ့နေပြီး မြွေကလေးနောက်သို့ တိတ်ဆိတ်စွာ လိုက်နေ၏။

ဝင်ချင်းချင်းက ရှေ့သို့လှမ်း၍ ညွှန်ပြလိုက်၏။

"ဟိုမှာကြည့်စမ်း အစ်ကို ..."

ဝမ်စိန်ကြည်သည် ဝင်ချင်းချင်း ညွှန်ပြရာသို့ လှမ်းကြည့်လိုက်သည်။

သူတို့ရှေ့ ဝါးတစ်ရိုက်ခန့်အကွာ မြေပြင်ပေါ်၌ ရေအိုးကြီးအဝခန့်မျှ အရွယ်ရှိသော နေရာတွင် ပတ်ဝန်းကျင်၌ နှင်းများလွှမ်းမိုးထားသော်လည်း အလယ်ဗဟိုမှာမူ နှင်းများ လုံးဝမရှိ။

နှင်းပွင့်များသည် ထိုအလယ်သို့ ကျသွားသည်နှင့် ချက်ချင်းအရည်ပျော်သွားပြီး အငွေ့များ တထောင်းထောင်းဖြာသွားသည်။

ထိုမြေအောက်၌ မီးဖိုတစ်လုံးရှိနေသည့်အလား အံ့သြဖွယ်ရာကောင်းလှပေသည်။

ရွှေအဆင်းနှင့်မြွေကလေးသည် ထိုနေရာသို့ ရောက်သွားသည်နှင့် အလယ်ဗဟိုသို့ ဝင်မသွားပေ။

သူသည် ဝိုင်းစက်သော နှုတ်ခမ်းကိုသာ ပတ်၍သွားနေ၏။

သူတောင်းစားက နောက်သို့လှည့်ပြီး ဝမ်စိန်ကြည်အား အနားသို့ မလာရန် လက်ကာပြနေ၏။



ဝမ်စိန်ကြည်နှင့် ဝင်ချင်းချင်းတို့က ရပ်၍ကြည့်နေ၏။

မြွေကလေးသည် သုံးလေးပတ်မျှ ပတ်ပြီးနောက် ရပ်တန့်သွားသည်။

ထို့နောက် အလယ်ဗဟိုရှိ တွင်းတစ်ခုထဲသို့ လေမှုတ်လိုက်၏။

ယင်းကဲ့သို့ ရေနွေးတစ်အိုးကျက်ခန့်အကြာတွင် ...

"ရှီ ..."

ဟူသော အသံတစ်ခု ကြားလိုက်ရ၏။

မြွေကလေးသည် ရုတ်တရက် နောက်သို့ဆုတ်သွားသည်။

မြွေတွင်းထဲမှ မြွေကြီးတစ်ကောင် တိုးထွက်လာသည်။

"အမယ်လေး ..."

ဝင်ချင်းချင်းသည် ထိတ်လန့်သွားသဖြင့် လွတ်ခနဲ အသံထွက်သွားသည်။

သူတောင်းစားက သူမအားလှည့်၍ မျက်လုံးပြူးပြလိုက်၏။

ဝင်ချင်းချင်း ပါးစပ်ပိတ်ထားလိုက်၏။

■ ◎ ■

မြွေကြီး တွင်းထဲမှထွက်လာလေပြီ။

တစ်လံခန့်ရှည်ပြီး လက်မောင်းလုံးမျှ အလုံးကြီးသည်။

တစ်ကိုယ်လုံးမှာ ရောင်စုံအကွက်များ ပေါ်လွင်နေလေ၏။

ဦးခေါင်းမှာ တြိဂံပုံဖြစ်ပြီး လက်သီးလုံးမျှ ကြီး၏။

ဝမ်စိန်ကြည် အံ့ဩသွားသည်။

ကြီးမားသောမြွေသည် များသောအားဖြင့် အဆိပ်မရှိ။

သို့သော် ...

ဦးခေါင်းမှာ တြိဂံပုံဖြစ်နေလျှင် အဆိပ်ပြင်း၏ဟု ကြားသိခဲ့သည်။

ယခုမြွေကြီးမှာ ကြီးမားရှည်လျားပြီး ဦးခေါင်းမှာ တြိဂံပုံဖြစ်သဖြင့် အလွန်အဆိပ်ပြင်းမည်ဟု သူနားလည်လိုက်၏။

သို့သော် ယင်းမြွေကြီးသည် ထိုမြွေကလေးနှင့် ရင်ဆိုင်လိုက်သောအခါ အနည်းငယ် ကြောက်ရွံ့နေပုံကို တွေ့ရ၏။

ဝမ်စိန်ကြည်နှင့် ဝင်ချင်းချင်းတို့က စိတ်ဝင်စားလာလေသည်။

မြွေကလေးသည် မြွေကြီးအား လျှင်မြန်စွာ ပတ်နေ၏။

မြွေကြီးမှာမူ အလယ်တွင် ခွေ၍နေ၏။

သူ၏ဦးခေါင်းထောင်ထားပြီး မြွေကလေးအား သတိကြီးစွာဖြင့် ကြည့်နေ၏။

ထိုစဉ် သူတောင်းစားက အလုပ်ရှုပ်နေ၏။

သူသည် စုတ်နေသော အဝတ်အိတ်တစ်လုံးထဲမှ ပစ္စည်းများနှိုက်ထုတ်နေသည်ကို တွေ့ရ၏။

သူသည် အဝါရောင်အရာတစ်ခုကို ပါးစပ်ထဲ၌ ဝါးနေသည်။



ထို့နောက် ထွေးထုတ်လိုက်ပြီး ကြိုးကလေးပမာ ဆွဲဆန့်လိုက်၏။

ထိုကြိုးကလေးဖြင့် မြွေနှစ်ကောင်၏ ပတ်ဝန်းကျင်သို့ ဝိုင်းထားလိုက်လေ၏။

ဝင်ချင်းချင်းက အသံတိုးတိုးဖြင့် ...

"သူ ဘာလုပ်နေတာလဲဟင်"

"မြွေဖမ်းမလို့နဲ့တူတယ်"

ဝမ်စိန်ကြည်၏ စကားမဆုံးမီ မြွေကလေးက ရုတ်တရက် ထခုန်လိုက်ပြီး မြွေကြီး၏ဦးခေါင်းကို ခုန်အုပ်လိုက်၏။

မြွေကြီး အနီရောင်အခိုးအငွေ့များဖြင့် မှုတ်ထုတ်လိုက်၏။

မြွေကလေးသည် လေထဲ၌ ကျွမ်းတစ်ပတ်ပစ်ပြီး နောက်သို့ ပြန်ကျသွားကာ တစ်ဖန် မြွေကြီးအားပတ်၍ ပြေးလွှားနေပြန်လေ၏။

ဝမ်စိန်ကြည်သည် ရုတ်တရက် မြွေဘားရှင်၏ သိုင်းကျမ်းကို သတိရလိုက်၏။

မြွေဘားရှင်သိုင်းကျမ်းတွင် မြွေသိုင်းဟူသော အခန်းတစ်ခန်း ပါရှိ၏။

ယင်းသိုင်းဖော်ပြပုံမှာ ယခုမြွေကြီးနှင့် မြွေကလေးတို့ တိုက်ခိုက်ပုံနှင့် ခပ်ဆင်ဆင်ဖြစ်နေသည်ကို တွေ့ရှိရလေ၏။

ဤသို့ဆိုလျှင် မြွေစားရှင်သိုင်းသမားက မြွေများ၏ တိုက်ခိုက်မှုကို လေ့လာတွေးတောရင်း ထိုစားကွက်ကို တီထွင်ရေးသားခြင်း ဖြစ်နေမည်လောဟု တွေးမိလေ၏။

ထိုစဉ် သူတောင်းစားက အဝါရောင်အရာဝတ္ထုကို ပါးစပ်ထဲသို့ ထည့်၍ဝါးနေပြန်၏။

ဝါးပြီးသောအရာကို ပြန်လည်ထွေးထုတ်လိုက်ပြီး ကြိုးကဲ့သို့ လုံးလိုက်လေသည်။

ထို့နောက် သူချထားသောနေရာနှင့် တစ်ပေခန့်ခြားပြီး မြွေနှစ်ကောင်တို့အား ဝိုင်းရံထားလိုက်၏။

ယခုမှ သူသည် ဖြုံးလာနိုင်သည်။

ခါးကိုကုန်းကာ မြွေနှစ်ကောင်၏ တိုက်ခိုက်မှုကို သေချာစွာကြည့်ရှုလေသည်။

ထိုစဉ် မြွေကလေးသည် အကြိမ်ကြိမ် ဝင်ရောက်တိုက်ခိုက်၏။

မြွေကြီးမှာမူ အနီရောင်အငွေ့များ မှုတ်ထုတ်နေ၏။

ဝမ်စိန်ကြည်သည် ဤအတိုင်းဆိုလျှင် နောက်ဆုံး မြွေကလေးအနိုင်ရလိမ့်မည်ဟု တွေးမိလေ၏။

သူသည် တွေးနေစဉ်မှာပင် မြွေကြီးက ရုတ်တရက် ပြန်လည်တိုက်ခိုက်လိုက်၏။



မြွေကြီးသည် ပါးစပ်ကိုအစွမ်းကုန် ဟထား၏။

သူ၏အစွယ် ၌သွားနှစ်ခုသည် ချွန်ထက်ပြီး ရှည်လျားလှပေ၏။

သူသည် အကြိမ်ကြိမ် မြွေကလေးအား ပေါက်၍တိုက်ခိုက်လိုက်သည်။

မြွေကလေးက ရှောင်တိမ်းနေရ၏။

သို့သော် မြွေကလေးသည် ရှောင်တိမ်းရင်း ရုတ်တရက်အပေါ်သို့ ခုန်တက်လိုက်၏။

မြွေကြီးက ပါးစပ်ဟ၍ လိုက်ဟပ်လေ၏။

မြွေကလေးက ရုတ်တရက် ပြန်လှည့်လိုက်ပြီး သူ၏အမြီးဖြင့် မြွေကြီး၏ မျက်လုံးသို့ ပြင်းထန်စွာ ရိုက်ချလိုက်၏။

မြွေကြီး၏ မျက်လုံးနှစ်ဖက်သည် ဒဏ်ရာပြင်းထန်စွာ ရရှိသွားလေ၏။

မြွေကြီးက ဒဏ်ရာရရှိသွားသည်နှင့် လျင်မြန်စွာ မြွေတွင်းထဲသို့ လျှိုဝင်သွားလေသည်။

မြွေကလေးသည် မြွေတွင်းထဲသို့ လေမှုတ်ပြန်၏။

ထိုစဉ် ဝင်ချင်းချင်းက ရုတ်တရက် ဦးခေါင်းမူးဝေသွားလေသည်။

သူမသည် ဝမ်စိန်ကြည်၏လက်ကို ဖမ်းဆွဲထားလိုက်၏။

"ကျွန်မ ခေါင်းမူးနေတယ်"

ဝင်ချင်းချင်းမှာ မြွေကြီးမှုတ်ထုတ်လိုက်သော အဆိပ်ငွေ့ကို ရှူမိလိုက်ခြင်းဖြစ်သည်ဟု ဝမ်စိန်ကြည် နားလည်လိုက်သည်။

သူသည် အိတ်ထဲမှာ အသင့်ပါလာသော သံဘူးကလေးကို ထုတ်ယူလိုက်သည်။

အဖုံးကိုဖွင့်လိုက်ပြီး ဝင်ချင်းချင်း၏ နှာခေါင်းရှိရာသို့ ထိုး ပေးလိုက်လေသည်။

ဝင်ချင်းချင်းက ရှူရှိုက်လိုက်ရာ ရင်ထဲ၌အေးစိမ့်သွားပြီး မူးဝေ ရာမှ သက်သာသွား၏။

သူတောင်းစားသည် သံဘူးထဲမှ ဖားပြုပ်ဖြူကို တွေ့မြင်သွားသဖြင့် သူ၏မျက်လုံးအစုံသည် လိုချင်တပ်မက်မောသည့် အရိပ်အယောင် ပေါ်လွင်နေသည်။

ဝမ်စိန်ကြည် ကမန်းကတန်း သိမ်းဆည်းထားလိုက်၏။

ထိုစဉ်မှာပင် မြွေတွင်းထဲမှ အနီရောင်အခိုးအငွေ့များ ထွက်ပေါ်လာပြန်သည်။

မြွေကလေး နောက်ကိုဆုတ်သွား၏။

မြွေကြီးသည် မြွေတွင်းထဲမှ ထွက်လာပြန်၏။

မြွေနှစ်ကောင်သည် ထပ်မံတိုက်ခိုက်ပြန်သည်။

မြွေကြီး၏ ညာဘက်မျက်လုံးမှာလည်း ထိခိုက်ဒဏ်ရာရသွားသည်။



မြွေကြီးက မြွေတွင်းထဲသို့ ထပ်မံလျှိုဝင်ရန် မြွေတွင်းဘက်သို့ ဦးတည်လိုက်သည်။ သို့သော် ...

မြွေကလေးမှာ မြွေကြီးအား အဝင်မခံဘဲ မြွေတွင်းအပေါက်ဝတွင် စောင့်နေ၏။

မြွေနှစ်ကောင် ခေါင်းချင်းဆိုင်လိုက်သည်နှင့် မြွေကြီးသည် မြွေကလေးအား မျိုချလိုက်သည်။

ဝမ်စိန်ကြည်နှင့် ဝင်ချင်းချင်းတို့ အံ့ဩသွားသည်။

ထိုစဉ်မှာပင် ...

မြွေကြီးသည် မြေပေါ်၌တွန့်လိမ်၍ ခန္ဓာကိုယ်မှာ လူးလှိမ့်နေသည်။

ရုတ်တရက် မြွေကလေးက မြွေကြီး၏ဝမ်းဗိုက်ကို ဖောက်၍ ထွက်လာလေတော့သည်။

ဝမ်စိန်ကြည်နှင့် ဝင်ချင်းချင်းတို့က အံ့ဩနေစဉ်မှာပင် မြွေကလေးသည် အမြီးဖြင့် မြေကိုထောက်၍ ခေါင်းထောင်လိုက်သည်။

သူ၏အမြီးတစ်ဝိုက်တွင် ဝေ့နေသော အနီရောင်အခိုးအငွေ့များကို ပါးစပ်ဖြင့် စုပ်ယူလိုက်သည်။

မြွေကလေးသည် အနီရောင်အခိုးအငွေ့များကို စုပ်ယူပြီးနောက် ထိုနေရာမှ ထွက်ခွာသွားသည်။ သို့သော် ...

သူတောင်းစားချထားသော အဝါကြိုးအနီးသို့ ရောက်ရှိလာသောအခါ ရုတ်တရက် ရပ်တန့်သွားသည်။

ဝင်ချင်းချင်း မျက်မှောင်ကုတ်သွား၏။

"သူတောင်းစား ချထားတဲ့ အဝါရောင်ကြိုးတွေဟာ ဘာတွေများ ဖြစ်ပါလိမ့်"

ဝမ်စိန်ကြည်က ...

"မြွေကိုနိုင်တဲ့ ဆေးဝါးတစ်မျိုးဖြစ်မှာပေါ့"

ထိုစဉ် မြွေကလေးသည် အဝါကြိုးအား ကျော်ဖြတ်နိုင်ရန် လမ်းစရှာနေ၏။

တစ်ခဏအကြာတွင် အမြီးဖြင့် မြေကိုထောက်ပြီး အဝါကြိုးပေါ်သို့ ကျော်၍ ခုန်သွားသည်။

ဝင်ချင်းချင်း သက်ပြင်းတစ်ချက်ချလိုက်၏။

"ဒီမြွေကလေးက အလွန်ဉာဏ်ကောင်းတာပဲ"

ထိုအချိန် မြွေကလေးသည် အမြီးဖြင့် မြေကိုထောက်ပြီး ထပ်မံခုန်ထွက်လာလိုက်သည်။

ဝင်ချင်းချင်း ရင်ထိတ်သွား၏။

"ဒုက္ခပဲ ...၊ မြွေကလေးတော့ လွတ်မြောက်သွားပြီ"

သို့သော် ...၊

သူမ ထင်မြင်ထားသည့်အတိုင်း မြွေကလေးက ထွက်မပြေးပါချေ။

သူသည် ဦးခေါင်းထောင်၍ သူတောင်းစားအား မော့ကြည့်နေ၏။



သူတောင်းစားက ရုတ်တရက် လက်နှစ်ဖက်ဖြင့် မြေကို ထောက်ပြီး ခြေထောက်နှစ်ချောင်း မိုးပေါ်ထောင်ထားလေသည်။

ဝင်ချင်းချင်း အံ့သြသွားသည်။

"ဘယ်လိုများပါလိမ့်၊ တော်ကြာ မြွေက သူ့မျက်နှာကို ကိုက်သွားလိမ့်မယ်"

ဝမ်စိန်ကြည်က ...

"ဒီသူတောင်းစားကို အထင်မသေးနဲ့၊ ဆားထင်းကန်းနဲ့ ထိန်ချင်းချိုထက် သိုင်းပညာ မညံ့ဘူးကွယ့်"

"ဒါဖြင့် သူက ဘာဖြစ်လို့ ကင်းမြီးကောက်ထောင်ပြီး မြွေနဲ့ မျက်နှာချင်းဆိုင်နေရတာလဲ ..."

"သူ့ဗိုက်ကိုကြည့်ပါလား၊ အဆိပ်မိမှာစိုးလို့ လုံးဝအသက်မရှူဘူး"

သူတို့သည် စကားပြောနေစဉ် သူတောင်းစားသည် သူ၏ ဘယ်ဘက်လက်မဖြင့် မြွေကလေးရှေ့သို့ တိုးပေးလိုက်ရာ မြွေကလေးက လျှင်မြန်စွာဖြင့် သူတောင်းစား၏လက်မကို ကိုက်လိုက်သည်။

သူတောင်းစားသည် ညာဘက်လက်ညှိုး လက်ခလယ်ဖြင့် မြွေကလေး၏ လည်ပင်းကို ညှပ်လိုက်၏။

မြွေကလေးက ပါးစပ်ဟလိုက်ရသည်။

သူတောင်းစားက ကမန်းကတန်း အိတ်ထဲမှ သံပြွန်တစ်ခု ထုတ်ယူလိုက်ပြီး မြွေကလေးအား သံပြွန်ထဲသို့ ထည့်လိုက်၏။

ထို့နောက် အဖုံးကို ပိတ်ထားလိုက်သည်။

သူသည် သံပြွန်ကို မြေပေါ်သို့ပစ်ချလိုက်ပြီး ဝမ်စိန်ကြည် ဘက်သို့ လှည့်လိုက်၏။

"ဒီမှာ ဖားပြုပ်ဖြူ ခဏပေးပါ"

ဝင်ချင်းချင်းက သူတောင်းစား၏လေသံကို မကြိုက်သဖြင့်

"ရှင့်ကို ဘာဖြစ်လို့ ပေးရမှာလဲ"

ဝမ်စိန်ကြည်မှာ သူတောင်းစား၏လက်မကို ကြည့်လိုက်၏။

သူတောင်းစား၏ ဘယ်ဘက်လက်မသည် အနက်ရောင်သမ်းပြီး ရောင်ကိုင်းလာသည်ကို တွေ့ရ၏။

အထူးသဖြင့် လက်မတစ်ခုလုံးက တဖြည်းဖြည်း ရောင်ကိုင်းပြီး လက်ဝါးမှတစ်ဆင့် လက်ကောက်ဝတ်ဆီသို့ တဖြည်းဖြည်း ကူးစက်သွားသည်ကို တွေ့မြင်လိုက်ရ၏။

မိမိက မကယ်လိုက်လျှင် သူတောင်းစားမှာ မြွေကလေး၏ အဆိပ်ကြောင့် သေဆုံးသွားနိုင်သည်ဟု ယုံကြည်၏။

ထို့ကြောင့် သူသည် ဖားပြုပ်ဖြူကို ပေးလိုက်သည်။

သူတောင်းစားက ဝမ်းသာသွားသည်။

ဖားပြုပ်ဖြူဖြင့် မြွေကလေး ကိုက်ထားသော အပေါက်သို့ ထိတွေ့လိုက်ရာ တစ်ခဏအကြာတွင် ဒဏ်ရာပေါက်မှ အမည်းရောင် သွေးများသည် တဖြည်းဖြည်း စီးဆင်းလာသည်။



ယောင်ကိုင်းနေသော လက်ဝါးတစ်ခုလုံးသည် တဖြည်းဖြည်း ကျသွားသည်။

နောက်ထပ် တစ်ခဏအကြာတွင် ကျဆင်းလာသော သွေးများသည် အနီရောင်များ ဖြစ်လာ၏။

"ဟား ...ဟား ...ဟား ..."

သူတောင်းစားက အားရပါးရ ရယ်မောလိုက်၏။

သူသည် ဘောင်းဘီကို အနည်းငယ်ဆုတ်ဖြဲပြီး ဒဏ်ရာကို စည်းထားလိုက်၏။

ဖားပြုပ်ဖြူအား သူ၏အဝတ်အိတ်ထဲသို့ ထည့်ထားလိုက်လေသည်။

ဝင်ချင်းချင်းက လက်ဝါးဖြန့်လိုက်၏။

"ကျွန်မရဲ့ ဖားပြုပ်ဖြူ ပြန်ပေးပါ"

သူတောင်းစား၏ မျက်နှာတစ်ခုလုံး သုန်မှုန်သွား၏။

"ဘယ်က ဖားပြုပ်ဖြူလဲ"

ဝင်ချင်းချင်းက ရုတ်တရက် သူတောင်းစား၏ နောက်သို့ ညွှန်ပြလိုက်၏။

"ဟောတော့ ...၊ နောက်ထပ် မြွေကလေးတစ်ကောင်ပါလား"

သူတောင်းစား ထိတ်လန့်သွား၏။

နောက်သို့ ကမန်းကတန်းလှည့်ကြည့်လိုက်ရာ ဝင်ချင်းချင်း

က မြေပေါ်မှ သံပြွန်ကို ကောက်ယူလိုက်ပြီး သူတောင်းစား၏ ကျော ပြင်သို့ ချိန်ထားလိုက်၏။

"ကျွန်မ အဖုံးဖွင့်လိုက်ရမလား"

သူတောင်းစားက ဝင်ချင်းချင်း၏ ပါးနပ်မှုကို သဘောကျ သွား၏။

"ဟား ...ဟား ...ဟား ..."

သူသည် အဝတ်အိတ်ထဲမှ ဖားပြုပ်ဖြူကိုယူ၍ ပြန်ပေးလိုက် ၏။

သူသည် ပြုံးဖြီးဖြီးဖြင့် ...

"ကျုပ်က ကျီစားတာပါကွာ"

ဝင်ချင်းချင်းက သံပြွန်ကို ပြန်ပေးလိုက်၏။

သူတောင်းစားသည် ကျေးဇူးတင်စကားကို လုံးဝမပြောဘဲ ချာခနဲ လှည့်ကာ ထွက်ခွာသွား၏။

ဝမ်စိန်ကြည်နှင့် ဝင်ချင်းချင်းတို့သည် နောက်သို့လှည့်ပြန် လာရာ လူတစ်စုပြေးလွှားလာကြသည်ကို တွေ့မြင်လိုက်ရလေ၏။

အနီးသို့ ရောက်ရှိလာကြသောအခါ ထိုလူစုမှာ နေပြည်တော် မှ ထောက်လှမ်းရေးမှူး ထန်ထိစိမ်းနှင့် သူ့နယ်သား လေးငါးယောက် ခန့် ဖြစ်နေသည်ကို တွေ့လိုက်ရလေ၏။

ဝမ်စိန်ကြည်က နှုတ်ဆက်လိုက်၏။



"ထောက်လှမ်းရေးမှူး ဘာတွေအလုပ်များနေတာလဲဗျ"

ထန်ထိစိမ်း သက်ပြင်းချလိုက်သည်။

"အခုန ထွက်သွားတဲ့ သူတောင်းစားကို တွေ့တယ်မဟုတ် လား"

"တွေ့သားပဲ၊ ဘာဖြစ်လို့လဲ"

"အခုတလော သူဌေးအိမ်က ရွှေငွေများနဲ့ ဘဏ္ဍာတော်ငွေ တွေကို ခိုးသွားတဲ့လူတွေဟာ အဲဒီသူတောင်းစားရဲ့ တပည့်တွေဖြစ် တယ်ဆိုတာ သိရလို့ လိုက်လာခဲ့တာ"

ဝမ်စိန်ကြည် မျက်မှောင်ကုတ်သွားသည်။

ဒီသူတောင်းစားက ဘယ်သူပါလိမ့်"

ထန်ထိစိမ်းက ...

"နောက်မှပဲ ပြောပြပါ့မယ်၊ အခု သူ့ကိုတွေ့တုန်း အမိလိုက် သွားရဦးမယ်"

သူသည် ပြောပြီး ဆက်လက်ပြေးလွှားသွားသည်။

■ ❁ ■

ဝမ်စိန်ကြည်နှင့် ဝင်ချင်းချင်းတို့သည် အိမ်ထဲသို့ ပြန်လည် ရောက်ရှိလာသောအခါ ဗိုလ်မှူးဟုန်းစိန်ဟိုက်တို့က ဝမ်းသာအားရ စွာဖြင့် ...

"ဟော ...ပြန်လာပါပြီဗျာ၊ စိတ်မပူကြပါနဲ့တော့"

ဝမ်စိန်ကြည် မျက်မှောင်ကုတ်သွား၏။

"ဘာတွေဖြစ်နေလို့လဲ"

ဟုန်းစိန်ဟိုက်က ...

"ထိန်ချင်းချို အဆိပ်မိထားလို့ အစ်ကိုကြီးပြန်လာအောင် စောင့်နေတာဗျ"

"ဘယ်လို ထိန်ချင်းချို အဆိပ်မိနေတယ် ဟုတ်လား"

"ဟုတ်ပါတယ်"

"ဘယ်လိုလုပ်ပြီး အဆိပ်မိသွားတာလဲ"

"ကျွန်တော်လဲ မသိဘူး အစ်ကိုကြီး၊ သူ အိမ်ကိုသာ အားတင်းပြီး အရောက်ပြန်လာတာ၊ စကားမေး မရတော့ဘူး"

သူသည် ပြောရင်း ဝမ်စိန်ကြည်နှင့်အတူ အခန်းထဲသို့ ဝင်သွားသည်။

■ ○ ■

အခန်းထဲ ခုတင်ပေါ်၌ ထိန်ချင်းချို မလှုပ်မယှက်လဲလျောင်းနေ၏။

သူ၏ မျက်နှာတစ်ခုလုံး ညိုမည်းနေသည်ကို တွေ့ရလေသည်။

ဆားထင်းကန်း၊ ပူးတာနန်၊ ရိစမ်းတို့က ခုတင်အနီးတွင် ထိုင်နေကြ၏။



သူတို့၏ မျက်နှာများပေါ်တွင် စိုးရိမ်ပူပန်သည့် အရိပ်အယောင်များ လွှမ်းမိုးနေကြ၏။

သူတို့သည် ဝမ်စိန်ကြည် ပြန်ရောက်လာသည်ကို တွေ့မြင်လိုက်သည်နှင့် စိုးရိမ်ပူပန်သည့်ကြားမှ ပြုံးယောင်သမ်းလာကြ၏။

ဝမ်စိန်ကြည်သည် ထိန်ချင်းချိုအား အကဲခတ်ကြည့်လိုက်၏။

ထိန်ချင်းချို၏ မျက်နှာတစ်ခုလုံးမှာ ညိုမည်းပြီး မျက်လုံးများ စုမှိတ်ထား၍ အသက်ရှူ မှျင်းမှျင်းကလေးဖြစ်၍ လုံးဝမလှုပ်ရှားသည်ကို တွေ့ရသည်။

သူသည် ရင်ထိတ်သွား၏။

"သူက ဘယ်နေရာမှာ အဆိပ်မိလို့လဲ"

ဆားထင်းက ထိန်ချင်းချိုအား ပေးမထူလိုက်လေ၏။

အပေါ်ကျီအား ချွတ်ချလိုက်သည်။

ထိန်ချင်းချို၏ ယာဘက်ပခုံးတစ်ခုလုံးမှာ ညိုမည်းနေသည်ကို တွေ့ရသည်။

ညိုမည်းသောအရောင်များသည် အပေါ်သို့ မျက်နှာတစ်ခုလုံး အောက်သို့ ခါးအထိ ကူးစက်လာသည်ကို တွေ့ရလေ၏။

အမည်းဆုံးနေရာ၌ အသားထဲသို့ စူးဝင်သွားသော လက်သည်းရာ ငါးခုအား တွေ့မြင်လိုက်သည်။

ဝမ်စိန်ကြည်သည် ဖားပြုပ်ဖြူကို နှိုက်ထုတ်လိုက်၏။

ဖားပြုပ်ဖြူ၏ပါးစပ်ဖြင့် လက်သည်းရာကို တေ့ပေးလိုက်သည်။

ဖားပြုပ်ဖြူသည် အသေဖြစ်သော်လည်း အဆိပ်များကို စုပ်ယူနိုင်သော သတ္တိရှိရာ တစ်ခဏအကြာတွင် သွေးဖြူနေသော ဖားပြုပ်ဖြူ၏တစ်ကိုယ်လုံး အမည်းရောင်သို့ သမ်းလာ၏။

ဝူးတာနန်က ...

"သူ့ကို အရက်ထဲမှာ စိမ်လိုက်ရင် စုပ်ယူထားတဲ့ အဆိပ်များ ပြန်ထွက်လာနိုင်ပါတယ်"

ဝင်ချင်းချင်းက ပန်းကန်ကြီးတစ်လုံးဖြင့် အရက်များငှဲ့၍ယူလာသည်။

ဝမ်စိန်ကြည်က ဖားပြုပ်ဖြူအား အရက်ထဲသို့ စိမ်လိုက်ရာ ဖားပြုပ်ဖြူပါးစပ်ထဲမှ အမည်းရည်များသည် ပြန်လည်စီးဆင်းကျလာသည်။

အရက်ရည်များသည် မင်ရည်ကဲ့သို့ မည်းနက်သွားသည်။

ဖားပြုပ်ဖြူမှာ ပြန်လည်ဖြူဖွေးသွားသည်။

ဤသို့မျှ သုံးလေးကြိမ်မျှပြုလုပ်ပြီးနောက် ထိန်ချင်းချို၏ ခန္ဓာကိုယ်ပေါ်တွင် ညိုမည်းနေသော အရောင်များသည် ပျောက်ကွယ်သွားသည်။

ဝမ်စိန်ကြည်သည် ထိန်ချင်းချို၏ သွေးကြောများကို တွန်းအားပေးလိုက်ပြန်၏။



ထို့နောက် သက်ပြင်းရှည်တစ်ချက်ချလိုက်၏။

"ကဲ ...အသက်အန္တရာယ်မရှိတော့ပါဘူး၊ အိပ်ရေးဝအောင်အိပ်ပါစေ"

သူသည် ဝင်ချင်းချင်းနှင့်အတူ အခန်းထဲမှ ထွက်လာကြ၏။

ဆားထင်းကန်းတို့လူစုသည် ယခုမှပင် သက်မချနိုင်ပြီး ဟုန်းစိန်ဟိုက်အား စောင့်ကြည့်ရန် မှာကြားပြီး အခန်းထဲမှပေါ့ပါးစွာ ထွက်လာကြလေတော့သည်။

နောက်တစ်နေ့ ...။

ညနေ ...။

ထိန်ချင်ချိုသည် ပကတိကောင်းမွန်လာသည်။

သူ့၏ခုတင်ရှေ့တွင် ဝမ်စိန်ကြည်နှင့် ဝင်ချင်းချင်းက ထိုင်နေ၏။

ဆားထင်းကန်းနှင့် ဝူးတာနန်တို့မှာ သူ၏ယာဘက်တွင်ထိုင်နေလေသည်။

ဟုန်းစိန်ဟိုက်နှင့် ဆွံ့အတို့သည် သူ၏ဘယ်ဘက်၌ ထိုင်နေ၏။

သူတို့သည် ထိန်ချင်းချို အဆိပ်မိလာသည့်အကြောင်းများကို စိတ်ဝင်စားစွာ နားထောင်နေကြ၏။

ထိန်ချင်းချိုက ချောင်းတစ်ချက်ဟန့်လိုက်သည်။

ထို့နောက် အနည်းငယ်စဉ်းစားပြီး ပြန်လည်ပြောပြလိုက်သည်။

"လွန်ခဲ့တဲ့ ညနေတုန်းကပေါ့ ..."

■ ❁ ■

# အနက်ရောင်အင်္ကျီနှင့်ဘွားဘွား

ထိန်ချင်းချိုသည် အိမ်သို့ပြန်ရန် ဂေဟာတစ်ခုရှေ့သို့ဖြတ်၍ လျှောက်ခဲ့၏။

ထိုနေရာတွင် ဆူဆူညံညံအသံများ ကြားလိုက်ရသည်။ သူသည် သိုင်းသမားတစ်ယောက်ပီပီ စူးစမ်းလိုသောစိတ်ဆန္ဒများ ဖြစ်ပေါ် လာသဖြင့် ဝင်ရောက်ကြည့်ရှုသည်။

အလွန်ထွားကျိုင်းသော လူတစ်ယောက်သည် ပိန်ပိန်ပါးပါး ရှိသော လူငယ်တစ်ယောက်အား ရိုက်နှက်နေခြင်း ဖြစ်၏။

ထိုနေရာတွင် ပဲပြားများ ပြန့်ကြဲနေ၏။

ထိန်ချင်းချိုက ဝင်ရောက်မေးမြန်းသည်။

"ဘာဖြစ်နေကြတာလဲဗျ"

လူအုပ်ထဲမှ လူတစ်ယောက်က အဖြေပေးသည်။

"ပဲပြားသည်က ဟိုလူကြီးကို မတော်တဆတိုက်မိလို့ ဟိုလူက အင်္ကျီပေသွားတယ်ဆိုပြီး ရိုက်နေတာ"

ထိန်ချင်းချိုက ထိုလူကြီးမှာ မတရားမှန်း သိလိုက်သည်။

သို့သော် သူသည် ပြဿနာမဖြစ်လိုပေ။

"အို…သူ့အင်္ကျီက ဘယ်လောက်တန်ဖိုးရှိလို့လဲ၊ ကျုပ် လျော်ပေးပါ့မယ်ဗျ"

သူသည် ပြောရင်း ထိုလူကြီးအား ဟန့်တားလိုက်သည်။

"သနားပါတယ်ဗျာ၊ သူ့ကို မရိုက်ပါနဲ့၊ ခင်ဗျားအင်္ကျီ ပေသွားတာကို ကျုပ်က လျော်ပါ့မယ်"

ထိုလူကြီးက သူ့အားလှည့်ကြည့်လိုက်၏။

"ခင်ဗျား လျော်နိုင်လို့လား"

"ခင်ဗျားအင်္ကျီဖိုး ဘယ်လောက်လျော်ရမှာလဲ"

"ငွေနှစ်ဆယ်"

ငွေနှစ်ဆယ်က အလွန်များသည်။ အင်္ကျီတန်ဖိုးမှာ နှစ်ကျပ်ပင် မကျပါ။

သို့သော် ရှိစေတော့။

လူငယ့်အပေါ် သနားသဖြင့် …

သူသည် အင်္ကျီအိတ်သို့ လက်နှိုက်လိုက်၏။

ထိုအချိန်မှာပင် …

တစ်စုံတစ်ယောက်က သူ့လက်ကောက်ဝတ်အား ရုတ်တရက် ဖမ်းဆုပ်ထားလိုက်သည်။



ရူးခနဲခံစားလိုက်ရသောကြောင့် ထိန်ချင်းချိုက လုပ်ကြံခြင်းခံလိုက်ရသည်ကို နားလည်လိုက်၏။

သူသည် နောက်သို့လှည့်ကြည့်လိုက်သောအခါ အနက်ရောင်အင်္ကျီဝတ်ဆင်ထားသော အဘွားအိုတစ်ယောက်က သူ့အား ပြုံးဖြီးဖြီးဖြင့် ကြည့်နေသည်ကို တွေ့မြင်လိုက်ရ၏။

■ ❁ ■

ဝမ်စိန်ကြည် မျက်မှောင်ကုတ်လိုက်၏။

"ဒီအဘွားကြီးကို ခင်ဗျားသိလား"

မသိဘူး၊ တစ်ခါမှလဲ မမြင်ဖူးဘူး"

"သူက ဘယ်ဂိုဏ်းဘယ်အဖွဲ့လဲဆိုတာ အကဲမခတ်မိဘူးလား"

"သူကတော့ စုတ်စုတ်ပြတ်ပြတ် ဝတ်ထားတယ်၊ ခေတ်ပန်းဂိုဏ်းက ဖြစ်နိုင်တယ်"

"ခင်ဗျားကော ခေတ်ပန်းဂိုဏ်းကလူတွေနဲ့ ရန်ငြိုးရှိဖူးခဲ့သေးလား"

"မရှိပါဘူး"

ထိန်ချင်းချို၏ အဖြစ်အပျက်များကို ကြားပြီးသောအခါ အားလုံးက အမျိုးမျိုး ဝေဖန်ကြည်ကုန်သည်။

သို့သော် မည်သူကမှ တိတိကျကျ မပြောနိုင်ကြပါချေ။

ဆားထင်းကန်း ထရပ်လိုက်၏။

"ကဲ ... ခင်ဗျား အိမ်မှာပဲအနားယူနေ၊ ကျုပ်တို့ လူဖြန့်ပြီး စုံစမ်းပါ့မယ်"

နောက်တစ်နေ့နံနက် ...။

နေပြည်တော် ထောက်လှမ်းရေးမှူးကထပ်မံရောက်ရှိလာသည်။

ဝမ်စိန်ကြည်သည် မတွေ့လိုသဖြင့် ဆားထင်းကန်းက ညှိခံရလေသည်။

"ကျုပ်တို့ ဘဏ္ဍာတော် ငွေတိုက်ထဲမှာ ငွေသုံးထောင် အခိုးခံရပြန်ပြီဗျ၊ ကူညီပြီး သူခိုးကို ဝိုင်းဖမ်းပေးပါဦး"

ထောက်လှမ်းရေးမှူး ထန်းထိစိမ်းက ခရီးရောက်မဆိုက် သူ၏ ဒုက္ခကို ပြောပြီး အကူအညီတောင်းလိုက်လေသည်။

"ဟုတ်ကဲ့ ...၊ ကျုပ်တို့ အတတ်နိုင်ဆုံး ကူညီပါ့မယ်"

ဆားထင်းကန်းက မရေမရာ နှစ်သိမ့်စကားပြောလိုက်၏။

သူသည် စကားပြောရင်း အနက်ရောင်အင်္ကျီဝတ်ဆင်ထားသော အဘွားအိုအကြောင်းများကို စကားစပ်မိ၍ ပြောပြလိုက်သည်။

"ကျုပ် ကူပြီးစုံစမ်းပေးပါ့မယ်"

ထန်းထိစိမ်းသည် ယင်းသို့ ကတိပေးပြီး ပြန်သွားလေသည်။



နောက်တစ်နေ့ ...။

နံနက် ...။

ထန်းထိစိမ်း ရောက်လာပြန်လေသည်။

ဆားထင်းကန်းက ထွက်တွေ့၏။

ထန်းထိစိမ်းက ...

"ခင်ဗျားသိတဲ့ အဘွားအိုကို ကျုပ်စုံစမ်းလို့တွေ့ပြီဗျ"

ဆားထင်းကန်းသည် မမျှော်လင့်ဘဲ အဘွားအိုအား လျင်လျင်မြန်မြန်တွေ့လိုက်ရသဖြင့် ထန်းထိစိမ်း၏ အရည်အချင်းကို ချီးကျူးမိလေသည်။

"ဟုတ်လား၊ သူ့ကို ဘယ်မှာတွေ့သလဲ၊ ဘယ်ဂိုဏ်းကလဲ"

သူသည် တစ်ဆက်တည်းမေးလိုက်သည်။

ထန်းထိစိမ်းသည် ပြောမပြပါ။

"ခင်ဗျားတို့ အစ်ကိုကြီးကိုခေါ်လိုက်ပါ၊ ဆွေးနွေးရင်း ပြောပြတာပေါ့"

ဆားထင်းကန်းသည် ဝမ်စိန်ကြည်ထံသို့ ပြန်လည်ပြောပြ၏။

ဝမ်စိန်ကြည် မျက်မှောင်ကုတ်သွားသည်။

"သူက အကျပ်ကိုင်တာလား၊ မျက်နှာလိုမျက်နှာရ လုပ်ချင်လို့လား"

ဆားထင်းကန်းက ပြုံးလိုက်သည်။

"နှစ်ခုစလုံး ဆိုပါတော့"

ဝမ်စိန်ကြည်က ထန်းထိစိမ်းနှင့် တွေ့ဆုံလိုက်ရလေသည်။

■ ◉ ■

## မြို့စားဂေဟာ

"သူတောင်းစားအဘွားအိုကို ခင်ဗျားတွေ့ခဲ့တယ် ဟုတ်လား"

"ဟုတ်ကဲ့"

"သူက ဘယ်သူလဲ၊ ဘယ်မှာနေသလဲ"

"သူက မြို့စားကြီးဝိန်ရဲ့ဂေဟာမှာရှိပါတယ"

"ခင်ဗျား ဘယ်လိုလုပ် သိသလဲ"

"ကျုပ်က စုံစမ်းရင်း သူ့ကိုတွေ့တယ်၊ သူ့နောက်ကနေ တိတ်တဆိတ် လိုက်သွားတော့ ဝိန်မြို့စားကြီးဂေဟာထဲကို ဝင်ပြီး ပျောက်ကွယ်သွားတာကို တွေ့လိုက်လို့ပါ"

ဝမ်စိန်ကြည် အံ့ဩသွားသည်။

"မဖြစ်နိုင်တာ ...၊ ဝိန်မြို့စားက ဒီလိုအဘွားအိုနဲ့ ပူးပေါင်းပါ့မလား"

"ကျုပ်ကိုယ်တိုင် တွေ့ခဲ့တာကို ပြောပြတာပါ၊ ဖြစ်နိုင်မဖြစ်နိုင်ဆိုတာ ကျုပ်လဲမသိဘူး"

ဝမ်စိန်ကြည် အနည်းငယ် စဉ်းစားလိုက်၏။

"တော်ကြာ ကျုပ်ကို လိုက်ပြနိုင်ပါ့မလား"

"ဘာကိုလဲ ..."

ဝိန်မြို့စားကြီး ဂေဟာ"

"ဟုတ်ကဲ့ ...၊ လိုက်ပို့ပေးပါ့မယ်၊ ဒါပေမယ့် ..."

ဝမ်စိန်ကြည်က လက်ကာ၍ ဟန့်တားလိုက်သည်။

"ကျုပ်ကို ဂေဟာအနီးမှာ ထားခဲ့ပါ၊ ကျန်တာကျုပ်ဆက်လုပ်ပါ့မယ်"

ထန်းထိစိမ်းက ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီခင်ဗျာ"

■ ❁ ■

မြို့ပြင်သို့ ခုနစ်မိုင်ခန့် အကွာသို့ ရောက်ရှိလာသောအခါ အနက်ရောင် ခြယ်သထားသော အုတ်တံတိုင်းအား တွေ့မြင်လိုက်လေသည်။

ထန်းထိစိမ်းက ထိုအုတ်တံတိုင်းအား ညွှန်ပြ၏။

"အဲဒါပဲ ဝိန်မြို့စားဂေဟာဆိုတာ ..."

ဝမ်စိန်ကြည် မျက်မှောင်ကုတ်သွား၏။

"အဘွားအို ဒီအထဲမှာ ရှိတယ်ဟုတ်လား"



"ဟုတ်ပါတယ်"

ဝမ်စိန်ကြည်က ထိန်ချင်းချိအား ပြုံးပြလိုက်သည်။

"တော်ကြာ ...အဘွားအိုကိုတွေ့ရင် ခေါင်းအေးအေးထားပါ၊ ဟန်မူရာကိုကြည့်ပြီးမှ လုပ်သင့်တာတွေ လုပ်ကြမယ်ဟုတ်လား"

ထိန်ချင်းချို ခေါင်းညိတ်ပြလိုက်သည်။

"ကျုပ် ကောင်းကောင်းနေမကောင်းသေးဘူး၊ အိမ်ပြန်ပြီးနားမယ်"

ဝမ်စိန်ကြည်က အံ့သြသွားလေသည်။

ထိန်ချင်းချိသည် ဤနေရာရောက်လာမှ အဘယ်ကြောင့်ပြန်ချင်သည်ကို စဉ်းစားမရဘဲ ဖြစ်နေ၏။

သူသည် ဟုန်စိန်ဟိုက်အား ပြန်ပို့စေလေ၏။

■ ❁ ■

## တံခါးမရှိသော ဂေဟာ

ဝမ်စိန်ကြည်တို့လူစုသည် အုတ်တံတိုင်းရှေ့သို့ ရောက်ရှိလာ၏။

သို့သော် တံခါးပေါက် ရှာမတွေ့ဘဲ ဖြစ်နေ၏။

ဝမ်စိန်ကြည် ထန်းထိစိမ်းဘက်သို့ လှည့်လိုက်သည်။

"တံခါးပေါက်လဲ မရှိပါလား"

"ဟုတ်ကဲ့ ...၊ တခါးပေါက်ကို မတွေ့ဘူးဗျ"

"တံခါးပေါက်မရှိရင် ဘယ်လိုအဝင်အထွက်လုပ်ကြသလဲ"

ထန်းထိစိမ်းက ပခုံးတစ်ချက်တွန့်လိုက်သည်။

"မြို့စားဂေဟာဆိုတာ ဘယ်သူမှ မမေးဝံ့ပါဘူး"

ထိုစဉ် ...

"ဂျိန်း ...ဂျိန်း ..."

ဟူသော အသံများ ထွက်ပေါ်လာသည်။



မည်းနက်သော အုတ်တံတိုင်း၏ တစ်နေရာတွင် တံခါးပေါက် တစ်ခု ပေါ်လာ၏။

တံခါးရွက်မှာ မည်းနက်ရောင်ရှိသော သံတံခါးဖြင့် ပြုလုပ်ထားသောကြောင့် ရုတ်တရက် မတွေ့မြင်လိုက်ရခြင်း ဖြစ်လေ၏။

ဝမ်စိန်ကြည် ကြည့်နေစဉ်မှာပင် ...

"တံခါးပေါက်မှ လူတစ်ယောက်ထွက်လာသည်ကို တွေ့ရ၏။

ထိုလူသည် ပိုးဖဲအင်္ကျီကို ဝတ်ဆင်ထားသော်လည်း အင်္ကျီပေါ်၌ အဝတ်ငယ်များဖြင့် ဖာထေးထားသည်ကို တွေ့ရလေ၏။

ဝမ်စိန်ကြည်၊ ဝင်ချင်းချင်းနှင့် ထန်းထိစိမ်းတို့သည် ထိုလူအား တွေ့မြင်လိုက်သည်နှင့် အံ့အားသင့်ကုန်ကြလေသည်။

ထိုလူမှာ တစ်နေ့က မြွေငယ်ကလေးအား ဖမ်းနေသော သူတောင်းစားပင် ဖြစ်နေ၏။

ထိုလူသည် ဝမ်စိန်ကြည်အား မျက်လုံးပြူးပြလိုက်သည်။

"ခင်ဗျားကိုး ...၊ ကျုပ်ကို အရက်တိုက်ခဲ့တာ မှတ်မိပါသေးတယ်ဗျာ၊ ဒီတစ်ခါတော့ ကျုပ်ဧည့်ခံပါရစေ၊ ဘယ့်နှယ်လဲ"

ဝမ်စိန်ကြည် ပြုံးလိုက်သည်။

"ကောင်းတာပေါ့ဗျာ၊ နှောင့်ယှက်ရာများ ကျနေမလား"

ထိုသူက စကားမပြောတော့ဘဲ တံခါးပေါက်အား ပြလိုက်လေ၏။

"ကြွပါခင်ဗျာ"

ဝမ်စိန်ကြည်တို့လူစုသည် တံခါးပေါက်ထဲသို့ ဝင်ရောက်သွားကြသည်။

# ကင်းမြီးကောက် ဟင်းလျာ

အုတ်တံတိုင်းထဲသို့ ဝင်ရောက်လိုက်သည်နှင့် အနီရောင်ခြယ်သထားသော အုတ်တံတိုင်းတစ်ခု ထပ်မံတွေ့ရှိရသည်။

တံခါးမှာ အနီရောင်ခြယ်ထားသောကြောင့် ရုတ်တရက်ကြည့်လိုက်လျှင် တံခါးမရှိဟု ထင်မှားမည်သာ ဖြစ်သည်။

အနီရောင် အုတ်တံတိုင်းထဲသို့ ရောက်ရှိလာသည်နှင့် ဧည့်ခန်းတစ်ခုအား တွေ့မြင်လိုက်ရသည်။

သူတောင်းစားသည် ဝမ်စိန်ကြည်တို့အား နေရာထိုင်ခင်းပေးပြီးနောက် ...

"ထမင်းဟင်းအသင့်ပြင် ..."

သူသည် ယင်းသို့အော်ပြောလိုက်သည်နှင့် အနီရောင် အဝတ်အစားများ ဝတ်ဆင်ထားသော လူငယ်များသည် ဟင်းလျာများ၊ ထမင်းများ၊ အရက်အိုးများ စသည်တို့ကို ယူဆောင်လာကြသည်။

သူတောင်းစားက ဟင်းလျာများအား ညွှန်ပြလိုက်သည်။

"အားမနာပါနဲ့…၊ အားရပါးရစားကြပါဗျာ"

ဝမ်စိန်ကြည်တို့လူစုသည် ဟင်းလျာများကို လုံးဝမနှိုက်ကြပေ။

အကြောင်းမှာ ဟင်းလျာများမှာ ပိုးမွှားများဖြင့် ချက်ပြုတ်ထားခြင်းဖြစ်သည်ကို တွေ့ရှိရသည်။

"ဟား…ဟား…ဟား…"

သူတောင်းစားက ရယ်မောလိုက်၏။

"ဘယ်လိုလဲဗျာ၊ မစားဝံ့ဘူးမှတ်လား"

သူသည် တူဖြင့် ဟင်းလျာကိုညှပ်ယူလိုက်ရာ ထိပ် မည်းပြီးကစ်ကိုယ်လုံး နီရဲသော ကင်းမြီးကောက်တစ်ကောင် ပါလာသည်။

သူသည် ပါးစပ်ထဲသို့ ထည့်လိုက်ပြီး မြိန်ယှက်စွာဖြင့် ဝါးစားနေသည်။

ဝင်ချင်းချင်းသည် မအော့အန်မိရန် ထိန်းထားလိုက်ရလေသည်။

သူမသည် မျက်နှာလွှဲထားလိုက်၏။

ဝမ်စိန်ကြည်တို့က မစားဝံ့ကြဘဲ ထိုင်နေရ၏။

သူတောင်းစား ကျေနပ်သွားသည်။

သူသည် ထန်းထိစိမ်းအား ကြည့်လိုက်၏။

"မင်းက မင်းမှုထမ်းဆိုတော့ ပျောက်ဆုံးသွားတဲ့ငွေကို လာတောင်းတာ ထင်တယ်"



သူသည် နှာခေါင်းရှုံ့လိုက်၏။

"ဟင်…ငါဘယ်သူဆိုတာ သိသလား"

"မသိပါဘူးဗျာ၊ နာမည်ကို ကျေးဇူးပြုပြီး ပြောပြပါဗျာ"

"ဟား…ဟား…ဟား…"

သူတောင်းစားသည် ပိုးကောင်တစ်ကောင် ထပ်မံစားလိုက်ပြီး အရက်တစ်ခွက်ကို မော့ချလိုက်၏။

"ကျုပ်က ချီယင်းဟောက်ပါ"

ထန်းထိစိမ်း ထိတ်လန့်တုန်လှုပ်သွားသည်။

"ဗျာ…ခင်ဗျားက ပိုးအကျိနဲ့ အဆိပ်သူတောင်းစား ဟုတ်လား"

"ဟုတ်ပ…၊ ဟုတ်ပ"

"ခင်ဗျားတို့ဂိုဏ်းက ယင်းနန်နယ်မှာပဲ ရှိတယ်လို့ကြားဖူးတယ်၊ ဘယ်တုန်းက နေပြည်တော်ကို ရောက်လာတာလဲ"

"သိပ်မကြာသေးပါဘူး၊ သုံးလေးလလောက်ပဲရှိပါသေးတယ်"

"ကျုပ်တော့ မင်းမှုထမ်းကနေ အနားယူလိုက်လို့ ဘာသတင်းမှ မကြားရတာ ကြာပြီ"

"အခု ကြားပြီးပြီမဟုတ်လား"

"ဟုတ်ကဲ့"

"ဒါဖြင့် ကျုပ်တို့ လိုအပ်တာတွေကို ကူညီဖို့ အစီအစဉ်ရှိသလား"

"ကျုပ်တို့ ဘာတွေကူညီရမှာလဲ"

"ဒီကနေ့အထိ ကျုပ်တို့ငွေစုစုပေါင်း ကိုးထောင်ငါးရာ ရရှိပါပြီ၊ အမှန်လိုနေတာက တစ်သိန်းပါ"

"ဟုတ်ကဲ့ ...၊ ဒါဆို သက်ဆိုင်ရာအကြောင်းကြားပေးပါ့မယ်၊ ကျုပ်က အထက်ကို အစီရင်ခံရဦးမှာမို့ သွားခွင့်ပြုပါ"

ချီယင်းဟောက်က မျက်လုံးပြူးပြလိုက်သည်။

"မင်းက ဘဏ္ဍာငွေ ကျုပ်ဆီရောက်နေတယ်ဆိုတာ သိထားပြီပဲ၊ ဒီဂေဟာကနေ အသက်ရှင်ပြီးထွက်သွားဖို့ စိတ်ကူးသေးသလား"

သူ၏စကားကြောင့် အခြေအနေသည် တင်းမာလာသည်။

■ ❁ ■

ဝင်ချင်းချင်းက ပြန်လည်တုံ့ပြန်ရန် ပါးစပ်ဟလိုက်လေသည်။

ရုတ်တရက် စူးရှသောအသံတစ်ခု ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ထိုစူးရှသော အသံသည် ၎က်ဆိုးထိုးသံသဖွယ် ကြောက်မက်ဖွယ်ရာကောင်းလှပေသည်။

ဝင်ချင်းချင်း ကျောချမ်းသွားသည်။

သူမသည် ဝမ်စိန်ကြည်၏လက်ကို ဆွဲထားမိသည်။

ချီယင်းဟောက် ကမန်းကတန်း ထရပ်လိုက်၏။



"ဂိုဏ်းချုပ်ကြီး ရုံးထိုင်နေပြီ၊ သူ့ရဲ့အဆုံးအဖြတ်ကို အားလုံးက လိုက်နာကြရပါမယ်၊ ကိုယ့်ကံကြမ္မာ ကိုယ် နာခံပေတော့"

ထန်းထိစိမ်း ထိတ်လန့်တုန်လှုပ်သွားသည်။

"ခင်ဗျားတို့ဂိုဏ်းချုပ်လဲ ရောက်နေတယ် ဟုတ်လား"

ချီယင်းဟောက်က အဖြေမပေးဘဲ အတွင်းဘက်သို့ လျှောက်သွားလေသည်။

ထန်းထိစိမ်း စိုးရိမ်ပူပန်သွားသည်။

"တို့ မြန်မြန်ပြေးမှ အသက်ချမ်းသာမယ် ထင်တယ်"

ဆားထင်းကန်းတို့သည် ကမန်းကတန်း နောက်သို့ လှည့်ပြန်ရန် ခြေလှမ်းလှမ်းလိုက်သည်။

ထိုစဉ် သူတို့နောက်တွင် ...

"ဂျိမ်း ..."

ဟူသောအသံ ကြားလိုက်ရသည်၊

ညှော်ခန်းတံခါးမှာ ပိတ်သွားတော့သည်။

■ ❁ ■

အခန်းတံခါး ပိတ်သွားသောကြောင့် ...

အခန်းတစ်ခုလုံး မှောင်မည်းသွားလေသည်။

ထိုစဉ်မှာပင် စူးရှသောအသံ ထပ်မံထွက်ပေါ်လာပြန်လေသည်။

ဆားထင်းကန်းနှင့် ထန်းထိစိမ်းတို့သည် အတွေ့အကြုံရင့်ကျက်သော သိုင်းသမားများ ဖြစ်ကြသော်လည်း စူးရှသောအသံကြောင့် ထိတ်လန့်တုန်လှုပ်သွားကြသည်။

ထိုစဉ် စူးရှသောအနံ့ ထွက်ပေါ်လာသည်။

ညော်ခန်း၏အတွင်းဘက်မှ တံခါးတစ်ချပ် ပွင့်သွားသည်။

မီးရောင်အောက်တွင် အနက်ရောင် ဝတ်ဆင်ထားသော လူငယ်တစ်ယောက် ထွက်ပေါ်လာပြီး အနည်းငယ် ဦးညွှတ်လိုက်သည်။

"ဂိုဏ်းချုပ်ကြီး ရုံးထိုင်နေပါပြီ၊ အားလုံး ကြွကြပါ"

ဝမ်စိန်ကြည်တို့သည် ဂိုဏ်းချုပ်ဆိုသူအား စူးစမ်းလိုက်သော စိတ်ဆန္ဒ ဖြစ်ပေါ်လာသည်။

သူတို့သည် လူငယ်ခေါ်ဆောင်ရာသို့ လိုက်ပါသွားသည်။

■ ○ ■

ရှည်လျားလှသော စင်္ကြံလမ်းတစ်ခုမှ လျှောက်သွားပြီးနောက် အလွန်ကျယ်ဝန်းသော လမ်းတစ်ခုသို့ ရောက်ရှိလာသည်။

လမ်းပြသောလူငယ်သည် ထိုလမ်းကျယ်အတိုင်း လျှောက်သွားသည်။

လမ်းဆုံးသွားသည်နှင့် အလွန်လှပသော အဆောက်အဦတစ်ခုကို တွေ့မြင်လိုက်ရသည်။



လမ်းပြသောလူငယ်သည် အဆောက်အဦရှေ့တွင် ခြေလှမ်းကို ရပ်တန့်လိုက်၏။

ချီယင်းဟောက်က ဝမ်စိန်ကြည်အား ခေါင်းညိတ်ပြပြီး ဝင်သွားလေ၏။

ဝမ်စိန်ကြည်တို့လူစုသည် တန်းစီ၍ အဆောက်အဦထဲသို့ ဝင်ရောက်သွားကြ၏။

သူတို့သည် ခန်းမကြီးတစ်ခုလုံး ဝေ့ကြည့်လိုက်ရာ ခန်းမ၏ ဝဲယာတစ်ဖက်တစ်ချက်တွင် အနက်ရောင်များ ဝတ်ဆင်ထားသော လူများ၊ ရောင်စုံအင်္ကျီများ ဝတ်ဆင်ထားသောလူငယ်များ ဆိတ်ငြိမ်စွာ ရပ်နေသည်ကို တွေ့လိုက်ရ၏။

ဝင်ချင်းချင်းက ထိုလူများအား ရေတွက်ကြည့်လိုက်၏။

စုစုပေါင်း ဆယ့်ခြောက်ယောက် ရှိ၏။

ထိုစဉ်မှာပင် အသက်နှစ်ဆယ်ခန့်ရှိသော မိန်းကလေးတစ်ယောက် ထွက်ပေါ်လာပြီး ...

"ဂိုဏ်းချုပ်ကြီး ကြွရောက်လာပါပြီ"

ဟု ကြေညာလိုက်သည်။

ဝမ်စိန်ကြည်တို့သည် ဂိုဏ်းချုပ်ဆိုသူမှာ အလွန်ကြမ်းတမ်းသော လူတစ်ယောက်ဖြစ်ရမည်ဟု ယူဆထားကြသည်။

သို့သော် တကယ်ထွက်လာသူမှာ အသက်နှစ်ဆယ်ကျော်ခန့်

ရှိသော မိန်းကလေးတစ်ယောက် ဖြစ်နေသည်ကို တွေ့ရသဖြင့် အံ့သြသွားလေသည်။

မိန်းကလေးက ဝမ်စိန်ကြည်အား လှမ်းကြည့်လိုက်သည်။

"နာမည်ပြောပါ"

ဝမ်စိန်ကြည်က ...

"ဝမ်စိန်ကြည်ပါ"

သူသည် ဆားထင်းကန်းတို့လူစုအား ညွှန်ပြလိုက်သည်။

"သူတို့ကတော့ ကျုပ်ရဲ့ မိတ်ဆွေတွေပါ"

မိန်းကလေးက ပြုံးလိုက်လေသည်။

"ကျွန်မနာမည်က ဟိုတိနိုလို့ ခေါ်ပါတယ်"

ဝမ်စိန်ကြည်က ရင်ထိတ်သွားသည်။

ထန်းထိစိမ်းက အသံတိုးတိုးဖြင့် ...

"သူပေါ့ အဆိပ်ဂိုဏ်းရဲ့ ဂိုဏ်းချုပ်ဆိုတာ"

ဟိုတိနိုက ဝမ်စိန်ကြည်အား ကြည့်လိုက်လေသည်။

"ရှင်က ဘဏ္ဍာတော်ငွေကို ပြန်တောင်းဖို့ လိုက်လာတယ် ဟုတ်လား"

ဝမ်စိန်ကြည်က ခေါင်းခါယမ်းလိုက်၏။

"မဟုတ်ဘူး"

ဟိုတိနိုက မျက်မှောင်ကုတ်သွားသည်။



"ဒါဖြင့် ...ရှင်က ဘာကိစ္စနဲ့ လာကြတာလဲ"

ဝမ်စိန်ကြည်က ကျုပ်ရဲ့မိတ်ဆွေတစ်ယောက်ကို ခင်ဗျားတို့က ဘာကြောင့်အဆိပ်ခတ်လိုက်တယ်ဆိုတာ သိချင်လို့ရောက်လာတာပါ"

ဟိုတိနို ရယ်မောလိုက်သည်။

"ဪ ...ရှင်က ထိန်ချင်းချိုရဲ့ မိတ်ဆွေကိုး"

ဝမ်စိန်ကြည် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ခင်ဗျာ"

ဟိုတိနိုက ...

"ဒါနဲ့ ချီယင်းဟောက်ပြောတော့ ရှင့်ဆီမှာ အလွန်အစွမ်းထက်တဲ့ ဖားပြုပ်ဖြူတစ်ကောင်ရှိတယ်ဆိုတာ ဟုတ်ရဲ့လားရှင့်"

ဝမ်စိန်ကြည် ခေါင်းညိတ်လိုက်သည်။

"ဟုပ်ပါတယ်ခင်ဗျာ"

ဟိုတိနိုက ပြုံးလိုက်သည်။

"အဲဒီဖားပြုပ်ဖြူကို ခဏပြပါလားရှင်"

ဝမ်စိန်ကြည်သည် ဟိုတိနိုကို စိတ်မချ၍ ဖားပြုပ်ဖြူကို ထုတ်ယူကာ မြှောက်ပြလိုက်လေသည်။

"ဟောဒီမှာကြည့်ပါဗျာ"

ဟိုတိနို မျက်မှောင်ကုတ်သွားသည်။

"ရှင့်ရဲ့ ဖားပြုပ်ဖြူဟာ အသေကောင်ကြီးပါလား"

ဝမ်စိန်ကြည် ပြုံးပြလိုက်သည်။

"ဒီဖားပြုပ်ဖြူကို အထင်မသေးပါနဲ့၊ အဆိပ်အားလုံးကိုနိုင်ပါတယ်"

ဟိုတိနို ပြုံးလိုက်သည်။

သူမသည် စားပွဲပေါ်မှ အသင့်ထားရှိသော သံပြွန်ကို ယူလိုက်ပြီး အဖုံးဖွင့်လိုက်သည်။

ရွှေအဆင်းနှင့်မြွေကလေးတစ်ကောင်သည် စားပွဲပေါ်၌ ခွေ၍ခေါင်းထောင်နေ၏။

ဟိုတိနိုက ပြုံးလိုက်သည်။

"ရှင့်ရဲ့ ဖားပြုပ်ဖြူက ကျုပ်ရဲ့ရွှေအဆင်းမြွေကို နိုင်ပါ့မလား"

ဝင်ချင်းချင်းက အသံတိုးတိုးဖြင့် ...

"ဒီမြွေကို ကျွန်မ လိုချင်တယ်"

ဝမ်စိန်ကြည်က မျက်မှောင်ကုတ်သွားသည်။

"သူက ပေးပါ့မလား"

ထိုအချိန်မှာပင် အဘွားအိုတစ်ယောက်သည် ခန်းမထဲသို့ ဝင်ရောက်လာလေသည်။

ထိုအဘွားအိုမှာ အနက်ရောင်အင်္ကျီ ဝတ်ဆင်ထားသဖြင့် ထိန်ချင်းချိအား အလစ်တိုက်ကိုက်သော အဘွားအိုဖြစ်သည်ကို ဝမ်စိန်ကြည်က နားလည်လိုက်သည်။



ထိုအဘွားအိုသည် ဟိုတိနိုအား အရိုအသေပြုပြီးသည့်နောက် ဟိုတိနို၏ ဘက်ဘက်တွင် ရပ်တန့်လိုက်၏။

ဝင်ချင်းချင်းသည် ထိုအဘွားအိုကို စိုက်ကြည့်လိုက်သည်။

အဘွားအိုကလည်း ဝင်ချင်းချင်းအား စိုက်ကြည့်နေ၏။

အတန်ကြာသွားသောအခါမှ အဘွားအိုက ဝင်ချင်းချင်းထံသို့ လျှောက်လာသည်။

"ညည်းက မြွေစားရှင်နဲ့ ဘယ်လိုပတ်သက်သလဲ"

ဝင်ချင်းချင်း ရင်ထိတ်သွားသည်။

သူမသည် နောက်သို့ ဆုတ်လိုက်ရင်း ...

"ရှင်က ဘာလုပ်မလို့လဲ"

အဘွားအိုက ...

"ကျုပ် သိချင်လို့ပေါ့"

ဝင်ချင်းချင်းက ရင်ကော့လိုက်သည်။

"မြွေစားရှင်က ကျွန်မရဲ့ ဖခင်ပါ"

"ဟား ...ဟား ...ဟား ..."

အဘွားအိုက ရယ်မောလိုက်သည်။

သူမ၏ရယ်မောသံသည် ကြောက်မက်ဖွယ်ရာကောင်းလှပေသည်။

သူမသည် ရယ်မောရာမှ ရပ်တန့်လိုက်သည်။

"မြေခြားရှင်က ညည်းလိုရင်သွေးတစ်ယောက် ကျန်ခဲ့တာကိုး"

ဝင်ချင်းချင်းသည် ဒေါခြောင်းခြောင်း ထွက်သွားလေသည်။

"ဒီမှာ ...ရှင်တို့လူကြီးတွေပါ၊ စကားကြည့်ပြော ..."

အဘွားအိုက ဝင်ချင်းချင်းထံသို့ ချဉ်းကပ်လာသည်။

"ပြောစမ်း ...၊ သူဘယ်မှာလဲ"

ဝင်ချင်းချင်း မဲ့ပြုံးပြုံးလိုက်သည်။

"ကျွန်မ ဘာဖြစ်လို့ ပြောရမှာလဲ"

အဘွားအိုက တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

"မပြောရင် ကျုပ်အဆိုးမဆိုနဲ့"

သူမကပြောပြီး ဝင်ချင်းချင်းအား တိုက်ခိုက်သည်။

သူမ၏ရှည်လျားပြီး ချွန်ထက်သော လက်သည်းများသည် ဝင်ချင်းချင်း၏ လည်ပင်းရှိရာသို့ ကုတ်ချသည်။

ဝမ်စိန်ကြည်က လက်တစ်ဖက်ဖြင့် တွန်းထုတ်လိုက်ရာ အဘွားအိုသည် နောက်သို့ ကျွမ်းတစ်ပစ်၍ ရှောင်တိမ်း၏။

တစ်ဆက်တည်းမှာပင် ဝဲယာတစ်ဖက်တစ်ချက်တွင် ရပ်နေသော လူများသည် ဝမ်စိန်ကြည်နှင့် ဝင်ချင်းချင်းအား ပြင်းထန်စွာ တိုက်ခိုက်သည်။

အခြေအနေသည် ရှုပ်ထွေးသွား၏။

ဂိုဏ်းချုပ်ဂိုတိခိုက မျက်မှောင်ကုတ်သွားသည်။



သူမသည် လက်ညှိုးကိုကွေးလိုက်ပြီး ပါးစပ်ထဲသို့ သွင်း၍ မှုတ်သည်။

"ရှီ ..."

အသံများ ထွက်ပေါ်လာသည်။

တိုက်ခိုက်နေသောအဘွားအိုနှင့် သူမ၏လူများသည် လျင်မြန်စွာ နောက်ဆုတ်သွားကြသည်။

ထို့နောက် မိမိနေရာသို့ ပြန်လည်ရောက်ရှိသွား၏။

ဟိုတိခိုက ဝမ်စိန်ကြည်အား ပြုံးပြလိုက်သည်။

"ရှင့်ရဲ့သိုင်းပညာက တော်တော့်ကို တော်ပါတယ်၊ ကျွန်မနဲ့ တစ်ကွက်နှစ်ကွက်လောက် ယှဉ်ပြိုင်ရအောင်"

ဝမ်စိန်ကြည်က သက်ပြင်းချလိုက်သည်။

"ကျုပ်လိုလူနဲ့ ခင်ဗျားတို့ဂိုဏ်းနဲ့ ဘယ်လိုများရန်ငြိုးရှိခဲ့ကြပါသလဲခင်ဗျာ"

ဂိုတိခိုက မျက်မှောင်ကုတ်သွားသည်။

"အမှန်ပြောရမယ်ဆိုရင် ကျွန်မနဲ့ ရှင်တို့လူတွေနဲ့ ဘာရန်ငြိုးမှ မရှိပါဘူး၊ ဒါပေမယ့် မမျှော်လင့်ဘဲ မြေခြားရှင်ကိစ္စနဲ့ ပတ်သက်လာတဲ့အတွက် မြေခြားရှင် ဘယ်မှာရှိလဲဆိုတာ သိချင်လို့ပါ"

ဝင်ချင်းချင်းက အသံတိုးတိုးဖြင့် ...

"ပြောမပြပါနဲ့ ..."

ဝမ်စိန်ကြည်က ...

"နေပါဦး၊ ဂိုဏ်းချုပ်ကြီးက မြွေစားရှင်နဲ့ သိကျွမ်းခဲ့ကြတယ် ဟုတ်လား"

ဟိုတိနိုက ...

"ကျွန်မအဖေဟာ သူ့ကြောင့်သေဆုံးသွားပါတယ်၊ ဒါကြောင့် ကျွန်မတို့ဂိုဏ်းသားနှစ်သောင်းကျော်က သူ့ကိုအလွန်တွေ့ချင်နေပါတယ်"

ဝမ်စိန်ကြည်က သက်ပြင်းချလိုက်သည်။

"ခင်ဗျားတို့ အပင်ပန်းမခံပါနဲ့တော့၊ သူ့ကို ဘယ်တော့မှ ရှာတွေ့မှာမဟုတ်တော့ဘူး"

ဟိုတိနိုက ...

"ဒီလိုဆိုရင် မြွေစားရှင်က လူ့လောကမှာ မရှိတော့ဘူးပေါ့ ဟုတ်လား"

ဝမ်စိန်ကြည်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

ဟိုတိနိုက ...

"ဒီလိုဆိုရင် သူ့ရဲ့သားကို ထားခဲ့ပါရှင်"

ဝင်ချင်းချင်းမှာ ယောက်ျားလေးကဲ့သို့ ဝင်ဆင်ထားသဖြင့် ဂိုတိနိုက ဝင်ချင်းချင်းအား ယောက်ျားကလေးဟု ထင်မှတ်ထားလေသည်။



ဝမ်စိန်ကြည်က ခေါင်းခါယမ်းလိုက်သည်။

"ခင်ဗျားတို့ မဟုတ်သေးဘူးထင်တယ်၊ အဖေရဲ့ကိစ္စကို သား သမီးနဲ့ လုံးဝမပတ်ဘူးလို့ ထင်ပါတယ်"

ဟိုတိနိုက ပြုံးပြလိုက်သည်။

"ဘာပဲဖြစ်ဖြစ် သူ့ကိုထားခဲ့ပြီး ရှင်တို့အားလုံး အေးအေး ဆေးဆေး သွားနိုင်ပါပြီရှင်"

ဝမ်စိန်ကြည်သည် ဟိုတိနို အလိုရှိနေသူမှာ ဝင်ချင်းချင်း တစ်ယောက်တည်း ဖြစ်သည်ကို နားလည်လိုက်သည်။

ထို့ကြောင့် သူသည် ဝင်ချင်းချင်းလွတ်မြောက်စေရန် ကြံစည်နေ၏။

သူသည် ယင်းသို့ဆင်ခြင်ပြီးနောက် ...

ရုတ်တရက် သူသည် ဝင်ချင်းချင်းအား မွေ့ချီလိုက်ပြီး အုတ်တံတိုင်းရှိရာသို့ ပြေးလွှားသွားလေသည်။

အဘွားအိုနှင့် ဂိုဏ်းသားများတို့သည် ပြေးလွှားလိုက်လာကြ၏။

အုတ်တံတိုင်းအနီးသို့ ရောက်ရှိလာသည်နှင့် သူသည် ဝင်ချင်းချင်း၏ ခန္ဓာကိုယ်အား လက်နှစ်ဖက်ဖြင့် ပစ်တင်လိုက်လေသည်။

"သတိထား"

ဝင်ချင်းချင်းက အုတ်တံတိုင်းထိပ်သို့ ရောက်ရှိသွားသည်။

ထိုစဉ်မှာပင် ဟိုတိခိုက ရောက်ရှိလာသည်။

သူမသည် လက်ထဲမှ သံကွင်းတစ်ခုဖြင့် ဝင်ချင်းချင်းထံသို့ ပစ်သွားလိုက်သည်။

ဝင်ချင်းချင်း ထိတ်လန့်သွားလေသည်။

သူမသည် အပြင်ဘက်သို့ ခုန်ချမည်အပြုတွင် သံကွင်းကလေးက သူမ၏ ဘယ်ဘက်ခြေထောက်ကို ထိမှန်သွားသည်။

ဝင်ချင်းချင်းသည် ဘယ်ဘက်ခြေထောက်တစ်ခုလုံး နာကျင်သွားသဖြင့် နောက်သို့ ပက်လက်၍ထိုးကျသွားသည်။

အဘွားအိုသည် ဝင်ချင်းချင်း ပြန်ကျလာသည်ကိုတွေ့ရသဖြင့် သူမသည် ပြေးလွှားသွားပြီး လက်ချောင်းဆယ်ချောင်းဖြင့် တိုက်ခိုက်လိုက်သည်။

ဝမ်စိန်ကြည်သည် အိတ်ထဲမှ ကြေးစေ့ကိုနှိုက်လိုက်ပြီး ပစ်လွှင့်လိုက်ရာ ...

အဘွားအိုသည် နောက်သို့ဆုတ်သွားရသည်။

ဟိုတိခိုက မဲ့ပြုံးပြုံးလိုက်သည်။

"သူ့ရဲ့သိုင်းပညာ ဘယ်ဆိုးလို့တုန်း"

သူမကပြောပြီး ဝမ်စိန်ကြည်အား တိုက်ခိုက်လိုက်သည်။

ဝမ်စိန်ကြည်သည် ဟိုတိခို၏သိုင်းပညာမှာ မိမိတွေ့ကြုံခဲ့ရသောပြိုင်ဘက်များအနက် အဆင့်အမြင့်ဆုံးဖြစ်သည်ကို တွေ့ရှိရသည်။



ထို့ကြောင့် သူသည် ဟိုတိခိုအား အထင်မသေးဝံ့တော့ဘဲ သတိကြီးစွာဖြင့် တိုက်ခိုက်လိုက်သည်။

သို့သော် အင်အားချင်းမှာ အလွန်ကွာဟနေသည်။

ထို့အပြင် အဆိပ်ဂိုဏ်းသားများတို့သည် အဆိပ်များကို အသုံးပြုလာမည်ဟု စိုးရိမ်သဖြင့် ...

ဝမ်စိန်ကြည်က တိုက်ခိုက်ရာမှ ခုန်ထွက်လိုက်ပြီး ...

"အားလုံး ဆုတ်ကြ"

ဟု အမိန့်ပေးလိုက်သည်။

ထိုစဉ် ဆွံ့အက ဒဏ်ရာရနေသော ဝင်ချင်းချင်းအား မွေ့ထုလိုက်ပြီး ပန်းပေါ်ထမ်းကာ လာလမ်းအတိုင်း ပြန်လည်ပြေးလွှားသွားတော့သည်။

ဂိုဏ်သားများတို့သည် ထက်ကြပ်မကွာ လိုက်လာကြသော်လည်း ဝမ်စိန်ကြည်နှင့် ဆားထင်းကန်းတို့က လက်နက်ပုန်းများဖြင့် ပစ်လွှတ်တိုက်ခိုက်ကြသောကြောင့် ဂိုဏ်းသားများသည် အရှိရပ်တန့်သွားကြလေသည်။

ဝမ်စိန်ကြည်တို့သည် ခုခံတိုက်ခိုက်ရင်း ထိုဂေဟာမှ ထွက်ခွာလာကြတော့၏။

■ ❁ ■

ဝမ်စိန်ကြည်တို့သည် မြို့စားဂေဟာ၏ အပြင်ဘက်သို့ရောက်ရှိလာသောအခါ အဆိပ်ငိုက်ဆားသားများ လုံးဝလိုက်လာသည်ကို မတွေ့ရတော့သဖြင့် စိတ်သက်သာရာရသွား၏။

သူတို့သည် အေးဆေးစွာဖြင့် သူတို့အိမ်ဂေဟာသို့ ပြန်လည်ရောက်ရှိလာကြ၏။

ဝမ်စိန်ကြည်မှလွဲ၍ ဝင်ချင်းချင်း၏ ခြေထောက်မှာ ယောင်ကိုင်းပြီး ကျန်ရှိသောလူများ လက်နှစ်ဖက်စလုံး ယောင်ကိုင်း၍ ညိုမည်းနေသည်ကို တွေ့ရ၏။

ဝမ်စိန်ကြည်က ဖားပြုပ်ဖြင့် အဆိပ်များကို စုပ်ယူလိုက်တော့မှ သက်သာရာရသွား၏။

ထိန်ချင်းချိုက စိတ်မကောင်းဖြစ်နေ၏။

သူသည် ဆားထင်းကန်းအပေါ် အားတုံ့အားနာဖြစ်နေသည်၊

"ကျုပ်ကလှည့်ပြန်လာတာကို ခင်ဗျားစိတ်ထဲ သံသယဖြစ်နေမှာပဲနော်"

ဆားထင်းကန်း ပြုံးလိုက်သည်။

"ခင်ဗျားအကြောင်း မသိရင်ခက်မယ်၊ သေရမှာကြောက်လို့ မဟုတ်ဘူးဆိုတာလဲ ယုံကြည်တယ်"

"ဟုတ်ပါတယ်၊ ကျုပ်မှာ ဝိန်မြို့စားဂေဟာနဲ့ပတ်သက်ပြီး ဘယ်သူ့ကိုမှ သူတို့အကြောင်း မပြောရဘူးလို့ ကတိပေးခဲ့လို့ပါ"



ဆားထင်းကန်းက ရယ်မောလိုက်သည်။

"ကျုပ်က မေးနေလို့လားဗျာ"

သူသည် ထိန်ချင်းချို၏ပခုံးအား ပုတ်လိုက်သည်။

"ဒီအတွက်နဲ့ပတ်သက်ပြီး စိတ်မကောင်းမဖြစ်ပါနဲ့"

ထိုစဉ်မှာပင် မိန်းကလေးတစ်ယောက် ပြေးလွှားရောက်လာတော့သည်။

■ ○ ■

## ဓားမြှောင်

မိန်းကလေး အိမ်ထဲသို့ဝင်ရောက်လာသည်နှင့် ဝမ်စိန်ကြည်ရှေ့တွင် ဒူးထောက်၍ ငိုကြွေးလေတော့၏။

ဝင်ချင်းချင်းက အံ့သြစွာ ကြည့်လိုက်သည်။

"ဟင် ...ဘယ်လိုဖြစ်တာလဲ"

ဝမ်စိန်ကြည်က ထိုမိန်းကလေးအား ကြည့်လိုက်ရာ ကျောက်ကုန်းလေ၏သံမီး ကျောက်ဝမ်းအော့ ဖြစ်နေသည်ကို တွေ့ရလေသည်။

"မင်း ...မင်း ...ဘယ်လိုဖြစ်လာတာလဲ"

ဝင်ချင်းချင်းက ကျောက်ဝမ်းအော့အား ဖေးထူလိုက်လေသည်။

"ဘာတွေဖြစ်လာတယ်ဆိုတာလဲ ပြောဦးမှပေါ့"

ကျောက်ဝမ်းအော့က မျက်ရည်များသုတ်လိုက်သည်။

"ကျွန်မအဖေ သေသွားပြီ"



ဝမ်စိန်ကြည် အံ့သြသွားလေသည်။

"ဟင် ...ဘယ်လိုဖြစ်တာလဲ၊ သူက ကျန်းကျန်းမာမာရှိတယ်မဟုတ်လား"

"သူ ....သူ့ကို လူယုတ်မာက သတ်သွားတာ"

"ဗျာ ..."

"ဟင် ..."

"အို ..."

ဝမ်စိန်ကြည်၊ ဝင်ချင်းချင်း၊ ထိန်ချင်းချို၊ ဆားထင်းကန်းတို့က အံ့သြကုန်ကြလေသည်။

အတန်ကြာမှ ဝမ်စိန်ကြည်က ဆက်မေးလိုက်သည်။

"လူသတ်တရားခံက ဘယ်သူလဲ"

"မွန်ကျူးမာပါ"

ထိန်ချင်းချိုက ထခုန်မတတ် အံ့သြသွားသည်။

"သူ ...သူက ယုတ်မာလှချည်လား"

ဆားထင်းကန်း မျက်မှောင်ကုတ်သွားသည်။

"ဒီလူက ကတိမတည်ဘူး"

ဝမ်စိန်ကြည်က ...

"မွန်ကျူးမာ သတ်တယ်ဆိုတာ မင်းကိုယ်တိုင်တွေ့ခဲ့တာလား"

"မဟုတ်ပါဘူး"

"ဒါဖြင့် ဘကြောင့် သူသတ်တယ်ဆိုတာပြောနိုင်တာလဲ"

ကျောက်ဝမ်းအော့သည် အထုပ်ကလေးတစ်ထုပ်ကို ဖြေလိုက်သည်။

ထို့နောက် အရောင်ဝင်းလက်တောက်ပနေသော ဓားမြှောင်တစ်လက် ထုတ်ယူလိုက်ပြီး ဝမ်စိန်ကြည်လက်ထဲသို့ ပေးအပ်လိုက်သည်။

ဝမ်စိန်ကြည်သည် ဓားမြှောင်အား သေချာစွာကြည့်လိုက်သည်၊

"ဝူတန်းဂိုဏ်းတပည့် မွန်ကျူးမာ"

ဟု ရေးသားထားသည်ကို တွေ့ရှိရသည်။

"ဒီဓားက ဘယ်ကရသလဲ"

"ကျွန်မ အပြင်က ပြန်လာတဲ့အခါမှာ ဖေဖေသေဆုံးနေတာကို တွေ့ရတယ်၊ သူ့ရဲ့ရင်ဘတ်ပေါ်မှာ ဒီဓားမြှောင်စိုက်နေတာကို တွေ့ရလို့ သက်သေအဖြစ် ယူလာခဲ့တာပါ"

ဆားထင်းကန်းသည် အံကိုတင်းတင်းကြိတ်လိုက်သည်။

"မွန်ကျူးမာ မင်းကို ငါ[illegible]မလွှတ်နိုင်ဘူး"

ဟု ကြုံးဝါးလိုက်လေသည်။

ထိန်ချင်းချိုက ...

"မွန်ကျူးမာ ဘယ်မှာရှိတယ်ဆိုတာ ငါတူမ သိလား"

ကျောက်ဝမ်းအော့က ခေါင်းညိတ်လိုက်သည်။



"ဟုတ်ကဲ့ ...ကျွန်မ သူ့ရဲ့သတင်းကိုစုံစမ်းရင်း အခု နေပြည်တော်မှာ ရောက်နေတယ်လို့ သိရပါတယ်"

ထိန်ချင်းချိုက ...

"သူ ဘယ်မှာနေတယ်ဆိုတာ သိသလား"

"ဟုတ်ကဲ့ ...၊ သူက မြို့အနောက်ဘက် ပုကျားလမ်းထဲမှာ တည်းခိုပါတယ်၊ အခု ကျွန်မတို့ ရွှေနဂါးဂိုဏ်းသား တစ်ရာကျော် ဝိုင်းထားပြီးပါပြီ၊ အစ်ကိုကြီးတို့လဲ ဒီမှာရှိတယ်လို့ သတင်းကြားတာနဲ့ လာပြီး အကူအညီတောင်းတာပါ"

ဝမ်စိန်ကြည်သည် ကျောက်ဝမ်းအော့၏ စေ့စပ်သေချာပုံကို သဘောကျသွားသည်။

သူသည် သက်ပြင်းချလိုက်သည်။

"မွန်ကျူးမာက ဝူတန်းဂိုဏ်းက အရေးပါအရာရောက်တဲ့လူ တစ်ယောက် ဖြစ်တယ်၊ ဒါကြောင့် ဒီကိစ္စဆောင်ရွက်တဲ့နေရာမှာ ဝူတန်းဂိုဏ်းကလူတွေ အပြစ်တင်စရာမရှိအောင် လုပ်မှဖြစ်မယ်"

ထိန်ချင်းချိုက ...

"ဝူတန်းဂိုဏ်းကတော့ အင်အားကြီးပါတယ်၊ ဒါပေမယ့် မတရားလုပ်တာကိုတော့ ခေါင်းငုံ့မခံနိုင်ဘူး"

ဝမ်စိန်ကြည် ပြုံးလိုက်၏။

"ဟုတ်ပါတယ်၊ ကျုပ်ဆိုလိုတာက ကျုပ်တို့ဟာ ဝူတန်းဂိုဏ်း

ကို စော်ကားတာမဟုတ်ဘူး၊ လူသတ်တရားခံကိုဖမ်းတဲ့ သဘော လုပ်ရလိမ့်မယ်လို့ ပြောတာပါ"

ဆားထင်းကန်းက ...

"အစ်ကိုကြီးက ဘယ်လိုအစီအစဉ်ရှိသလဲ"

ဝမ်စိန်ကြည်က ...

"တို့ ခဏအနားယူပြီးမှ ပုကျားလမ်းလိုက်သွားပြီး အခြေ အနေကြည့်ကြတာပေါ့"

■ ❁ ■

ဝမ်စိန်ကြည်၊ ဆားထင်းကန်း၊ ထိန်ချင်းချို၊ ဟုန်းစိန်ဟိုက်၊ ဆွံ့အတို့သည် ကျောက်ဝမ်းအော့နှင့်အတူ ပုကျားလမ်းသို့ သွားကြ သည်။

ထန်းထိစီမ်းက သူ့အိမ်သို့ပြန်သွားသည်။

ဝင်ချင်းချင်းမှာမူ ခြေထောက်မှာ ကောင်းမွန်ခြင်းမရှိသေး သဖြင့် အိမ်ဂေဟာ၌ အနားယူရသည်။

ကျောက်ဝမ်းအော့သည် ပုကျားလမ်းထိပ်သို့ ရောက်ရှိလာ သည်နှင့် ရွှေနဂါးဂိုဏ်းမှ ဂိုဏ်းသားများက ထွက်၍ကြိုဆိုလိုက် သည်။

ကျောက်ဝမ်းအော့က ...



"သူတို့ ရှိသေးသလား"

"ဟုတ်ကဲ့၊ ရှိပါတယ်"

"တခြားလူကော ရှိသလား"

"ဟုတ်ကဲ့၊ တုံရှမ်းရသေ့လဲ ရောက်နေပါတယ်"

ကျောက်ဝမ်းအော့က ဝမ်စိန်ကြည်ဘက်သို့ လှည့်လိုက်၏။

"ကျွန်မတို့ ဝင်တိုက်ရတော့မလား"

ဝမ်စိန်ကြည်က ...

"နေပါဦး ...၊ တို့ငါးယောက်ဝင်ပြီး ရှင်းရှင်းလင်းလင်းပြော ပြပြီးမှ တိုက်ခိုက်ရင် ပိုပြီးမှန်ကန်ပါလိမ့်မယ်"

ကျောက်ဝမ်းအော့က သဘောတူလိုက်၏။

သူတို့သည် လမ်းထဲသို့ လှမ်းဝင်သွား၏။

■ ❁ ■

ဝမ်စိန်ကြည်တို့သည် လမ်းထဲသို့ လှမ်းဝင်လိုက်သည်နှင့် မွန်ကျူးမာ၏ အခန်းမှ မီးရောင်သည် ရုတ်တရက်ငြိမ်းသွား၏။

ကျောက်ဝမ်းအော့က အသံကျယ်လောင်စွာဖြင့် ...

"မွန်ကျူးမာ အပြင်ထွက်ခဲ့ပါ၊ ဒါမှမဟုတ်ရင် အိမ်ကိုမီးရှို့ ရပါလိမ့်မယ်"

သူမ၏ စကားဆုံးသွားသည်နှင့် တံခါးပွင့်သွား၏။

လှနှစ်ယောက်သည် အိမ်ထဲမှ ထွက်လာသည်။

မွန်ကျူးမာနှင့် ရသေ့တစ်ဦးဖြစ်သည်။

ထိုရသေ့သည် ဝူတန်းဂိုဏ်းမှ ပုဂ္ဂိုလ်တစ်ဦးဖြစ်သော တုံ့ရှမ်းပင် ဖြစ်သည်။

ရွှေနဂါးဂိုဏ်းသားတို့သည် မီးတုတ်များကိုင်ဆောင်လျက် မွန်ကျူးမာနှင့် တုံ့ရှမ်းတို့ ထွက်လာသည်ကို တွေ့မြင်လိုက်သည်နှင့် မပြောမဆိုဘဲ ဝင်ရောက်တိုက်ခိုက်လိုက်၏။

■ ❁ ■

ဝမ်စိန်ကြည်တို့လူစုသည် ရပ်၍ကြည့်နေကြ၏။

ကျောက်ဝမ်းအော့နှင့် ရွှေနဂါးဂိုဏ်းသားများမှာ တစ်ရာကျော် ရှိကြသည်။

သူတို့သည် မွန်ကျူးမာနှင့် တုံ့ရှမ်းတို့အား ဝိုင်း၍တိုက်ခိုက်ကြသည်။

မွန်ကျူးမာသည် ကျောက်ဝမ်းအော့အား တွေ့မြင်လိုက်ရသည်နှင့် ဒေါသကြီးစွာဖြင့် ...

"ဟေ့ ...ရွှေနဂါးဂိုဏ်းက ဘာကြောင့် ငါ့ကို တိုက်ခိုက်ရတာလဲ၊ မင်းတို့ဂိုဏ်းချုပ် ကျောက်ကုန်းလေ ဘယ်မှာလဲ၊ ထွက်ခဲ့စမ်းပါ"



"လူယုတ်မာ ...၊ ကျွန်မအဖေကို သတ်ပြီး မသိချင်ယောင်ဆောင်နေတယ်"

သူမသည် ပြောရင်း ဖိ၍တိုက်ခိုက်လိုက်၏။

မွန်ကျူးမာ တိုက်ခိုက်ရင်း ရပ်၍ကြည့်နေသော ဝမ်စိန်ကြည်အား မြင်တွေ့သွား၏။

"ဟေ့လူ ...ခင်ဗျား ဘာရပ်ကြည့်နေတာလဲ"

သို့သော် သူ၏အသံကို အသံဗလံများက လွှမ်းမိုးသွားသဖြင့် ဝမ်စိန်ကြည် မကြားလိုက်ပါ။

ဝမ်စိန်ကြည်သည် တုံ့ရှမ်းရသေ့အား ကြည့်နေခြင်းဖြစ်သည်။

ဤကိစ္စသည် တုံ့ရှမ်းနှင့် မည်သို့မျှမပတ်သက်သဖြင့် ရွှေနဂါးဂိုဏ်းသားတို့က တုံ့ရှမ်းအား ရော၍ သတ်မိသွားမည်ကို မကြည့်ရက်နိုင်ဘဲ ဖြစ်နေ၏။

ထို့ကြောင့် သူသည် တုံ့ရှမ်းအား ဤအရှုပ်အရှင်းမှ ဆွဲထုတ်ရန် ဆုံးဖြတ်လိုက်၏။

သူသည် ယင်းသို့ ဆုံးဖြတ်လိုက်သည်နှင့် တုံ့ရှမ်းထံသို့ လျှောက်သွားသည်။

ရွှေနဂါးဂိုဏ်းမှလူများသည် ဝမ်စိန်ကြည် ဝင်ရောက်တိုက်ခိုက်သည်ဟုထင်မှတ်ကာ နောက်သို့ဆုတ်သွားကြ၏။

တုံ့ရှမ်းကလည်း ဝမ်စိန်ကြည်အား အထင်လွဲနေ၏။

သူသည် ခပ်ယဲ့ယဲ့ပြုံးလိုက်၏။

"ခင်ဗျားကလဲ ဘာမဆိုင်ညာမဆိုင် ဝင်တိုက်ပေးတာကိုး"

သူသည် အလွန်ခံပြင်းစွာပြောပြီး ဝမ်စိန်ကြည်အား ဆီး၍ တိုက်ခိုက်လိုက်ခြင်း ဖြစ်၏။

ဝမ်စိန်ကြည် မတတ်နိုင်တော့ဘဲ ပြန်လည်တိုက်ခိုက်လိုက်လေသည်။

တုံ့ရှမ်းသည် ရွှေနဂါးဂိုဏ်းသားများနှင့် တိုက်ခိုက်ရာ၌ ဒဏ်ရာများရရှိခဲ့ရာ သူ၏တစ်ကိုယ်လုံးမှာ သွေးများ ချင်းချင်းနီနေ၏။

ယခုတစ်ဖန် ဝမ်စိန်ကြည်နှင့် သူသေကိုယ်သေပုံစံဖြင့် တိုက်ခိုက်လိုက်သောအခါ ရှုံးနေသောကျားတစ်ကောင်ပမာ အရှိန်အဟုန်ပြင်းထန်လှပေသည်။

သို့သော် ...

ဝမ်စိန်ကြည်က ခပ်အေးအေးပင် ပြန်လည်တိုက်ခိုက်နေသဖြင့် သိုင်းကွက်သုံးဆယ်ခန့်သို့ ရောက်ရှိလာလေသည်။

ထိုအခါ ...

"ချွမ်း ..."

တုံ့ရှမ်း၏ဓားသည် ထက်ပိုင်းကျိုးသွားသည်။

တုံ့ရှမ်း သက်ပြင်းချလိုက်၏။

"ငါ သေရမှာမကြောက်ပါဘူးကွ"



သူသည် ခါးမှဓားမြှောင်တစ်လက် ယူလိုက်၏။

သူ၏ဓားမြှောင်သည် ကျောက်ဝမ်းအော့ ယူဆောင်လာသော မွန်ကျူးမာ၏ ဓားမြှောင်နှင့် ပုံစံတူဖြစ်နေ၏။

ဝမ်စိန်ကြည်သည် ထိုဓားမြှောင်အားကြည့်ကာ စိတ်ထဲ၌ သံသယဖြစ်လာသည်။

ထိုစဉ် တုံ့ရှမ်းသည် သူ၏ဓားမြှောင်ဖြင့် သူ၏ဝမ်းဗိုက်သို့ ရုတ်တရက် ထိုးလိုက်သည်။

ဝမ်စိန်ကြည်က ကမန်းကတန်းဝင်ရောက်၍ လုယူလိုက်လေသည်။

သူသည် ထိုဓားမြှောင်အား သေသေချာချာကြည့်ရာ ဓားပေါ်၌ စာတန်းတစ်ခုအား တွေ့မြင်လိုက်ရသည်။

"ဂူတန်းဂိုဏ်းကပည့် တုံ့ရှမ်း"

ဟု ရေးသားထားသည်ကို တွေ့မြင်လိုက်ရသည်။

သူသည် ပို၍သံသယဖြစ်လာ၏။

တုံ့ရှမ်းမှာ ယခု သူ့အား နာကြည်းစွာဖြင့် ကြည့်နေလေသည်။

"ခင်ဗျား လွန်ပြီထင်တယ်၊ ကိုယ်ကရှုံးလို့ ကိုယ့်ကိုကိုယ်တောင် သတ်သေခွင့်မပေးတော့ဘူးလား"

ဝမ်စိန်ကြည် ခေါင်းခါယမ်းလိုက်၏။

"မဟုတ်ပါဘူးဗျာ၊ ဒီဓားမြှောင်ကိုတွေ့ရလို့ မွန်ကျူးမာမှာလဲ ဒီလိုဓားမျိုးရှိနေတာကို သတိရမိလို့ပါ"

တုံရှမ်း မဲ့ပြုံးပြုံးလိုက်၏။

"ဝူတန်းဂိုဏ်းရဲ့ ဂိုဏ်းချုပ်တပည့်မှန်သမျှ ဒီလိုဓားမြှောင်မျိုး တစ်လက်စီရှိကြပါတယ်"

"ဒီဓားမြှောင်ပေးရတဲ့ အဓိပ္ပာယ်က ဘာလဲဗျ"

"ရန်သူနဲ့ယှဉ်ပြိုင်တဲ့အခါမှာ ရှုံးရင် ကိုယ့်ကိုကိုယ်သတ်ဖို့ပါပဲ"

"သူများသတ်ဖို့ မဟုတ်လား"

"မဟုတ်ပါဘူး၊ ဒီဓားရဲ့နာမည်ကိုက အသက်ကိုရပ်စေတဲ့ ဓားလို့ ပေးထားပါတယ်"

ဝမ်စိန်ကြည် မျက်မှောင်ကုတ်သွား၏။

"ဒါဖြင့် ဒီဓားဟာ ကိုယ့်အသက်ကိုစွန့်ရတဲ့ဓား ဆိုပါတော့"

"ဟုတ်ပါတယ်"

ဝမ်စိန်ကြည်က ဓားမြှောင်ကို လက်နှစ်ဖက်ဖြင့် တုံရှမ်းအား လှမ်းပေးလိုက်သည်။

ပြီးနောက်

ကျောက်ဝမ်းအော့အား လှမ်းပြောလိုက်သည်။

"ကျောက်ဝမ်းအော့ ခဏရပ်ကြဦး"

ကျောက်ဝမ်းအော့နှင့် ရွှေနဂါးဂိုဏ်းသားတို့သည် မွန်ကျူးမာအား ဝိုင်းရံတိုက်ခိုက်လိုက်သောကြောင့် မွန်ကျူးမာ၏ တစ်ကိုယ်လုံး သွေးများ ခြင်းခြင်းနီရဲနေလေသည်။



ကျောက်ဝမ်းအော့သည် ဝမ်စိန်ကြည်၏စကားကို ကြားလိုက်ရသောအခါ တိုက်ခိုက်ရာမှ ရပ်တန့်လိုက်၏။

ရွှေနဂါးဂိုဏ်းသားများသည် ကျောက်ဝမ်းအော့က ရပ်တန့်သွားသည်ကို တွေ့ရသောအခါ သူတို့လည်း ရပ်တန့်လိုက်ကြလေ၏။

သို့သော် မွန်ကျူးမာနှင့် တုံရှမ်းတို့အား ထွက်မပြေးနိုင်ရန် ဝိုင်းရံထား၏။

ဝမ်စိန်ကြည်က မွန်ကျူးမာအား အကဲခတ်ကြည့်လိုက်၏။

"ကျောက်ကုန်းလေကို ခင်ဗျား သတ်လိုက်တာလား"

မွန်ကျူးမာ ခေါင်းခါယမ်း၏။

"ကျုပ်က ကတိတည်ပါတယ်ဗျာ၊ သူ့ကို ရန်မလုပ်တော့ပါဘူး"

ကျောက်ဝမ်းအော့က ဓားမြှောင်အား ထုတ်ပြ၏။

"ဒီဓားက ရှင့်ဓားမဟုတ်လား"

မွန်ကျူးမာ အံ့သြသွား၏။

"ဒီဓား ဘယ်ကရလာတာလဲ"

ကျောက်ဝမ်းအော့ မဲ့ပြုံးပြုံးလိုက်၏။

"မသိချင်ယောင်ဆောင်မနေပါနဲ့၊ ဒီဓားဟာ ကျွန်မဖခင်ရဲ့ ရင်ဘတ်မှာစိုက်ဝင်နေတာကို ကျွန်မက ယူလိုက်တာ"

မွန်ကျူးမာ၏ မျက်နှာတစ်ခုလုံး ကွက်ခနဲပျက်သွားလေသည်။

"အင်း... ဟုတ်ပါပြီ"

သူသည် သက်ပြင်းတစ်ချက်ချလိုက်၏။

မင်းအဖေကို ကျုပ်မသတ်တာအမှန်ပဲ"

ကျောက်ဝမ်းအော့က

"ရှင်လိမ်ပြောတာ"

မွန်ကျူးမာက ရင်ကော့လိုက်၏။

"ကျုပ်က သေရမှာမကြောက်ဘူး၊ လိမ်လဲမလိမ်ဘူး၊ မယုံရင် သတ်လိုက်"

ရှမ်းတုံက

ဒီမှာကလေးမ ကျုပ်တို့သေရတာ အရေးမကြီးဘူး၊ တော်ကြာ လူသတ်တရားခံအစစ်က မင်းကို ကြိတ်ပြီး လှောင်ရယ်နေမှာကို ကျုပ် မခံချင်လို့ပါ"

ကျောက်ဝမ်းအော့ တွေဝေသွား၏။

တုံရှမ်းက ဝမ်စိန်ကြည်အား

"ခင်ဗျားဟာ ဉာဏ်ပညာရှိတဲ့ လူတစ်ယောက်ပါ၊ ဒီကိစ္စ ပိုပြီး ရှင်းလင်းမှန်ကန်သွားရအောင် ကျုပ်နဲ့ လူတစ်ယောက်ဆီ လိုက်ခဲ့ပါလား"

ဝမ်စိန်ကြည်သည် မွန်ကျူးမာမှာ လူသတ်ကောင်မဟုတ်မှန်း တွေဝေလာ၏။



"ကောင်းပြီလေ ... ခင်ဗျားတို့အထောက်အထားပြနိုင်မယ်ဆို ရင် ကျုပ်လိုက်ပါ့မယ်"

■ ❂ ■

ဝမ်စိန်ကြည်သည် ကျောက်ဝမ်းအော့ဘက်သို့ လှည့်လိုက်သည်။

"ဒီကိစ္စမှာ အကြောင်းတစ်ခုခုရှိလိမ့်ဦးမယ်လို့ ငါယုံကြည် တယ်၊ မင်းသဘောက ဘယ်လိုလဲ"

ကျောက်ဝမ်းအော့သည် ဝမ်စိန်ကြည်အား အလွန်ယုံကြည် သည်။

သူမက ခေါင်းညိတ်လိုက်၏။

"အစ်ကိုကြီးသဘောပါပဲ"

ဝမ်စိန်ကြည် ခေါင်းညိတ်လိုက်၏။

"ဒါဖြင့် မင်းနဲ့ငါ နှစ်ယောက်တည်းပဲ လိုက်သွားမယ်"

ကျောက်ဝမ်းအော့က သူမ၏ မြွေနဂါးဂိုဏ်းသားများအား မိမိ တည်းခိုသောနေရာသို့ ပြန်ပြီး သတင်းစောင့်နားထောင်ရန် အမိန့်ပေး၏။

ကျောက်ကုန်းလေ သေဆုံးသွားပြီးနောက် ကျောက်ဝမ်းအော့ က ဖခင်ကိုယ်စား စီမံခန့်ခွဲသည်ကို မြွေနဂါးဂိုဏ်းသားအားလုံးက နာခံကြရ၏။

ထို့ကြောင့် ရွှေနဂါးဂိုဏ်းသားတို့သည် ပုကျားလမ်းကလေး ထဲမှ ထွက်ခွာသွားကြလေသည်။

■ ✿ ■

ဝမ်စိန်ကြည်သည် ဆားထင်းကန်းတို့လုစုအား အိမ်ပြန်ရန် မှာကြားပြီးနောက် ကျောက်ဝမ်းအော့နှင့်အတူ မွန်ကျူးမာနောက် သို့ လိုက်သွားကြလေ၏။

သူတို့သည် မြို့ပြင်သို့ရောက်ရှိသွားသောအခါ လဝန်းသည် ကောင်းကင်၏ အလယ်တွင် ရောက်ရှိနေပေပြီ။

မွန်ကျူးမာနှင့် တုံရှမ်းတို့သည် ဆက်၍လျှောက်သွားရာ မြို့နှင့်ငါးမိုင်ခန့်အကွာသို့ ရောက်ရှိလာသောအခါ သူတို့သည် တောင်ကုန်းတစ်ခုပေါ်သို့ တက်သွားကြလေသည်။

ဝမ်စိန်ကြည်နှင့် ကျောက်ဝမ်းအော့တို့က နောက်မှလိုက်၍ တက်သွားကြသည်။

လမ်းတစ်လျှောက်လုံးမှာ ကျောက်တုံးများ ပြန့်ကြဲနေသည် ကို တွေ့ရလေသည်။

အလွန်လွင်ခေါင်သော တောင်ကုန်းကလေးတစ်လုံး ဖြစ်သည်။

ကျောက်ဝမ်းအော့က လျှောက်ရင်း စိတ်ထဲ၌ သံသယဖြစ် လာလေသည်။



"မရောက်သေးဘူးလား"

ဟု လှမ်း၍မေးလိုက်၏။

တုံရှမ်းက ရှေ့သို့ညွှန်ပြလိုက်၏။

"ရောက်တော့မှာပါ၊ ရှေ့နားမှာပါပဲ"

ပြောပြောဆိုဆိုဖြင့် တောင်ကုန်းပေါ်သို့ ရောက်ရှိလာကြသည်။

မွန်ကျူးမာနှင့် တုံရှမ်းတို့သည် စုပုံနေသော ကျောက်တုံးပုံ၏ရှေ့သို့ ရောက်ရှိလာသောအခါ ခြေလှမ်းရပ်တန့်လိုက်၏။

ထို့နောက် ကျောက်တုံးများကို တစ်လုံးပြီးတစ်လုံး ဖယ်ရှား လိုက်၏။

ကျောက်တုံးများ အနည်းငယ်ဖယ်ရှားပြီးသောအခါ မည်းနက် နေသော ခေါင်းတစ်လုံးအား တွေ့မြင်လိုက်ရ၏။

ကျောက်ဝမ်းအော့က အလိုလိုကျောချမ်းသွား၏။

မွန်ကျူးမာက ကျောက်တုံးများ ဖယ်ရှားပေးပြီးနောက် တုံရှမ်း က လက်နှစ်ဖက်ဖြင့် ခေါင်း၏အဖုံးအား ဖွင့်လိုက်၏။

အဖုံးပွင့်သွားသည်နှင့် ခေါင်းထဲမှ လူသေကောင်တစ်လောင်း ရုတ်တရက်ထထိုင်လိုက်၏။

ကျောက်ဝမ်းအော့၏ ကျောပြင်တစ်ခုလုံး ချမ်းစိမ့်သွား၏။

သူမ၏နဖူးပေါ်၌ ချွေးသီးချွေးပေါက်များ စီးဆင်းကျလာသည်။

လူသေကောင်က တုံရှမ်းအား ပြစ်တင်သောလေသံဖြင့် ...

"မင်းက ဘာကြောင့်လူစိမ်းကို ခေါ်ခဲ့တာလဲ"

တုံ့ရှမ်းက ဦးညွှတ်လိုက်၏။

"လူစိမ်း မဟုတ်ပါဘူး၊ တစ်ယောက်က မြွေဓားရှင်ရဲ့တပည့်ပါ၊ နောက်တစ်ယောက်က ကျောက်ကုန်းလေရဲ့ သမီးပါ"

လူသေအလောင်းက ဝမ်စိန်ကြည်အား ...

"စိတ်မရှိပါနဲ့၊ ကျုပ်မှာ ဒဏ်ရာနဲ့ မထနိုင်လို့ပါ"

တုံ့ရှမ်းက မိတ်ဆက်ပေးလိုက်၏။

"သူကတော့ ဝူတန်းဂိုဏ်းရဲ့လက်ထောက်ဂိုဏ်းချုပ် ရွှေယင်းရသေ့ပါ၊ ဒဏ်ရာကပြင်းထန်လွန်းလို့ ဒီမှာလာပြီး ရှောင်တိမ်းပြီးကုနေတာပါ"

ဝမ်စိန်ကြည်နှင့် ကျောက်ဝမ်းအော့တို့က အရိုအသေပြုလိုက်ရသည်။

ရွှေယင်းရသေ့က ခေါင်းညိတ်လိုက်၏။

"ကျုပ်ဆရာ ဝမ်းမုရသေ့ မကွယ်လွန်မီ မြွေဓားရှင်နဲ့ ဓားပညာနဲ့ပတ်သက်ပြီး ဆွေးနွေးခဲ့ကြတယ်လို့ သိရတယ်ဗျ"

သူသည် ဝမ်စိန်ကြည်အား ပြုံးပြလိုက်၏။

"သူ အခုနေကောင်းသွားပြီလား"

ဝမ်စိန်ကြည် သက်ပြင်းချလိုက်၏။

"သူက လူ့လောကမှာ မရှိတော့ပါဘူးဗျာ"



ရွှေယင်းရသေ့သည် သက်ပြင်းရှည်တစ်ချက် ချလိုက်၏။

"အင်း ... မြွေဓားရှင်က မရှိတော့ဘူးဆိုရင် ကျုပ်ဆရာရဲ့ ဆွေးကြွေးလဲ ဆပ်ဖို့မလွယ်တော့ပါဘူး၊ လူယုတ်မာဟာ မော်ကြွားနိုင်ဦးမှာပေါ့"

တုံ့ရှမ်းသည် ရွှေနဂါးဂိုဏ်းက မွန်ကျူးမာအပေါ် အထင်လွဲသည့်ကိစ္စကို အတိုချုံး၍ အသံတိုးတိုးဖြင့် ပြောပြလိုက်၏။

ရွှေယင်းရသေ့က နားထောင်ရင်း ဒေါသထွက်လာ၏။

သူသည် လက်ဝါးဖြင့် ခေါင်းကိုရိုက်ချလိုက်ရာ ...

"ဝုန်း ..."

ခေါင်း၏ ထောင့်တစ်ထောင့် ပဲ့ကျသွားသည်။

ဝမ်စိန်ကြည် အံ့သြသွား၏။

ရွှေယင်းရသေ့၏ သိုင်းပညာမှာ တုံ့ရှမ်းထက် အဆပေါင်းများစွာ သာနေသည်ကို အကဲခတ်မိသည်။

သို့သော် အဘယ်ကြောင့် သူ၏ရန်သူအား သေချင်ဟန်ဆောင်သည်အထိ ကြောက်ရွံ့နေသည်ကို စဉ်းစား၍ မရဘဲဖြစ်နေ၏။

ရွှေယင်းရသေ့က ကျောက်ဝမ်းအော့အား ရှင်းပြလိုက်သည်။

"ကျုပ်တို့ဝူတန်းဂိုဏ်းဟာ တပည့်ဖြစ်သူက သိုင်းပညာ ဆုံးခန်းတိုင် အောင်မြင်ပြီးလို့ တောင်ပေါ်က ဆင်းတဲ့အခါမှာ ဆရာက ဓားမြှောင်တစ်လက်စီ ပေးတဲ့ ထုံးစံရှိပါတယ်"

သူသည် သက်ပြင်းရှည်ချ၍ စကားဆက်လိုက်၏။

"ကျုပ်က ဒီမှာလာပြီး ပုန်းရှောင်ရပေမယ့် လိမ်တော့မပြောတတ်ပါဘူး"

သူသည် ကျောက်ဝမ်းအော့ဘက်သို့ လှည့်၍ မေးလိုက်၏။

"ကျုပ်တို့က ဓားမြှောင်တစ်လက်စီပေးတဲ့ သဘောကို နားလည်ရဲ့လား"

ကျောက်ဝမ်းအော့က ခေါင်းခါယမ်းလိုက်သည်။

"မသိဘူး"

ဆွေယင်းရသေ့က

"ကျုပ်တို့ရဲ့ (၁၄)ကြိမ်မြောက် ဂိုဏ်းချုပ် ဖုရှမ်းရသေ့ဟာ ဓားပညာမှာ ပြိုင်ဘက်ကင်းသလောက် စိတ်ကတော့ သိပ်ထက်လွန်းတယ်၊ ဒါကြောင့် သူ့လက်ထက်မှာ လူအတော်များများသေဆုံးပြီး ရန်သူတွေ အလွန်များလာတယ်၊ နောက်ဆုံးတော့ ဂိုဏ်းအသီးသီးက ဓားသမားတွေနဲ့ ယန်စန်းတောင်ထိပ်ပေါ်မှာ တိုက်ကြတယ်၊ ဂိုဏ်းချုပ်က တစ်ဖက်ရန်သူ (၁၈)ယောက်ကို သတ်နိုင်ခဲ့ပေမယ့် သူလဲ ဒဏ်ရာပြင်းပြင်းထန်ထန် ရသွားတယ်၊ နောက်ဆုံးကိုယ့်ကိုကိုယ် ဓားမြှောင်နဲ့ သတ်သေသွားရရှာတယ်ကွယ့်"

ဆွေယင်းရသေ့သည် စိတ်ထိခိုက်စွာဖြင့် စကားဆက်လိုက်၏။

"ဒါကြောင့် (၁၅)ကြိမ်မြောက် ဂိုဏ်းချုပ်နေရာပြောင်းလဲလာတဲ့အခါမှာ အခုလို စည်းကမ်းချက်ထုတ်လိုက်ပါတယ်"



သူက မွန်ကျူးမာအား မေးလိုက်သည်။

"ဆရာက မင်းကို ဓားမြှောင်ပေးစဉ်တုန်းက ဘယ်လိုဩဝါဒပေးခဲ့သလဲ"

တုံ့ရှမ်းက လေးနက်စွာဖြင့်

"သတ်ဖြတ်မှုကိုရှောင်ပါ၊ ဓားကို အသက်နဲ့ထပ်တူထားပါ၊ ရန်သူကို မနိုင်တဲ့အခါ ရန်သူရဲ့ စော်ကားမခံဘဲ ကိုယ့်ကိုကိုယ်သတ်ပါ"

ဆွေယင်းရသေ့က ဝမ်စိန်ကြည်နှင့် ကျောက်ဝမ်းအော့ထံသို့ လှည့်လိုက်သည်။

"ကျုပ်တို့ဂိုဏ်းက တပည့်သားတွေဟာ ဘယ်လိုပဲဖြစ်ဖြစ် ဒီဓားနဲ့တော့ လူမသတ်ဘူးဆိုတာ ယုံပြီမဟုတ်လား"

ဝမ်စိန်ကြည်က

"ဒါဖြင့် ဒီဓားမြှောင်တွေဟာ မသတ်ဖို့ သတိပေးတဲ့သဘောပေါ့ ဟုတ်လား"

ဆွေယင်းရသေ့က

"ဟုတ်ပါတယ်၊ ကျုပ်တို့ဂူတန်းဂိုဏ်းက (၁၅)ကြိမ်မြောက် ဂိုဏ်းချုပ်လက်ထက် ရောက်လာတဲ့အခါမှာ အားလုံး မမှားရလေအောင် ဘယ်လောက်ပဲအပြစ်ကြီးကြီး မသတ်ရဘူးလို့ ဆုံးမထားပါတယ်"

သူသည် စကားဆက်လိုက်သည်၊

"ဒါကြောင့် မွန်ကျူးမာက ဒီဓားမြှောင်နဲ့ လူသတ်တာတောင် ဒီဓားကို ထားခဲ့ဖွံ့မှာ မဟုတ်ဘူးဆိုတာ ကျုပ်ပြောရဲပါတယ်"

ဝမ်စိန်ကြည်နှင့် ကျောက်ဝမ်းအောင်က ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေသည်။

ဇွေယင်းရသေ့သည် ခေါင်းထဲမှ စာတစ်စောင်ထုတ်ယူလိုက်သည်။

သူသည် ထိုစာကို ကျောက်ဝမ်းအောင်အား ပေးလိုက်သည်။

"ဒီစာကိုဖတ်လိုက်ရင် ပိုပြီးရှင်းသွားပါလိမ့်မယ်"

ကျောက်ဝမ်းအောင်က ဝမ်စိန်ကြည်အား ကြည့်လိုက်သည်။

ဝမ်စိန်ကြည်က ခေါင်းညိတ်ပြလိုက်ရာ

ကျောက်ဝမ်းအောင်က စာကိုယူ၍ ဖတ်ရှုလိုက်သည်။

စာအိတ်ပေါ်၌

"အစ်ကိုကြီး ဇွေယင်းထံ အလျင်အမြန်ပို့ပေးရန်"

မွန်ကျူးမာ

ဟု ရေးသားထားသည်ကိုတွေ့ရသဖြင့် မွန်ကျူးမာက ဇွေယင်းရသေ့ထံ ပေးပို့သော စာဖြစ်ကြောင်း သိလိုက်ရသည်။

သူမသည် စာအိတ်ထဲမှ စာရွက်ထုတ်၍ ဖတ်လိုက်ပြန်သည်။

ယင်းစာရွက်သည် ဖန်မြို့၌ရှိနေသော ထုရှုံတည်းခိုခန်း၏ နေရပ်လိပ်စာ ရေးသားထားသည်ကို တွေ့ရပြန်၏။



ထိုစာရွက်သည် ဖန်မြို့တွင်ရှိသော ထုရှုံတည်းခိုခန်းမှ အသုံးပြုသော စာရွက်ဖြစ်သည်ကို သိလိုက်ရ၏။

ရေးသားထားသော လက်ရေးမှာ ကွေ့ကွေ့ကောက်ကောက်ဖြစ်နေ၏။

အစ်ကိုကြီးဇွေယင်း ...

ကျောက်ကုန်းလေ ကိစ္စမှာ အထင်လွဲခြင်းဖြစ်သည်ကို နားလည်လိုက်ပါပြီ၊ ဒါကြောင့် ကလဲ့စားချေဖို့ ဖျက်လိုက်ပါပြီ၊ ဒါပေမယ့် ကျွန်တော့်ရဲ့ ဆောင်ထားသော ဓားမြှောင်မှာ ညကအနိုးခံလိုက်ရတယ်၊ သူ့ကို ရှာမတွေ့ရင် အစ်ကိုကြီးထံ မပြန်ရဲတော့ဘူး။

မွန်ကျူးမာ

ကျောက်ဝမ်းအောင်သည် ထိုစာကိုဖတ်ပြီး ဝမ်စိန်ကြည်အား ကြည့်လိုက်သည်။

"ခင်ဗျား ချိကြူးမြို့ကို မရောက်ဘူးလား"

မွန်ကျူးမာ ခေါင်းခါယမ်းလိုက်သည်။

"ကျုပ် ချိကြူးမြို့ကို တစ်ခါမှ မရောက်ဖူးပါဘူး"

ဝမ်စိန်ကြည်သည် ကျောက်ဝမ်းအောင်အား ကြည့်လိုက်သည်။

"ဒီလိုဆို မွန်ကျူးမာ မသတ်ဘူးဆိုတာ ထင်ရှားနေပါပြီ"

ကျောက်ဝမ်းအောင်သည် မိမိအထင်မှားနေသည်ကို နားလည်လိုက်လေသည်။

သူမသည် မွန်ကျူးမာရှေ့သို့ ဒူးထောက်လိုက်၏။

"ကျွန်မ မှားသွားပါတယ်၊ လွန်တာရှိရင် တောင်းပန်ပါတယ်ရှင်"

ရွှေယင်းရသေ့က ခေါင်းညိတ်လိုက်၏။

"ကျုပ် အသက်မသေဘူးဆိုရင် လူသတ်တရားခံကို ကူပြီးရှာပေးပါ့မယ်"

ကျောက်ဝမ်းအော့သည် ကျေးဇူးတင်စကားပြောပြီး မွန်ကျူးမာ၏ ဓားမြှောင်ကို ပြန်ပေးလိုက်လေသည်။

မွန်ကျူးမာ ဝမ်းသာသွားသည်။

"ကျုပ်လဲ အတတ်နိုင်ဆုံး ကူညီပါ့မယ်"

ဝမ်စိန်ကြည် လက်နှစ်ဖက်ဆုပ်လိုက်သည်။

"ဒါဖြင့် ကျုပ်တို့ကို သွားခွင့်ပြုပါ"

သူသည် ကျောက်ဝမ်းအော့နှင့်အတူ ထိုနေရာမှ ထွက်ခွာသွားလေ၏။

တုံရှမ်းက လှမ်း၍ဟန့်တားလိုက်သည်။

"ခဏနေပါဦးဗျာ"

ဝမ်စိန်ကြည် ပြန်လှည့်လိုက်သည်။

"ပြောပါခင်ဗျာ"

တုံရှမ်းက



"ကျုပ်တို့ ဒီမှာရှိတဲ့အကြောင်း ကျေးဇူးပြုပြီး ဘယ်သူ့ကိုမှ မပြောပါနဲ့ဗျာ"

ဝမ်စိန်ကြည်က ခေါင်းညိတ်လိုက်သည်။

"စိတ်ချပါ၊ ကျုပ်မပြောပါဘူးလို့ ကတိပေးပါတယ်"

တုံရှမ်းက

"ကျေးဇူးတင်ပါတယ်"

ဝမ်စိန်ကြည် မျက်မှောင်ကုတ်သွားသည်။

"ခင်ဗျားတို့ရဲ့ အခက်အခဲကို ကျုပ် ကူညီချင်ပါတယ်ဗျာ၊ လက်ခံပါလား"

ရွှေယင်းရသေ့က ပြုံးလိုက်သည်။

"ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် အလွန်အန္တရာယ်များတဲ့ ကိစ္စဖြစ်လို့ အကူအညီမတောင်းလိုပါဘူးဗျာ"

ဝမ်စိန်ကြည်သည် ရွှေယင်းရသေ့၏ စိတ်နေသဘောထားကို အလွန်သဘောကျသွားလေသည်။

"ဘာပဲဖြစ်ဖြစ် ခင်ဗျားတို့လိုအပ်မယ်ဆိုရင် ငွေဆို လိုသလောက် ပြောပါ၊ လူအင်အားဆိုရင် စာတစ်စောင်ပို့လိုက်ပါ၊ ကျုပ်တို့ နယ်ခုနစ်နယ်ကလူတွေ အားဖြည့်ပေးပါလိမ့်မယ်"

ရွှေယင်းရသေ့သည် ဝမ်စိန်ကြည်၏စကား ကြားလိုက်ရသောအခါ စိတ်ခတ်တက်ကြွလာသည်။

သူသည် သက်ပြင်းရှည်တစ်ချက် ချလိုက်သည်။

"ခင်ဗျားရဲ့ ယိုင်းပင်းကူညီတဲ့စိတ်ကို လေးစားပါတယ်ဗျာ၊ ကဲ... ထိုင်ကြပါဗျာ"

သူသည် တုံရှမ်းဘက်သို့ လှည့်လိုက်သည်။

"မင်း ပြောပြလိုက်ပါ"

တုံရှမ်းသည် ဝမ်စိန်ကြည်အား ကျောက်တုံးကြီးနှစ်တုံး ရွှေ့ပေးလိုက်ပြီး ထိုင်စေလေသည်။

သူသည် ချွေယင်းရသေ့ရှေ့တွင် ထိုင်ချလိုက်သည်။

"အကြောင်းက ဝါးမှုရသေ့အကြောင်းကနေစပြီး ပြောပြရပါလိမ့်မယ်"

သူသည် ယင်းသို့စကားချီပြီး စကားဆက်လိုက်၏။

■ ❁ ■

ဂိုဏ်းချုပ်ကြီး ဝါးမှုရသေ့သည် သွားလာလည်ပတ်ခြင်းကို ဝါသနာတုံနေ၏။

ထို့ကြောင့် သူသည် ဝူတန်းဂိုဏ်း၏ ကိစ္စအဝဝကို လက်ထောက်ဂိုဏ်ချုပ်အား လွှဲအပ်ခဲ့သည်ကများ၏။

သူသည် ဝူတန်းဂိုဏ်း၏ နှစ်နှစ်တစ်ကြိမ် ကျင်းပလေ့ရှိသော ညီလာခံ အခမ်းအနားသို့ ပြန်ရောက်လာသည်မှလွဲ၍ ဝူတန်းဌာနချုပ်တွင် အနေအထိုင် နည်း၏။



သို့သော် လွန်ခဲ့သော ငါးနှစ်အချိန်တွင် ဝူတန်းဂိုဏ်း၏ ညီလာခံကျင်းပသည့်တိုင်အောင် ဝါးမှုရသေ့က ပြန်ရောက်လာခြင်းမရှိချေ။

ညီလာခံနှစ်ကြိမ်တိတိ ပြန်လည်ရောက်ရှိလာခြင်းမရှိသောအခါ တာဝန်ရှိသူများနှင့် သူ၏တပည့်များတို့သည် စိုးရိမ်ပူပန်လာသည်။

ဤတစ်ကြိမ် ဝါးမှုရသေ့ ထွက်ခွာသွားခြင်းမှာ ဆေးမြစ်များ တူးဖော်ရန် ယူနန်နယ်သို့ ထွက်ခွာသွားသည်ဟု သိထားကြသဖြင့် ချွေယင်းရသေ့က ယူနန်နယ်သို့ လိုက်လံရှာဖွေရန် ထွက်ခွာသွားသည်။

တစ်ဖန် တုံရှမ်းနှင့် မွန်ကျူးမာတို့သည် ယူနန်နယ်ရှိ သိုင်းသမား ဝမ့်ဖန်းထံသို့ သွားရောက်၍ စုံစမ်းလေသည်။

သူတို့နှစ်ယောက်သည် ဝမ့်ဖန်းအိမ်သို့ ရောက်ရှိသွားသောအခါ ဝမ့်ဖန်းတစ်ယောက် ဒဏ်ရာပြင်းထန်စွာ ရရှိနေသည်ကိုတွေ့ရှိရသည်။

ဝမ့်ဖန်းအား မေးမြန်းကြည့်ရာ သူယခု ဒဏ်ရာရရှိနေသည်မှာ ဝါးမှုရသေ့ကြောင့် ဖြစ်သည်ဟု သိရှိရသည်။

အကြောင်းမှာ ဝမ့်ဖန်းသည် တာလီနယ်သို့ မိတ်ဆွေတစ်ဦးထံ သွားရောက်လည်ပတ်ရာ တာလီမြို့ပြင်တွင် ဝါးမှုရသေ့အား လူအများက ဝိုင်းရံတိုက်ခိုက်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

ဝမ့်ဖန်မှာ ထင်းချန်းဂိုဏ်းမှ ပုဂ္ဂိုလ်တစ်ဦးဖြစ်၏။

ထင်းချန်းဂိုဏ်းနှင့် ဝူတန်းဂိုဏ်းတို့မှာ မဟာမိတ်များဖြစ်ကြသည်။

ထို့ကြောင့် ဝမ့်ဖန်းသည် ဝါမူးရသေ့ဘက်မှ ဝင်ရောက်တိုက်ခိုက်လိုက်၏။

သူတို့နှစ်ယောက်စလုံးသည် အနည်းနှင့်အများဖြစ်၍ ရှုံးနိမ့်သွားရသည်။

သူသည် ဒဏ်ရာပြင်းထန်စွာရရှိပြီး မြေပေါ်သို့ လဲကျသွားသည်။

သူ သတိရရှိလာသောအခါ ဝါးမူရသေ့အား မတွေ့ရတော့ချေ။

ဝမ့်ဖန်းသည် ရရှိထားသောဒဏ်ရာကို ကြည့်ရှုသောအခါ အဆိပ်မိထားသည်ကို တွေ့ရသည်။

ထို့ကြောင့် ရန်သူများမှာ အဆိပ်ဂိုဏ်းမှဖြစ်ရမည်ဟု သူ ယုံကြည်လိုက်၏။

ဝမ့်ဖန်းသည် သမားတော်ကြီးများနှင့် ဆေးဝါးကုသခဲ့ရသောကြောင့် အသက်မသေဘဲ အသက်ချမ်းသာရာရရှိသွား၏။

တုံရှမ်းနှင့် မွန်ကျူးမာတို့သည် ထိုသတင်းအားရလိုက်သောအခါ ဝူတန်းဂိုဏ်းသို့ ပြန်လည်ရောက်ရှိလာပြီး အကျိုးအကြောင်းကို တင်ပြလိုက်သည်။



နောက်ဆုံး ဝူတန်းဂိုဏ်းမှ သိုင်းသမား ၃၂ ယောက်ကို ယူနန်နယ်သို့လွှတ်ပြီး အဆိပ်ဂိုဏ်းအား ချေမှုန်းရန်ဖြစ်လေ၏။

သို့သော်

သူတို့သည် ထွက်ခွာသွားသည့်နောက် လေးနှစ်လုံးလုံး အချိန်ကြာမြင့်သော်လည်း သတင်းအစအနလုံးဝ မရတော့ပေ။

သိုင်းသမား ၃၂ ယောက်တို့သည် လေးနှစ်မြောက်သောနေ့မှ ပြန်လည်ရောက်ရှိလာသည်။

သူတို့သည် ဝါးမူရသေ့၏ သတင်းမကြားရသည့်အပြင် အဆိပ်ဂိုဏ်းကိုလည်း ရှာမတွေ့ခဲ့ကြပေ။

နောက်ဆုံး သူတို့သည် အဆိပ်ဂိုဏ်း၏ဂိုဏ်းချုပ် ဟိုတိခို နေပြည်တော်သို့ ရောက်ရှိလာသောသတင်းကို ရရှိလိုက်လေ၏။

■ ● ■

ဝမ်စိန်ကြည် စိတ်ဝင်စားစွာ နားစွင့်နေ၏။

တုံရှမ်းက စကားဆက်လိုက်၏။

"ကျုပ်တို့လဲ သတင်းကြားရတာနဲ့ ဝူတန်းဂိုဏ်းကလူတွေကို နေပြည်တော်ကို စုရုံးရောက်ရှိလာဖို့ အမိန့်ထုတ်လိုက်ပါတယ်"

ဇွေယင်းရသေ့က ကြားဖြတ်၍ စကားဆက်လိုက်၏။

"ကျုပ်တို့လူစုက ဟိုတိခိုနဲ့ စိန်ခေါ်လိုက်တာပေါ့၊ သူက

ဝါးမှုရသေ့ကို လုံးဝမတွေ့ခဲ့ဘူးလို့ ငြင်းတယ်၊ ဒါနဲ့ ကျုပ်တို့က မခံနိုင်လို့ သူတို့ကို တိုက်နိုက်တယ်၊ ကျုပ်က သူ့ကို အထင်သေး လိုက်တာနဲ့ သူ့ရဲ့လက်ချက်ကြောင့် ဒဏ်ရာရရှိခဲ့ပါတယ်"

သူသည် ပြုံး၍ စကားဆက်လိုက်ပြန်သည်။

"ကျုပ်က သူတို့နဲ့စိန်မခေါ်ခင်မှာ အဆိပ်ဖြေဆေးတွေ တော် တော်များများ သောက်ထားလို့ အသက်မသေဘဲ အခုလို ရှောင်တိမ်း နေရတာပဲ"

တုံ့ရှမ်း ခေါင်းညိတ်လိုက်၏။

"ဟိုတိနိုက ကျုပ်အစ်ကိုကြီး မသေတာကိုသိသွားရင် လိုက် သတ်မှာ သေချာတယ်၊ ဒါကြောင့် ကျုပ်က အစ်ကိုကြီးကို ဒီမှာ ခေါ်ထားပြီး ဆေးကုနေရတာပါဗျာ"

ဝမ်စိန်ကြည် ပြုံးပြလိုက်၏။

"တခြားအကူအညီတော့ ကျုပ်က မပေးနိုင်ပါဘူးဗျာ၊ မိထား တဲ့အဆိပ်ကိုတော့ ဖြေပေးမယ်"

သူသည် ပြောပြောဆိုဆိုနှင့် ဖားပြုပ်ဖြူကို ထုတ်ယူလိုက်ပြီး အဆိပ်ရည်များကို စုပ်ပေးလိုက်၏။

သို့သော် စွဲယင်းမိထားသော အဆိပ်မှာ အလွန်ပြင်းထန် သဖြင့် ဝမ်စိန်ကြည်က ဖားပြုပ်ဖြူအား ထားခဲ့လိုက်သည်။

သူသည် ဖားပြုပ်ဖြူအသုံးပြုနည်းကို ရှင်းပြပြီးနောက်



"ကဲ ... ကျုပ်တို့ ပြန်တော့မယ်၊ ဒီဖားပြုပ်ဖြူကို အသုံးပြုပြီး တာနဲ့ ကျုပ်ဆီကို ပြန်ပို့ပေးပါဗျာ"

တုံ့ရှမ်း ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီဗျာ၊ ကျေးဇူးအများကြီးတင်ပါတယ်ခင်ဗျာ"

ဝမ်စိန်ကြည်သည် ကျောက်ဝမ်းအော့နှင့်အတူ ထိုနေရာမှ ထွက်ခွာသွားလေတော့သည်။

ဝမ်စိန်ကြည်သည် ကျောက်ဝမ်းအော့အား ရွှေနဂါးဂိုဏ်းသား များ တည်းခိုရာ တည်းခိုခန်းသို့ ပို့ဆောင်ပြီးမှ ထွက်ခွာသွားတော့ ၏။

■ ❁ ■

အချိန်သည် မိုးလင်းလုလုပင် ဖြစ်၏။

ပတ်ဝန်းကျင်တစ်ခုလုံးမှာ လူခြေတိတ်ဆိတ်နေ၏။

ထို့ကြောင့် ဝမ်စိန်ကြည်က ကိုယ်ဖော့ပညာကို အသုံးပြုကာ မိမိ၏နေအိမ်သို့ ဦးတည်း၍ ပြေးလွှားသွား၏။

သူသည် လမ်းငါးလမ်းကို လျင်မြန်စွာ ကျော်ဖြတ်လာသော ခါ ရုတ်တရက် အဖြူရောင်လူရိပ်တစ်ခုသည် သူ့အနားမှကျော်ဖြတ် သွား၏။

"ကျွန်မကို မီအောင်လိုက်နိုင်ပါ့မလား"

သူ၏နားထဲတွင် ထိုစကားကြားလိုက်ရသောအခါ ထိုလူရိပ်သည် ဝါးသုံးရိုက်ခန့်သို့ ကျော်သွားပြီဖြစ်လေသည်။

ဝမ်စိန်ကြည် ရင်ထိတ်သွား၏။

"ဒီလူရဲ့ကိုယ်ဖော့ပညာက အတော်ကြောက်စရာကောင်းပါလား"

သူသည် လူငယ်ပီပီ အနိုင်မခံအရှုံးမပေးသောစိတ်များ ပေါ်ပေါက်လာ၏။

ထို့ကြောင့် သူသည် ကိုယ်ဖော့ပညာကို အားဖြည့်လိုက်ပြီး လူရိပ်နောက်သို့ လိုက်သွားသည်။

ထိုလူရိပ်သည် လှည့်ပင်မကြည့်ဘဲ ရှေ့သို့ပြေးလွှားသွားနေ၏။

အချိန်အနည်းငယ် ကြာလာသောအခါ ဝမ်စိန်ကြည်သည် ထိုသူ့ရှေ့သို့ကျော်သွား၏။

သူသည် ထိုအချိန်ကျမှ နောက်သို့လှည့်ကြည့်လိုက်၏။

အလွန်လှပသော မိန်းကလေးတစ်ယောက်ကို တွေ့လိုက်ရသည်။

ထိုမိန်းကလေးသည် ထူးခြားသည်မှာ သူမ၏ အဝတ်အစားများပင် ဖြစ်၏။

အရောင်မှာ အဖြူရောင်ဖြစ်နေခြင်းကြောင့် ဖြစ်သည်။

အမှန်မှာ ညဘက်တွင် သွားလာလှုပ်ရှားသော သိုင်းသမားတို့သည် ညလူအဝတ်အစားများကို ဝတ်ဆင်ကြရ၏။



သူတို့၏ အဝတ်အစားများမှာ အနက်ရောင် (သို့မဟုတ်) မီးခိုးရောင်များသာ ဖြစ်၏။

ယခု ထိုမိန်းကလေးက အဖြူရောင်ဝတ်ဆင်ထားခြင်းမှာ မည်သူ့ကိုမှ မမှုသည့်သဘောဆောင်နေ၏။

ထိုစဉ် မိန်းကလေးက တခစ်ခစ်ရယ်မောလိုက်လေ၏။

"အစ်ကိုကြီး ဝမ်စိန်ကြည် ကျွန်မကို မှတ်မိလား"

ယခုမှ ဝမ်စိန်ကြည်က မှတ်မိလိုက်၏။

ထိုမိန်းကလေးမှာ အဆိပ်ဂိုဏ်းချုပ် ဟိုတိခိုပင်ဖြစ်နေ၏။

ဝမ်စိန်ကြည်သည် သူမအား အကဲခတ်ရင်း

"ဂိုဏ်းချုပ်ကြီးက ဘာကိစ္စများရှိနေလို့လဲ"

ဟိုတိခိုက ပြုံးလိုက်သည်။

"တစ်နေ့က လူများနေလို့ အစ်ကိုကြီးနဲ့ သိုင်းပညာရပ်များကို မလေ့လာခဲ့မိဘူး၊ ဒါကြောင့် "

ဝမ်စိန်ကြည် မဲ့ပြုံးပြုံးလိုက်၏။

"ရှင်းရှင်းပြောပါဗျာ၊ ကျုပ်ကို စိန်ခေါ်နေတာ မဟုတ်လား"

ဟိုတိခို ပြုံးလိုက်၏။

"ဒီလိုမပြောပါနဲ့ရှင်၊ နားထောင်မကောင်းပါဘူး"

ဝမ်စိန်ကြည်က

"စကားမရှည်နဲ့၊ ဘယ်လိုယှဉ်ပြိုင်ချင်သလဲဆိုတာ ပြောပါ"

ဟုခိုတိက သူ၏ခါးတွင် ရစ်ပတ်ထားသော ကြာပွတ်တစ်ချောင်းကို ဖြုတ်ယူလိုက်၏။

"ဒီကနေ့ ရှင်နဲ့ ကျွန်မနဲ့ လက်နက်ချင်းပြိုင်ကြရအောင်"

ဝမ်စိန်ကြည်က သေသေချာချာ ကြည့်လိုက်သည်။

ဟိုတိခို အသုံးပြုသော ကြာပွတ်သည် ရိုးရိုးကြာပွတ်မဟုတ်ဘဲ ကြာပွတ်၏အဖျား၌ သံချိတ်ကလေးများ ရှိနေသည်ကို တွေ့ရ၏။

ထိုသံချိန်များတွင်လည်း အဆိပ်များရှိမည်ဟု ဝမ်စိန်ကြည်က ယုံကြည်မိလေ၏။

သူသည် ဟိုတိခိုအား မိမိ၏ပညာဖြင့် အနိုင်ရရှိရန် ဆုံးဖြတ်လိုက်သည်။

ထို့ကြောင့် သူသည် လက်နက်ကို အသုံးမပြုဘဲ လက်ဝါးနှစ်ဖက်ဖြင့် ဝင်ရောက်တိုက်ခိုက်လိုက်သည်။

ဟိုတိခိုက ရယ်မောလိုက်သည်။

"ရှင်က လက်နက်မသုံးဘူးဆိုရင် ဒုက္ခရောက်သွားနိုင်တယ်၊ နောက်ပြီး ကျွန်မရဲ့ ကြာပွတ်မှာ အဆိပ်တွေအပြည့် ရှိနေတယ်နော်"

သူမသည် ရယ်မောပြောနေသော်လည်း သူမ၏ ကြာပွတ်သည် ပြင်းထန်စွာဖြင့် ဝမ်စိန်ကြည်အား တိုက်ခိုက်နေသည်။

ဝမ်စိန်ကြည်သည် ကြာပွတ်ပေါ်မှ အဆိပ်များ ထိမှန်သွားမည်ကို စိုးရိမ်သဖြင့် ရှောင်တိမ်းနေရလေသည်။



ဟိုတိခိုက ရယ်မောလိုက်သည်။

"အစ်ကိုကြီး ဒီအတိုင်းဆိုရင် ရှင် ရှုံးသွားမယ်"

သူမ၏စကားမဆုံးမီ ကြာပွတ်ပေါ်မှ ချိတ်ကလေးသည် ဝမ်စိန်ကြည်၏ အင်္ကျီလက်ကို ချိတ်မိသွားလေသည်။

သူမက တအားဆွဲလိုက်ရာ ဝမ်စိန်ကြည်၏ အင်္ကျီလက်တစ်ခုလုံး စုတ်ပြဲသွားလေသည်။

ဝမ်စိန်ကြည်သည် အခြေအနေမဟန်မှန်း သိလိုက်သည်နှင့် ခေါင်မိုးပေါ်သို့ ခုန်တက်သွားလေသည်။

ဟိုတိခိုက ထက်ကြပ်မကွာ လိုက်လာ၏။

ဝမ်စိန်ကြည်သည် ခေါင်းမိုးပေါ်သို့ ရောက်ရှိသွားသောအခါ-

အုတ်ကြွပ်ပြားနှစ်ခုကို ခွာယူလိုက်ပြီး ဟိုတိခို၏ ကြာပွတ်အဖျားသို့ ရစ်ထားလိုက်လေသည်။

ဟိုတိခိုက အားပြု၍ ပြန်ဆွဲလိုက်ရာ ကြာပွတ်မှာ ပြန်ဆွဲမရဘဲဖြစ်နေသည်။

ထိုအချိန်မှာပင် ဝမ်စိန်ကြည်က ခြေထောက်ဖြင့် ပြေးခတ်လိုက်ရာ ဟိုတိခိုက ကြာပွတ်ကို လက်လွှတ်လိုက်ရ၏။

သူမသည် ကြာပွတ်ကို လက်လွှတ်လိုက်ရသော်လည်း လက်နက်ပုန်းဖြင့် ပစ်လွှတ်လိုက်ပြန်သည်။

ဝမ်စိန်ကြည်က အုတ်ကြွပ်နှင့် ကြာပွတ်ကို ပစ်ချလိုက်သည်။

သူ၏ စုတ်ပြဲနေသော အင်္ကျီလက်ကို ဖြဲချလိုက်သည်။

ထို့နောက် အင်္ကျီလက်ဖြင့် ဇွေ့ယမ်းကာ လက်နက်ပုန်းများကို ရိုက်ချလိုက်၏။

ဟိုတိနိုက ရယ်မောလိုက်၏။

"ဘယ်ဆိုးလို့တုန်း"

သူမသည် ပြော၍ လက်နက်ပုန်းငါးခုကို ထပ်မံပစ်လွှတ်လိုက်ပြန်သည်။

ဝမ်စိန်ကြည်က ခေါင်းမိုးပေါ်မှ အောက်သို့ခုန်ချ၍ ရှောင်တိမ်းလိုက်၏။

ဟိုတိနိုက ရယ်မောရင်း လက်တစ်ချက်ဇွေ့ယမ်းလိုက်ပြန်၏။

ဓားပါးကလေးသုံးလက်သည် အပေါ်၊ အလယ်၊ အောက် လမ်းကြောင်းသုံးခုမှ ဝမ်စိန်ကြည်ထံသို့ ပစ်လွှင့်လာနေပြန်၏။

ဝမ်စိန်ကြည်က ရှောင်တိမ်းရင်း ရင်ထိတ်သွားသည်။

"မင်းရဲ့လက်နက်ပုန်းက များလှချည်လား"

ဟိုတိနိုက ရယ်မောလိုက်သည်။

"မများပါဘူးရှင်"

သူမသည် ညာဘက်လက်ကို ဆန့်ထုတ်လိုက်၏။

သူမ၏အပေါ်တွင် ရွှေရောင်ဝင်းလက်သော ချိတ်ကလေးတစ်ခု တပ်ဆင်ထားသည်ကို တွေ့လိုက်ရ၏။



"ဒါက ကျွန်မရဲ့ လက်နက်တစ်ခုပါ"

သူမသည် ပြောပြီးသည်နှင့် ဝမ်စိန်ကြည်အား တိုက်ခိုက်လိုက်သည်။

ဟိုတိနိုက ပြုံး၍

"သတိထား၊ ကျွန်မရဲ့ ချိတ်မှာ အဆိပ်ပါနေတယ်"

ဝမ်စိန်ကြည် ရင်ထိတ်သွားသည်။

ဟိုတိနို၏ချိတ်နှင့် မထိမိစေရန် သတိထားနေရသည်။

ဟိုတိနိုက ပြင်းပြင်းထန်ထန် ထပ်မံတိုက်ခိုက်လိုက်သည်။

သူတို့သည် သိုင်းကွက် သုံးဆယ်ခန့် ယှဉ်ပြိုင်ပြီးသောအခါ

ဟိုတိနိုက ညာဘက်လက်ကို ဆန့်ထုတ်လိုက်ပြန်၏။

သူ၏ညာဘက်လက်တွင် သံမဏိချိတ်တစ်ခု တပ်ဆင်ထားသည်ကို တွေ့ရပြန်သည်။

ဝမ်စိန်ကြည် အံ့သြသွားသည်။

ဟိုတိနို၏ တစ်ကိုယ်လုံးတွင် လက်နက်များ ပြည့်နှက်နေသည်ကို နားလည်လိုက်၏။

သူသည် လက်နက်ကိုအသုံးမပြုလျှင် အနိုင်ရလိမ့်မည် မဟုတ်ဟု နားလည်လိုက်၏။

"ချွမ် ..."

သူသည် ကျောပေါ်တွင် ပိုးထားသော မြွေဓားကို ထုတ်ယူလိုက်၏။

ဟိုတိနိုသည် မြွေစားကို တွေ့မြင်လိုက်သည်နှင့် မျက်နှာ ကွက်ခနဲ ပျက်သွား၏။

"မြွေစားက ရှင့်လက်ထဲ ရောက်နေတာကိုး"

ဝမ်စိန်ကြည် ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

ဟိုတိနိုသည် အံကို တင်းတင်းကြိတ်လိုက်ပြီး ရုတ်တရက် ဝင်ရောက်တိုက်ခိုက်လိုက်၏။

ဝမ်စိန်ကြည်က အလျှော့မပေးတော့ဘဲ ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်၏။

သူတို့သည် သိုင်းကွက် နယ်ဆယ်မျှ ယှဉ်ပြိုင်လာခဲ့ရာ...

"ရွှမ်"

ဟိုတိနို၏ ဘယ်ဘက်လက်တွင် တပ်ဆင်ထားသော ရွှေချိတ်မှာ တိခနဲ ပြတ်သွားသည်။

ဟိုတိနို၏ မျက်နှာတစ်ခုလုံးမှာ ဖြူဖပ်ဖြူရော်ဖြစ်သွား၏။

ဝမ်စိန်ကြည်က မြွေစားကို သိမ်းဆည်းလိုက်၏။

"ကျုပ်နောက်ကို လိုက်ခဲ့ရင် ကျန်ရှိတဲ့ သံချိတ်ကိုပါ ဖြတ်ပစ်လိုက်မယ်"

သူသည် ပြောပြီးသည်နှင့် ချာခနဲ လှည့်ကာ ထွက်ခွာသွားသည်။

■ ❂ ■

## လုပ်ကြံခြင်း

ဝမ်စိန်ကြည်သည် လမ်းထဲသို့ ချိုးဝင်လိုက်သည်နှင့် အခြေအနေ မဟန်မှန်း သိလိုက်ရ၏။

ဟုန်းစိန်ဟိုက်တစ်ယောက် သွေးအိုင်ထဲ၌ လဲလျောင်းနေ၏။

သူသည် ထိတ်လန့်တုန်လှုပ်သွား၏။

"ဘယ်လိုဖြစ်တာလဲ၊ ပြောစမ်းပါ"

ဟုန်းစိန်ဟိုက်သည် စကားမပြောနိုင်ဘဲ အထဲသို့ ညွှန်ပြနေ၏။

ဝန်စိန်ကြည်က သူ့အား ပွေ့ချီလိုက်ပြီး အိမ်ထဲသို့ လှမ်းဝင်သွား၏။

လှပ ထည်ဝါသော အိမ်ခန်း တစ်ခုလုံးမှာ မြင်မကောင်း ရှုမကောင်းလောက်အောင် ပျက်စီးနေ၏။

စားပွဲ ကုလားထိုင်များလည်း ပြိုလဲကျိုးပဲ့နေ၏။

ပြင်းထန်သော တိုက်ပွဲတစ်ခု ဖြစ်ပွားခဲ့သည်မှာ ထင်ရှားလှပေ၏။

သူသည် အတွင်းခန်းသို့ပြေးဝင်သွားရာ ဝူးတာနန်က ကြမ်းပြင်ပေါ်၌ လဲလျောင်း၍ ညည်းညူနေသည်ကို တွေ့ရပြန်၏။

ဝမ်စိန်ကြည် ထိတ်လန့်သွား၏။

"ဘယ်လိုဖြစ်တာလဲ၊ ပြောစမ်းပါဦး"

ဝူးတာနန်က ညည်းညူရင်း ...

"ချင်းချင်းကို အဆိပ်ဂိုဏ်းက ဖမ်းသွားပြီ"

ဝမ်စိန်ကြည် ရင်ထိတ်သွား၏။

"ဆားထင်းကန်တို့ကော ..."

"ဟို ... ဟိုမှာ"

ဝူးတာနန်က ပြတင်းပေါက်သို့ ညွှန်ပြလိုက်၏။

ဝမ်စိန်ကြည်သည် ဟုန်းစိန်ဟိုက်အား ကွပ်ပျစ်ပေါ်သို့ ချထားလိုက်၏။

ဝူးတာနန်ကိုလည်း ကွပ်ပျစ်ပေါ်သို့ ပွေ့တင်လိုက်၏။

ထို့နောက် ပြတင်းပေါက်အနီးသို့ လျှောက်သွား၏။

ပြတင်းပေါက်၏အပြင်ဘက် မြက်ခင်းပေါ်၌ ဆွံ့အ၊ ဆားထင်းကန်းတို့ ဒဏ်ရာများဖြင့် လဲလျောင်းနေကြသည်ကို တွေ့ရ၏။

အိမ်ထဲမှ အိမ်ဖော်တို့မှာ ထွက်ပြေးကုန်ကြသဖြင့် တစ်ဦးမှ မတွေ့ရတော့ပေ။

ဝမ်စိန်ကြည်သည် အံကို တင်းတင်းကြိတ်လိုက်၏။



မိမိက ဟိုတိခို၏ ထောင်ချောက်ထဲသို့ ကျရောက်သွားသည်ကို နားလည်လိုက်၏။

ဟိုတိခိုသည် မိမိအာ အချိန်ဆွဲထားခြင်းမှာ သူမ၏ လူများက ယခုကဲ့သို့ ဝင်ရောက်တိုက်ခိုက်နိုင်ရန် ဖြစ်သည်ကို သိရှိလိုက်သည်။

"တောက် ..."

သူသည် တောက်တစ်ချက် ခေါက်လိုက်၏။

"နေနှင့်ဦးပေါ့ကွာ ..."

ထိုစဉ် အိမ်ဖော်များသည် ရန်သူထွက်သွားပြီဖြစ်၍ တစ်ယောက်ပြီးတစ်ယောက် ပြန်လာကြကုန်လေသည်။

ဝမ်စိန်ကြည်သည် စာတစ်စောင်ရေးပြီး အိမ်ဖော်အား ရွှေနဂါးတည်းခိုသော နေရာသို့ သွားစေလေသည်။

သူသည် ကျောက်ဝမ်းအော့အား ဖားပြုပ်ဖြူယူ၍ အမြန်ဆုံးလာရောက်ရန် မှာကြားလိုက်သောစာ ဖြစ်လေ၏။

■ ○ ■

နောက်တစ်နေ့ ...။

မြင်းတစ်ကောင်သည် ဝိန်ဖြို့စားဂေဟာသို့ ဦးတည်၍ မောင်းနှင်လာသည်။

မြင်းပေါ်မှ လိုက်ပါလာသောလူမှာ ဝမ်စိန်ကြည်ဖြစ်သည်။

သူ၏ မျက်နှာတစ်ခုလုံး သုန်မှုန်နေ၏။

သူသည် ဝိန်မြို့စား ဂေဟာရှေ့သို့ ရောက်ရှိလာသည်နှင့် မြင်းကို ရပ်တန့်လိုက်သည်။

ထိုနောက် အုတ်တံတိုင်းပေါ်သို့ ခုန်တက်သွားလေသည်။

ဝိန်မြို့စား ဂေဟာတစ်ခုလုံးမှာ လူသူ တစ်စုံတစ်ယောက်မှ မတွေ့ရဘဲ တိတ်ဆိတ်နေလေသည်။

ဝမ်စိန်ကြည်က အသံကျယ်လောင်စွာဖြင့် ...

"ဟိုတိနို ... ထွက်လာခဲ့ပါ"

ဟု အော်လိုက်လေသည်။

သို့သော် ဝိန်မြို့စားဂေဟာအတွင်းမှ တစ်စုံတစ်ရာ တုံ့ပြန်ခြင်း မရှိပေ။

ဝမ်စိန်ကြည်က ထပ်မံအော်လိုက်သည်။

"ဟိုတိနို ထွက်မလာဘူးဆိုရင် ကျုပ်အဆိုးမဆိုနဲ့"

သူသည် တစ်ခဏကြာ စောင့်နေ၏။

ဂေဟာထဲမှ တစ်စုံတစ်ခုမျှ တုံ့ပြန်ခြင်းမရှိပေ။

သူသည် ဒေါသပို၍ ထွက်လာလေသည်။

အောက်သို့ လွှားခနဲ ခုန်ဆင်းလိုက်သည်။

ထိုစဉ်မှာပင် အဆိပ်ဂိုဏ်းသားများသည် လေးဘက်လေးတန်မှ ထွက်လာပြီးလျှင် ဝမ်စိန်ကြည်အား တိုက်ခိုက်လိုက်လေသည်။



ဝမ်စိန်ကြည်သည် အလွန်ခံပြင်းနေသဖြင့် အရှိန်အဟုန်ပြင်းထန်စွာဖြင့် တိုက်ခိုက်လိုက်လေသည်။

အဆိပ်ဂိုဏ်းသားများသည် တစ်ယောက်ပြီး တစ်ယောက် ဒဏ်ရာ ရရှိသွားကြလေသည်။

"မင်းတို့ ဂိုဏ်းချုပ် ဘယ်မှာလဲ၊ ပြောစမ်း"

ဝမ်စိန်ကြည်သည် ဂိုဏ်းသားတစ်ယောက်အား မေးမြန်းလိုက်၏။

အဆိပ်ဂိုဏ်းသားသည် စကားတစ်ခွန်းမှမပြောပေ။

ဝမ်စိန်ကြည်သည် သူတို့ကပြောလျှင် အသက်သေရမည်ဖြစ်၍ မပြောခြင်း ဖြစ်သည်ကို နားလည်လိုက်လေသည်။

"ကောင်းပြီ ... မင်းတို့မပြောရင် မင်းတို့ဂိုဏ်းချုပ် ငါ့ဆီကို လာအောင်လုပ်မယ်"

သူသည် မဲ့ပြုံး ပြုံးလိုက်သည်။

"မင်းတို့ဂိုဏ်းချုပ်ကို ပြောလိုက်၊ ငါပိတ်တဲ့သွေးကြောကို ငါကလွဲလို့ ဘယ်သူမှမဖြေနိုင်ဘူး၊ သွေးကြောဖြေစေချင်ရင် ဝင်ချင်းချင်းကို အိမ်တိုင်ရာရောက် လာပို့ပါလို့ ပြောလိုက် ..."

သူသည် ပြောပြီး ချာခနဲလှည့်ကာ ထွက်ခွာသွားလေသည်။

■ ❁ ■

ဝမ်စိန်ကြည်သည် ဇာဟာသို့ ပြန်လည်ရောက်ရှိလာသောအခါ ကျောက်ဝမ်းအော့နှင့် ဂိုဏ်းသားအချို့ ရောက်ရှိနေကြပြီဖြစ်သည်ကို တွေ့ရပေသည်။

သူမသည် ဟုန်းစိန်ဟိုက်တို့လူစုများကို အဆိပ်ဖြေပေးပြီး ဖြစ်လေသည်။

ဝမ်စိန်ကြည်သည် စစ်ဆေးကြည့်ရာ အသက်အန္တရာယ်မစိုးရိမ်ရသည်ကို တွေ့ရသဖြင့် စိတ်သက်သာရာ ရသွားလေသည်။

သို့သော် ဝင်ချင်းချင်းတစ်ယောက် သေသည် ရှင်သည်ဟု သတင်းမရရှိသဖြင့် သောကများနေရလေသည်။

■ ❂ ■

ထိုည။

ဝမ်စိန်ကြည်သည် ဝင်ချင်းချင်းအတွက် သောကများနေသဖြင့် အိပ်မရဘဲ ဖြစ်နေ၏။

သူသည် ထ၍ တင်ပျဉ်ခွေထိုင်လိုက်၏။

အတွင်းအားများကို လေ့ကျင်နေလေသည်။

တိတ်ဆိတ်သည့်ကြားမှ ရုတ်တရက် အသံတစ်သံကြားလိုက်ရသည်။

လူတစ်ယောက်၏ အသံဖြစ်သည်ဟု နားလည်လိုက်သည်။



ထိုသူသည် ကိုယ်ဖော့ပညာ အလွန်အဆင့်မြင့်သဖြင့် ရန်သူဖြစ်ရမည်ဟုလည်း ဆင်ခြင်မိသည်။

သူသည် မလှုပ်မယှက်ထိုင်၍ အခြေအနေကို စောင့်နေလေသည်။

ထိုခြေသံသည် ပြတင်းပေါက်အနီးသို့ ချဉ်းကပ်လာလေသည်။

တစ်ချိန်တည်းမှာပင် လူတစ်ယောက်၏ ရယ်မောသံ ကြားလိုက်ရသည်။

"ဟား ...ဟား ...ဟား ..."

ပျော့ပျောင်း၍ ချိုလွင်သောအသံပါ တစ်ဆက်တည်း ထွက်ပေါ်လာ၏။

"အစ်ကိုကြီး ညှို့သံသည်လာတယ်ရှင့်"

ထိုအသံကြားလိုက်သည်နှင့် ဟိုတိနိုဖြစ်သည်ကို သိလိုက်ရသည်။

"ဂိုဏ်းချုပ်ကြီး ရောက်လာတာကိုး၊ အထဲကြွပါခင်ဗျာ"

သူသည် ဖယောင်းတိုင်ထွန်းညှိလိုက်ပြီး အခန်းတံခါးဖွင့်လိုက်သည်။

ဟိုတိနိုသည် အဖြူရောင်အကျီဝတ်ဆင်လျက် အေးဆေးစွာ လှမ်းဝင်လိုက်သည်။

သူမသည် အခန်းထဲသို့ တစ်ချက်ဝေ့ကြည့်လိုက်၏။

အခန်းထဲ၌ စားပွဲတစ်လုံး ကုလားထိုင်တစ်လုံးနှင့် ကွပ်ပျစ်တစ်လုံးမှလွဲ၍ မည်သည့် ပရိဘောဂမျှ မရှိပေ။

သူမက ပြုံးလိုက်၏။

"အစ်ကိုကြီးက အတော့်ကို ချွေတာတာကိုး"

ဝမ်စိန်ကြည် ပြုံးရုံသာပြုံးလိုက်၏။

အဖြေမပေးချေ။

ဟိုတိနိုက ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်၏။

"ကျွန်မလာတဲ့အကြောင်းကို အစ်ကိုကြီးသိပြီးပြီလို့ ထင်ပါတယ်"

ဝမ်စိန်ကြည်က ...

"ဂိုဏ်းချုပ်ကြီးပြောပြမှ သိမှာပေါ့ဗျာ"

ဟိုတိနို ပြုံးလိုက်၏။

"ရှင်လဲ ကျွန်မဆီက အကူအညီလိုအပ်နေသလို၊ ကျွန်မလဲ ရှင့်ဆီက အကူအညီလိုအပ်နေပါတယ်၊ ဒီတစ်ပွဲတော့ အရှုံးအနိုင်မရှိ သရေပွဲပေါ့လေ"

ဝမ်စိန်ကြည် ရယ်မောလိုက်၏။

"တို့ ယှဉ်ပြိုင်ဖို့မလိုတော့ဘူးလို့ ထင်ပါတယ်၊ ဂိုဏ်းချုပ်ကြီးက နှလုံးရည်နဲ့ လက်ရုံးရည် ဘက်စုံပါပေတယ်၊ ကျုပ် ချီးကျူးပါတယ်ဗျာ"



ဟိုတိနို ပြုံးလိုက်၏။

"အခုဟာက ပထမပိုင်းပဲရှိပါသေးတယ်ရှင်၊ ကျွန်မတို့အဆိပ်ဂိုဏ်းကို ဖြိုခွဲဖျက်ဆီးမှသာပြီးဆုံးပါလိမ့်မယ်၊ သို့မဟုတ်ရင် ရှင်က ခေါင်းကိုက်စရာတွေ အများကြီးကြုံနေရပါဦးမယ်"

ဝမ်စိန်ကြည်သည် အဆိပ်ဂိုဏ်းက ဆက်လက်နှောင့်ယှက်နေလျှင် မိမိမှာ အခက်တွေ့လိမ့်မည်ဟု ယုံကြည်လေသည်။

"ဂိုဏ်းချုပ်ကြီးနဲ့ ဝင်ချင်းချင်းရဲ့ဖခင်တို့ ရန်ငြိုးရှိတယ်ဆိုရင် ကာယကံရှင်ကိုယ်တိုင် ဖြေရှင်းဖို့ကောင်းပါတယ်၊ ဘာဖြစ်လို့ ဘာမှ နားမလည်တဲ့ လူငယ်ကို ဒုက္ခပေးချင်ရတာလဲ၊ ရန်ရန်ချင်းတုံ့ပြန်တာဟာ ဆုံးနိုင်မှာမဟုတ်ပါဘူးဗျာ"

ဟိုတိနို ရယ်မောလိုက်၏။

"ဒါတွေကိုနောက်မှပြောကြတာပေါ့၊ အခု ကျွန်မကို အရက်တိုက်ပါဦး"

ဝမ်စိန်ကြည်သည် ဟိုတိနို၏ သဘောထားကို နားမလည်နိုင်ဘဲ ဖြစ်နေ၏။

သူသည် အိမ်ဖော်အား အရက်နှင့်ဟင်းလျာများ မှာကြားလိုက်၏။

ကျောက်ဝမ်အော့သည် ဟိုတိနိုမှာ အလွန်ဉာဏ်များမှန်းသိလိုက်၏။

သူမသည် စိတ်မချသဖြင့် အိမ်ဖော်အဖြစ် ရပ်ဖျက်လိုက်ပြီး ဟင်းလျာများကို ကိုယ်တိုင်သွားရောက်ပို့ပေးသည်။

ဟိုတိနိုက ရယ်မောလိုက်၏။

"အင်း…ဆရာက တော်တယ်ဆိုတော့ အိမ်ဖော်လဲဘယ်ဆိုးလို့တုန်း"

သူမသည် ပြောပြီး အရက်နှစ်ခွက်ဆင့်၍သောက်ချလိုက်သည်။

"အစ်ကိုကြီးက ကျွန်မတို့တိုက်တဲ့အရက်ကို မသောက်ပေမယ့် ကျွန်မကတော့ အစ်ကိုကြီးတိုက်တဲ့ အရက်ကို အားရပါးရ သောက်တယ်နော်"

ကျောက်ဝမ်းအော့က…

"ကျွန်မတို့ အရက်မှာ အဆိပ်မပါဘူးရှင်"

ဟိုတိနိုက ရယ်မောလိုက်၏။

"ဘယ်ဆိုးလို့တုန်း၊ အစ်ကိုကြီးရဲ့အိမ်ဖော်က စကားတတ်သားပဲ"

သူမသည်ပြောရင်း အရက်တစ်ခွက် မော့ချလိုက်ပြန်လေသည်။

ဖယောင်းတိုင်မီးရောင်အောက်တွင် ဟိုတိနိုမှာ အလွန်လှပသည်ကို သတိပြုမိသည်။

အကယ်၍သာ မျက်မြင်ကိုယ်တွေ့မဟုတ်ခဲ့လျှင် ဟိုတိနိုမှာ အလွန်ပျော့ပျောင်းနွဲ့နှောင်းသော မိန်းကလေးတစ်ယောက် ဖြစ်သည်ဟု ထင်မှတ်ကြမည်သာ ဖြစ်သည်။



သူသည် သူမ၏အလှကို ငေး၍ကြည့်နေမိ၏။

ဟိုတိနိုက ဝမ်စိန်ကြည်မှာ မိမိအား မျက်တောင်မခတ်ကြည့်နေသည်ကို တွေ့မြင်သွားသည်။

သူမသည် စကားမပြောဘဲ အရက်သောက်နေ၏။

အရက်သုံးခွက် ဝမ်းဗိုက်ထဲသို့ရောက်ရှိသွားတော့မှ…

"အစ်ကိုကြီးရဲ့သိုင်းပညာက မြွေစားရှင်ရဲ့ အမွေအနှစ်ရခဲ့တယ်လို့ သိရပါတယ်၊ ဒါပေမယ့်အစ်ကိုကြီးရဲ့ သွေးကြောပိတ်ပညာဟာ မြွေစားရှင်ဆီက တတ်လာတာ မဟုတ်ဘူးဆိုတာ ကျွန်မ အကဲခတ်မိပါတယ်"

ဝမ်စိန်ကြည်က ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်၊ မြွေစားရှင်အပြင် ဆရာနှစ်ယောက်ရှိပါသေးတယ်"

ဟိုတိနိုက…

"အစ်ကိုကြီးက ဆရာသုံးယောက်ရဲ့ပညာ ရထားတာကိုး၊ ဒါကြောင့် အလွန်တော်ပါတယ်"

ဝမ်စိန်ကြည်သည် ရယ်မောလိုက်သည်။

"ဒါလောက်လဲ ချီးကျူးရတဲ့အဆင့် မရှိသေးပါဘူးဗျာ"

ဟိုတိနိုက ပြုံးလိုက်သည်။

"အခု ကျွန်မလာတဲ့အကြောင်းရင်းက ဆရာတင်ချင်လို့ပါ"

ဝမ်စိန်ကြည်က မျက်မှောင်ကုတ်သွားသည်။

"ကျုပ် နားမလည်ပါလား"

ဟိုတိနိုက ပြုံးလိုက်သည်။

"ကျွန်မကို တပည့်တစ်ယောက်လို အသိအမှတ်ပြုပါလို့ပြော နေတာပါ"

"ဟား ...ဟား ...ဟား ..."

ဝမ်စိန်ကြည်က ရယ်မောလိုက်၏။

"ရယ်စရာပြောမနေပါနဲ့ဗျာ၊ ခင်ဗျားက လျှမ်းလျှမ်းတောက် အဆိပ်ဂိုဏ်းရဲ့ ဂိုဏ်းချုပ်ပါဗျာ"

ဟိုတိနိ ရယ်မောလိုက်သည်၊

"ရှင်က ကျွန်မကို သွေးကြောဖွင့်တဲ့ပညာ သင်မပေးဘူးဆိုရင် ကျွန်မတို့ဂိုဏ်းသားဆယ့်လေးငါးယောက်ရဲ့အသက် သေဆုံးသွားတာကို လက်ပိုက်ကြည့်နေရတော့မှာလား"

ဝမ်စိန်ကြည်က–

"ဝင်ချင်းချင်းကို ပြန်လွှတ်ပေးပါ၊ နောင်လဲ အနှောင့်အယှက် မပေးဘူးလို့ ကတိပေးရင် ကျုပ်ကိုယ်တိုင် သွားပြီးဖြေပေးပါ့မယ်"

ဟိုတိနိုက ...

"ကျွန်မကို တပည့်အနေနဲ့ လက်မခံဘူးဆိုပါတော့"

ဝမ်စိန်ကြည်က ...



"ကျုပ်လဲ ပညာမစုံသေးပါပါဘူးဗျာ၊ တပည့်ထားတဲ့အဆင့် မရှိသေးပါဘူး၊ တို့တစ်ယောက်နဲ့တစ်ယောက် ငြိမ်းချမ်းရင် အကောင်း ဆုံးပဲ"

ဟိုတိနိ ပြုံးလိုက်သည်။

"ကျွန်မက ရှင့်လူကို ပြန်ပို့မယ်၊ ရှင်က ကျွန်မလူတွေကို သွေးကြောဖြေပေးပါ၊ နောက်ကိစ္စ နောက်မှပြောကြတာပေါ့"

ဝမ်စိန်ကြည်သည် ဟိုတိနိမှာ မိမိကမ်းလှမ်းချက် လက်မခံ သည်ကို ဒေါသထွက်လာလေသည်။

"မင်းတို့အဆိပ်ဂိုဏ်းကို ကျုပ်တို့နယ်ခွန်စံနယ်က သူရဲကောင်း တွေက ကြောက်တယ်များ ထင်နေသလား"

သူသည် အော်၍ မေးမိသည်။

ဟိုတိနိုက ပြုံးလိုက်၏။

"ဟောတော့ ခေါင်းဆောင်ကြီးက စိတ်ဆိုးနေပြီကိုး"

သူမသည် ထရပ်လိုက်ပြီး ဦးညွှတ်လိုက်၏။

"ကဲပါရှင် ကျွန်မတောင်းပန်ပါတယ်"

ဝမ်စိန်ကြည်က လက်နှစ်ဖက်ဆုပ်လိုက်ပြီး ပြန်လည်အရိုအသေ ပြုလိုက်၏။

ဟိုတိနိုက ...

"မနက်ဖြန် ကျွန်မက ရှင့်လူကို ပြန်ပို့ပေးမယ်၊ ရှင်က ကျွန်မရဲ့ လူတွေကို သွေးကြောဖြေပေးပေါ့ ဟုတ်လား"

ဝမ်စိန်ကြည်က ခေါင်းညိတ်လိုက်၏။

ဟိုတိခိုက အနည်းငယ်ခါးကိုင်းလိုက်ပြီး ညှော်ခန်းဘက်သို့ လျှောက်သွား၏။

ဝမ်စိန်ကြည်က သူမနောက်သို့ လိုက်ပို့ရ၏။

အိမ်ဖော်များက ဖယောင်းတိုင်မီးဖြင့် တံခါးမကြီးအထိလိုက်ပို့ရသည်။

ကျောက်ဝမ်းအော့သည် ဟိုတိခိုအပေါ် အလွန်သတိထားရသည်။

ဟိုတိခိုမှာ စကားပြောချိုလွင်ပြီး အလွန်ဉာဏ်များသည်ကိုလည်း နားလည်ထားသည်။

"သူ့ကို စိတ်မချဘူး၊ အပြင်မှာ သူ့လူတွေများ ပုန်းနေသလားမသိဘူး"

ဟုလည်း တွေးမိ၏။

သူမသည် ယင်းသို့တွေးမိလိုက်သည်နှင့် နောက်ချန်၍နေပြီး လက်နက်ငယ်ကို ဆောင်၍ ပြတင်းပေါက်မှ ခုန်ထွက်လိုက်လေသည်။

ထို့နောက် ရှေ့ဘက်အုတ်တံတိုင်းကို ကျော်၍ထွက်လာလေသည်။

သူသည် အုတ်တံတိုင်းထောင့်တွင် ကွယ်၍ချောင်းကြည့်လိုက်သည်။



အိမ်ရှေ့တွင် ဝေါတစ်စီး ရပ်နေသည်။

ဝေါထမ်းသောလူလေးယောက် ရပ်စောင့်နေသည်ကို တွေ့ရလေသည်။

သူမသည် စိတ်ချသွားသည်။

ပြန်လှည့်ရန် ဟန်ပြင်တော့မှ အကြံတစ်ခုရလာလေသည်။

"ဒီမိန်းကလေးက ပြေငြိမ်းဖို့ လက်မခံရင် တစ်နေ့လာပြီး အနှောင့်အယှက်ပေးဦးမှာပဲ၊ အဲဒီတော့ သူဘယ်မှာရှိတယ်ဆိုတာ ငါတိတ်တဆိတ်လိုက်ကြည့်ထားမယ်၊ ဒါမှ လာနှောင့်ယှက်တဲ့အခါ သူတို့ကို ပြန်ပြီးတိုက်ခိုက်နိုင်လိမ့်မယ်"

သူမသည် ယင်းသို့စဥ်းစားမိသည်နှင့် လျှပ်တစ်ပြက် ဝေါစင်အောက်သို့ ပြေးဝင်သွားသည်။

သူမသည် လက်နှစ်ဖက်၊ ခြေထောက်နှစ်ဖက်ဖြင့် ဝေါစင်အောက်မှ အတန်းကိုမှီထားလိုက်သည်။

ထိုစဥ်မှာပင် ဟိုတိခိုက ဝမ်စိန်ကြည်အား နှုတ်ဆက်သောအသံများ ကြားလိုက်၏။

ထို့နောက် ဝေါစင်ပေါ်သို့ တက်လိုက်ပြီး လျင်မြန်စွာထွက်ခွာသွားတော့သည်။

ဝေါစင်ရပ်တန့်သွားပြီဖြစ်သည်။

ဟိုတိနိုလည်း ဆင်းသွားပြီဖြစ်သည်။

ဝေါစင်ထမ်းသော လူလေးယောက်သည် အနားယူရန် ထွက်ခွာသွားကြပြီ ဖြစ်သည်။

လူသူရှင်းလင်းနေပြီဟု သေချာတော့မှ ကျောက်ဝမ်းအော့သည် ဝေါစင်အောက်မှ ထွက်လာသည်။

သူမသည် ရှေ့သို့ကြည့်လိုက်သောအခါ သူမ၏မျက်လုံးအစုံသည် ပြူးကျယ်သွားလေသည်။

အကြောင်းမှာ သူမ၏ရှေ့တွင် ဘုရင့်နန်းတော်ပင်ဖြစ်နေသည်။

သူမက ကြက်သေသေသွားသည်။

ဟိုတိနိုသည် အဘယ်ကြောင့် နန်းတော်နှင့် အဆက်အသွယ်ရှိနေပါသနည်း။

သူမသည် ဆက်လက်မနေဝံ့တော့ဘဲ ဝမ်စိန်ကြည်၏ အိမ်ဂေဟာသို့ ပြေးလွှားသွားလေတော့သည်။

■ ○ ■

ဝမ်စိန်ကြည်က မျက်မှောင်ကုတ်သွားသည်။

ကျောက်ဝမ်းအော့၏ ပြောပြချက်အရဆိုလျှင် ဟိုတိနိုနှင့် နန်းတော်ထဲမှ ပုဂ္ဂိုလ်တစ်ယောက်ယောက်နှင့် အဆက်အသွယ်ရှိနေသည်မှာ သေချာသည်။



ဝင်ချင်းချင်းကိုလည်း နန်းတော်တွင်း တစ်နေရာရာ၌ ထားရှိမည်ဟုလည်း ယုံကြည်လေသည်။

သူသည် ကျောက်ဝမ်းအော့အား ကျေးဇူးတင်စကား ပြောရလေသည်။

"ကျေးဇူးပါပဲ ကျောက်ဝမ်းအော့၊ မင်းသာ ဒီလို စွန့်စားပြီး လိုက်မသွားရင် သူတို့ ဘယ်မှာစခန်းချသလဲဆိုတာ ဘယ်တော့မှ သိနိုင်မှာ မဟုတ်ဘူး"

ကျောက်ဝမ်းအော့က-

"အစ်ကိုကြီး ဘာဆက်လုပ်မလဲ"

ဝမ်စိန်ကြည်က-

"ဘာပဲဖြစ်ဖြစ် နန်းတော်ထဲ သွားရမှာပဲ"

ကျောက်ဝမ်းအော့က-

"နန်းတော်သွားဖို့ လွယ်ပါ့မလား"

ဝမ်စိန်ကြည်က ပြုံးလိုက်သည်။

"ဟုန်းစိန်ဟိုက်ဆီမှာ နန်းတော်သွားနိုင်တဲ့ စာရွက်စာတမ်းရှိတယ်၊ သူ့ကိုအားကိုးပြီး သွားရမှာပဲ"

ကျောက်ဝမ်းအော့က ...

"ကျွန်မလဲ လိုက်မယ်"

ဝမ်စိန်ကြည်က ခေါင်းညိတ်လိုက်သည်။

"ညီမလေးက ဉာဏ်ကောင်းတယ်၊ လိုက်လာရင် အကူအညီရတာပေါ့"

ထိုစဉ် လိုရစ်ယုက ရောက်ရှိလာသည်။

သူသည် ကျောက်ဝမ်းအော့က နန်းတော်တွင်းသွားကြမည်ကို သိရသဖြင့် ...

"ညီမလေး အစ်ကိုလဲ လိုက်မယ်"

ဟု ပြောလိုက်၏။

ဝမ်စိန်ကြည်ည် လူများလျှင် ဆုတ်ခွာရန်ခက်ခဲမည်ကို စိုးရိမ်သဖြင့် သူသည် ငြင်းပယ်ရန် ပါးစပ်ဟလိုက်၏။

ရွှေနဂါးဂိုဏ်းသားတစ်ယောက်က လိုရစ်ယုအား အသံတိုးတိုးဖြင့် ...

"မင်း လိုက်မသွားပါနဲ့"

"ဘာဖြစ်လို့လဲ"

"တို့သခင်မလေးက ဝမ်စိန်ကြည်ကို မေတ္တာရှိနေပုံရတယ်၊ သူတို့နေရာကျသွားရင် တို့ရွှေနဂါးဂိုဏ်းက အင်အားပိုပြီးတောင့်တင်းလာမယ် မဟုတ်လား"

လိုရစ်ယုသည် ကျောက်ဝမ်းအော့အပေါ် တစ်ဖက်သတ်မေတ္တာရှိနေသည်မှာ အချိန်ကြာပြီဖြစ်၏။

သို့သော် ကျောက်ဝမ်းအော့က သူ့အပေါ် မျက်နှာသာမပေးသဖြင့် ဖွင့်မပြောဝံ့ဘဲ ရင်ထဲ၌ မျိုသိပ်ထားရသည်။



ထို့နောက် သူသည် လက်တစ်ဖက်ပြတ်သွားသောအခါ ကိုယ့်ကိုယ်ကို သိမ်ငယ်စိတ်များ ဖြစ်ပေါ်လာပြီး လုံးဝစိတ်မကူးဝံ့တော့ချေ။

သူသည် စကားကိုလွှဲလိုက်၏။

"ကျုပ် မလိုက်တော့ပါဘူး"

ဝမ်စိန်ကြည်သည် လိုရစ်ယု၏ သဘောကို နားလည်လိုက်သည်။

"လိုက်ခဲ့ပါဗျာ၊ ကျုပ်မှာ ခင်ဗျားရဲ့အကူအညီ လိုနေလို့ပါ"

လိုရစ်ယုမှာ ငြင်းမရတော့သဖြင့် ခေါင်းညိတ်လိုက်ရတော့သည်။

# အတွင်းဝန်

နောက်တစ်နေ့ ...။

ဝမ်စိန်ကြည် ကျောက်ဝမ်းအော့နှင့် လိုရစ်ယုတို့ကို ခေါ်ဆောင်၍ နန်းတော်သို့ သွားကြ၏။

ဝမ်စိန်ကြည်သည် အတွင်းဝန်မင်း၏ အိမ်ရှေ့သို့ရောက်လာသောအခါ တံခါးမှူးအား လျှို့ဝှက်သင်္ကေတဖြင့် ပြောလိုက်သည်။

တံခါးမှူးက ချက်ချင်းပင် သူတို့အား ရိုသေလေးစားစွာ ခေါ်ဆောင်သွား၏။

အတွင်းဝန်မင်းဂေဟာသို့ သွားလာလမ်းမှာ ရှည်လျားလှပေ၏။

အစောင့်သုံးယောက်က အပြောင်းအလဲလုပ်ပြီးမှ အလွန်လှပသပ်ရပ်သော အခန်းတစ်ခုရှေ့သို့ ရောက်ရှိလာကြသည်။

အစောင့်က သူတို့အား အခန်းမှူးလက်သို့ အပ်ပြီးလျှင် ပြန်လည်ထွက်ခွာသွားသည်။



အခန်းမှူးက သူတို့အား အခန်းထဲသို့ ခေါ်ဆောင်ပြီး နေရာထိုင်ခင်း ချထားပေးသည်။

တစ်ခဏအကြာတွင် နောက်ထပ်လူတစ်ယောက် ရောက်ရှိလာပြီး သူတို့အား မေးမြန်းလိုက်၏။

ဝမ်စိန်ကြည်က ဟုန်းစိန်ဟိုက်ထံမှ ရရှိထားသော လျှို့ဝှက်သင်္ကေတများကို ပြောပြလိုက်ရာ ထိုလူက ကျေနပ်သွားသည်။

သူသည် ဝမ်စိန်ကြည်တို့အား ခေတ္တစောင့်ဆိုင်းနိုင်းထားပြီး ပြန်လည် ထွက်ခွာသွား၏၊

ထို့နောက် တခဏအကြာတွင် အဘိုးအိုတစ်ယောက်သည် အခန်းထဲသို့ လှမ်းဝင်လာသည်။

ထိုလူသည် နန်းဝတ်နန်းစားများဝတ်ဆင်ထားပြီး အသားဖြူ၍ ဝဖြိုးသည်။

ယင်းလူမှာ လက်ရှိအာဏာအရှိဆုံးဖြစ်သော အတွင်းဝန်မင်း ချိုဂွာဖုဖြစ်ရမည်ဟု ဝမ်စိန်ကြည်က နားလည်လိုက်၏။

သူသည် ထိုင်ရာမှထလိုက်ပြီး လက်တစ်ဖက်မြှောက်ပြီးလျှင် ဒူးကို ကွေးညွှတ်ထားလိုက်သည်။

ဤသည်မှာ မန်ချူးတို့၏ ဓလေ့တစ်ခုဖြစ်သည်။

မိမိထက်ရာထူးမြင့်သောလူအား အရိုအသေပြုခြင်း ဖြစ်သည်။

"ချိုကုန်းကုန်း သက်တော်ရာကျော်ရှည်ပါစေ"

ချိုဝှာပု ပြုံးလိုက်သည်။

"အေးအေး ...ထိုင်ကြပါ၊ စစ်သူကြီးကော နေကောင်းရဲ့လား"

ဝမ်စိန်ကြည်က ...

"ဟုတ်ကဲ့၊ နေကောင်းပါတယ် ခင်ဗျာ"

ချိုဝှာပုက ထိုင်ချလိုက်တော့မှ ဝမ်စိန်ကြည်က ထိုင်လိုက်၏။

ကျောက်ဝမ်းအော့နှင့် လိုရစ်ယုတို့က ဝမ်စိန်ကြည်၏ ဝဲယာတွင် ရပ်နေကြသည်။

ဝမ်စိန်ကြည်က လက်တစ်ချက်ဝှေ့မယမ်းပြလိုက်ရာ လိုရစ်ယုက လက်ထဲမှပါလာသော အထုပ်ကို စားပွဲပေါ်သို့တင်ထားလိုက်၏။

ထို့နောက် အထုပ်ကို ဖြေချလိုက်သည်။

အထုပ်ထဲ၌ ကျောက်သံပတ္တမြား၊ ပုလဲများ၊ ကျောက်စိမ်းများဖြင့် ဝင်းလက်တောက်ပနေ၏။

ချိုဝှာပု၏မျက်နှာသည် ဝင်းလက်တောက်ပသွားသည်။

ဝမ်စိန်ကြည်က ...

"ချိုကုန်းကုန်းအတွက် စစ်သူကြီးက လက်ဆောင်ပါးလိုက်တာပါ"

"ဟား ...ဟား ...ဟား ..."

ချိုဝှာပုက သဘောကျသွားလေသည်။



"မင်းတို့ စစ်သူကြီးက ဘာများအလိုရှိနေလို့လဲဗျ"

ဝမ်စိန်ကြည်က ပြုံးလိုက်သည်။

"လောလောဆယ်တော့ ဘာအကူအညီမှ မလိုသေးပါဘူး ခင်ဗျာ"

ချိုဝှာပုက ရယ်မောလိုက်၏။

"စစ်သူကြီးက ဘာမှမပြောလိုက်ဘူးလား"

ဝမ်စိန်ကြည်က ...

"ဟုတ်ကဲ့ ...၊ သူက နောက်ထပ် စစ်ချီလာတဲ့အခါမှာ ချိုကုန်းကုန်းက တစ်ဖက်တစ်လမ်းက အကူအညီပေးပါလို့ စကားပါးလိုက်ပါတယ်ဗျာ"

ဝမ်စိန်ကြည်သည် ပြောမိပြောရာ ပြောလိုက်ခြင်းဖြစ်လေသည်။

သို့သော် သူက ပြောမိပြောရာ ပြောလိုက်ခြင်းဖြစ်သော်လည်း သူ၏ပြောစကားသည် သဘာဝကျနေသဖြင့် ချိုဝှာပုက ယုံကြည်သွားလေသည်။

"မင်းတို့ မန်ချူးတွေကတော့ စိတ်မကြေပွဲနွှဲဦးမယ်ဆိုတာ ငါသိပါပြီကွာ"

ထိုစဉ် အခန်းမှူးသည် ရေနွေးကြမ်းနှင့် စားသောက်ဖွယ်ရာများကိုလာရောက်ချပေးလေသည်။

ချိုဝှာပုက ပြုံးလိုက်သည်။

"မင်းတို့စစ်သူကြီးကို ပြောလိုက်၊ ကျုပ် ဖြစ်အောင်ကူညီပါ့မယ်၊ ဒါပေမယ့် ..."

သူသည် လက်ညှိုးတစ်ချောင်း ထောင်ပြလိုက်သည်။

"တစ်ခုတော့ရှိတယ်၊ သူပေးတဲ့ကတိကို တည်ပါစေလို့ပြောလိုက်ပါ"

ဝမ်စိန်ကြည်က ဦးညွှတ်လိုက်၏။

"ဟုတ်ကဲ့ ...ပြန်ပြောပါ့မယ်ခင်ဗျာ"

ချို့ဟွာဖုက ...

"ကဲ ...ရောက်တုန်းရောက်ခိုက် ကျုပ်ဆီမှာ ပျော်သလောက်နေသွားပါခင်ဗျာ"

သူသည် လက်ခုပ်တစ်ချက်တီးလိုက်ရာ ကိုယ်ရံတော်တစ်ယောက်က ဝင်ရောက်လာသည်။

"သူတို့ကို သီးသန့်အခန်းမှာ ဧည့်ခံထားပါ၊ သူတို့လိုအပ်တာတွေကိုလဲ လိုလေသေး မရှိပေးပါ"

ကိုယ်ရံတော်က ခေါင်းညိတ်လိုက်သည်။

"ဧည့်သည်ကြီးခင်ဗျား၊ ကျွန်တော့်နောက်ကိုလိုက်ခဲ့ပါ"

ဝမ်စိန်ကြည်သည် ချို့ဟွာဖုအား ဂါရဝပြုလိုက်ပြီး ကျောက်ဝမ်းအော့၊ လိုရစ်ယုနှင့်အတူ ကိုယ်ရံတော်နောက်သို့ လိုက်သွားလေတော့သည်။

■ ❀ ■



ထိုည ..."

ဝမ်စိန်ကြည်တို့သည် အခန်းထဲ၌ မအိပ်ကြသေးဘဲ တိုင်ပင်ဆွေးနွေးနေကြသည်။

"ငါတို့က ဝင်ချင်းချင်းအတွက် လိုက်လာတာ၊ အခုတော့ တိုင်းရေးပြည်ရေးနဲ့ ပတ်သက်တဲ့ အရေးကြီးတဲ့ကိစ္စတစ်ခု မမျှော်လင့်ဘဲ ကြုံတွေ့နေရတယ်ကွယ့်"

ကျောက်ဝမ်းအော့က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ချို့ဟွာဖုနဲ့ မန်ချူးစစ်သူကြီးနဲ့ တစ်ခုခုလုပ်ကြမယ်လို့ ကျွန်မထင်မိတယ်"

ဝမ်စိန်ကြည် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

လိုရစ်ယုက ...

"ဒီလိုသစ္စာဖောက်တွေကို သတ်လိုက်ရင် ကောင်းမယ်ထင်တယ်"

ဝမ်စိန်ကြည် လက်ကာပြလိုက်၏။

"အို ...ဘယ်ဖြစ်မလဲ၊ နန်းတော်ထဲမှာ ကိုယ်ရံတော်တွေ အထပ်ထပ် ရှိတယ်ကွယ့်"

သူသည် လိုရစ်ယုနှင့် ကျောက်ဝမ်းအော့အား ...

"မင်းတို့နှစ်ယောက် ခဏနေခဲ့၊ ငါထွက်ပြီး စုံစမ်းလိုက်ဦးမယ်"

လိုရစ်ယုက ...

"ညီမလေးကိုပါခေါ်သွားပါ၊ အရေးအကြောင်းရှိရင် အကြောင်းရှိရင် အကြောင်းပြန်ကြားနိုင်အောင်ပေါ့ ..."

ကျောက်ဝမ်းအော့က ...

"ဟုတ်တယ် ကျွန်မလိုက်ပါရစေ"

ဝမ်စိန်ကြည်က သူမ၏စွမ်းရည်ကို သိထားသဖြင့် ခေါင်းညိတ်လိုက်သည်။

သူတို့နှစ်ယောက်သည် အခန်းတံခါးကို အသာအယာဟပြီး အပြင်ဘက်သို့ ကြည့်လိုက်၏။

လူသူတစ်ယောက်မှ မတွေ့တော့မှ သူတို့သည် တိတ်တဆိတ် ထွက်ခွာသွားသည်။

■ ○ ■

ဝမ်စိန်ကြည်နှင့် ကျောက်ဝမ်းအော့တို့သည် အမှောင်ထုကို အကာအကွယ်ပြုပြီး ချိုဟွာဖုနေထိုင်သော အခန်းရှိရာသို့ တဖြည်းဖြည်း ချဉ်းကပ်သွားသည်။

အခန်းထဲ၌ မီးရောင်များ ထိန်ထိန်လင်းနေသည်ကို တွေ့မြင်ရသည်။

အခန်းဝ၌ အစောင့်တစ်ယောက်မျှ မတွေ့ရပေ။



ဝမ်စိန်ကြည် မျက်မှောင်ကုတ်သွားသည်။

"ဒီလူက အစောင့်တောင်မှ မထားပါလား"

ကျောက်ဝမ်းအော့က ပြုံးလိုက်သည်။

"နန်းတော်ထဲမှာပဲ ဘယ်သူ လာဝံ့မှာလဲ"

ဝမ်စိန်ကြည် ခေါင်းညိတ်လိုက်၏။

"ဒါလဲ ဟုတ်သားပဲ"

သူတို့နှစ်ယောက်သည် စိတ်ချလက်ချဖြင့် အခန်းရှိရာသို့ ချဉ်းကပ်လာသည်။

ဝမ်စိန်ကြည်သည် ပြတင်းပေါက်အနီးသို့ ချဉ်းကပ်လိုက်၏။

သူသည် လက်ညှိုးကိုတံတွေးဆွတ်ကာ ပြတင်းပေါက်ပေါ်မှ ကပ်ထားသော စက္ကူအား တို့လိုက်၏။

သူသည် မျက်လုံးတစ်ဖက်ဖြင့် ကပ်၍ အခန်းထဲသို့ချောင်းကြည့်လိုက်ရာ ဟိုတိနိုသည် အခန်းထဲရောက်ရှိနေသည်ကို တွေ့မြင်လိုက်ရလေ၏။

သူသည် တိတ်ဆိတ်စွာဖြင့် အခြေအနေကို အကဲခတ်နားထောင်လိုက်သည်။

ဟိုတိနို၏ အသံကိုကြားလိုက်ရ၏။

"ချုန်းပိတောင်က သိုင်းသုံးဖော် ဘာဖြစ်လို့ရောက်မလာတာလဲ ဝန်မင်း"

ချိုဟာဖုက ပြုံးလိုက်သည်။

"သူတို့ လာမှာပေါ့"

"သူတို့ကို စိတ်ချရပါ့မလား၊ တော်တော်ကြာ ဘုရင်ကို သွားပြီးတိုင်ကြားရင် ဒုက္ခရောက်ကုန်လိမ့်မယ်"

ချိုဟာဖု ပြုံးလိုက်လေ၏။

"ဒီအတွက်တော့ စိတ်ချရပါတယ်"

ဟိုတိခိုက ...

"သတိဆိုတာ ပိုတယ်လို့ မရှိပါဘူး"

ချိုဟာဖုက ပြုံးလိုက်သည်။

"ကျုပ်က စိတ်ချရတယ်ဆိုတာ ခိုင်လုံတဲ့အကြောင်းရှိလို့ပါ"

ဟိုတိခိုက ...

"ဘယ်လိုခိုင်လုံတဲ့အကြောင်းလဲ ...၊ ပြောပြနိုင်ရင် ပြောပြပါ"

ချိုဟာဖုက ပြုံးလိုက်ပြန်သည်။

"ဒီလိုကွယ့် ...၊ သူတို့သုံးယောက်က ဂူတန်းဂိုဏ်းက မွန်ကျူးမာဆိုတဲ့လူရဲ့ ဓားမြှောင်ကိုခိုးယူပြီး ရွှေနဂါးဂိုဏ်းရဲ့ ဂိုဏ်းချုပ် ကျောက်ကုန်းလေကို သတ်လိုက်တယ်၊ အခုရွှေနဂါးဂိုဏ်းနဲ့ ဂူတန်းဂိုဏ်းတို့က တစ်ယောက်နဲ့ တစ်ယောက် မဟာရန်သူဖြစ်လာပြီကွယ့်၊ ဒါကြောင့် သူတို့က သစ္စာဖောက်ရင် သူတို့အကြောင်းကို ထုတ်ဖော်လိုက်ရုံပေါ့"



ဟိုတိခိုက သဘောကျသွားသည်။

"ဒီအကြောင်းကို ထုတ်ဖော်လိုက်ရင် သူတို့ဟာ သိုင်းလောကမှာ ရပ်တည်လို့ ဘယ်ရတော့မလဲ"

"ဒါကြောင့် သူတို့က ကျုပ်ကို သစ္စာမဖောက်ရဲဘူးလို့ ပြောတာပေါ့"

ဝမ်စိန်ကြည်သည် ကျောက်ဝမ်းအော့အား လှည့်ကြည့်လိုက်သောအခါ သူမ၏မျက်ဝန်းအစုံတွင် မျက်ရည်များ စီးဆင်းကျလာသည်ကို တွေ့မြင်လိုက်ရသည်။

သူသည် ကျောက်ဝမ်းအော့အား စိတ်မလှုပ်ရှားရန် သူမ၏ပခုံးအား အသာအယာဆုပ်ကိုင်ထားလိုက်သည်။

ထိုစဉ် ချိုဟာဖုက ...

"ဒါနဲ့ ...မင်းတို့ဖမ်းလာတဲ့လူကို ဘယ်လိုလုပ်ကြမှာလဲ"

ဟိုတိခိုက ပြုံးလိုက်သည်။

"သူ့ကို ပြန်လွှတ်ဖို့ ဆုံးဖြတ်ပြီးပါပြီ"

"ဘာဖြစ်လို့လဲ"

"သူက ကျွန်မတို့လူတွေကို သွေးကြောပိတ်ထားလိုက်တဲ့အတွက် ဒီသွေးကြောဖွင့်ဖို့လဲ သူတစ်ယောက်တည်းပဲ ရတဲ့အတွက် ဖလှယ်တဲ့ သဘောပါပဲ"

ချိုဟာဖုက ခေါင်းညိတ်လိုက်၏။

"ရှင်းရှင်းပြောရမယ်ဆိုရင် သိုင်းလောကတစ်ခုလုံး ကျုပ်ရဲ့လက်အောက်ရောက်ရှိလာဖို့က ဂိုဏ်းချုပ်ကြီးကို အများဆုံးအားကိုးပါတယ်"

ဟိုတိနိုက ပြုံးလိုက်၏။

"စိတ်ချပါ ...၊ ကျွန်မတို့ဂိုဏ်းရဲ့အင်အားက တစ်နေ့တခြားကြီးထွားလာပြီး နယ်ပြန့်လာပါပြီ၊ နောက်ထပ်သုံးလကြာရင် နေပြည်တော်နဲ့အဝှမ်း သိုင်းအဖွဲ့အစည်းအားလုံး ကျွန်မတို့ဂိုဏ်းရဲ့လက်အောက်ကို ရောက်ရှိလာတော့မှာပါ"

ချိုဇာပုက ကျေနပ်စွာဖြင့် ရယ်မောလိုက်၏။

"ဟား ...ဟား ...ဟား ..."

ဝမ်စိန်ကြည်သည် နားစွင့်နေရာမှ ခြေသံကြားလိုက်ရသဖြင့် ထိုနေရာမှ ကမန်းကတန်း ထွက်ခွာလိုက်သည်။

■ ❁ ■

ဝမ်စိန်ကြည်သည် စကြိုလမ်းတစ်ခုသို့ ရောက်ရှိလာသောအခါ ကိုယ်ရံတော်နှစ်ယောက်နှင့် ပက်ပင်းတိုးမိသွားလေသည်။

ကိုယ်ရံတော်နှစ်ယောက်သည် သူတို့အား မြင်တွေ့လိုက်ရသောအခါ ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ထိုအချိန်မှာပင် ဝမ်စိန်ကြည်က သူတို့နှစ်ယောက်အား လျှပ်တစ် ပြက် သွေးကြောပိတ်ထားလိုက်၏။



ကျောက်ဝမ်းအော့သည် ဝမ်စိန်ကြည်နားသို့ ကပ်၍ အသံတိုးတိုးဖြင့် ပြောလိုက်လေသည်။

ဝမ်စိန်ကြည် ခေါင်းညိတ်လိုက်၏။

သူတို့နှစ်ယောက်သည် ကိုယ်ရံတော်နှစ်ယောက်အား ပန်းချုံအနီးသို့ ဒရွတ်တိုက်ဆွဲသွား၏။

■ ❁ ■

ဝမ်စိန်ကြည်နှင့် ကျောက်ဝမ်းအော့တို့သည် ပန်းချုံထဲမှထွက်လာသောအခါ ကိုယ်ရံတော်အဝတ်အစားများဖြင့် ကိုယ်စီကိုယ်ငှဖြစ်နေတော့၏။

သူတို့သည် ပုန်းလျှိုးကွယ်လျှိုးသွားရန် မလိုတော့ပါ။

ခပ်တည်တည်ဖြင့် လျှောက်သွားလေသည်။

သူတို့သည် စကြိုလမ်းအတိုင်း ဖြတ်လျှောက်လာခဲ့ရာ ကိုယ်ရံတော်တစ်ယောက်အား တွေ့ရှိလိုက်သည်။

ဝမ်စိန်ကြည်က သူ့အား ...

"ဒီမှာရဲဘော် တို့ဖမ်းလာတဲ့ မြွေစားရှင်ရဲ့သားကို ဘယ်အခန်းမှာ ထားသလဲ"

ကိုယ်ရံတော်က ရှေ့အဆောင်ကို ညွှန်ပြလိုက်၏။

"ဟိုဘက်အဆောင်ရဲ့ အစွန်ဆုံးအခန်းမှာ"

"အေး ...ကျေးဇူးတင်တယ်"

ဝမ်စိန်ကြည်နှင့် ကျောက်ဝမ်းအော့တို့သည် အဆောင်ရှိရာသို့ ဦးတည်သွားလေသည်။

ကိုယ်ရံတော်က သူတို့နှစ်ယောက်၏ နောက်ကျောကိုကြည့်ကာ ခေါင်းကုတ်သွားလေတော့သည်။

■ ❂ ■

ဝမ်စိန်ကြည်တို့သည် အစွန်ဆုံးအခန်းသို့ ရောက်ရှိလာသောအခါ ဝင်ချင်းချင်း၏အသံကို ကြားလိုက်ရသည်။

"မင်းတို့ အဆိပ်ဂိုဏ်းက တော်တော်ယုတ်မာတယ်၊ သတ္တိရှိရင် ငါတို့အစ်ကိုကြီးနဲ့ ရင်ဆိုင်ကြလား၊ အခုတော့ ..."

သူမ၏စကားမဆုံးမီ ဝမ်စိန်ကြည်နှင့် ကျောက်ဝမ်းအော့တို့သည် အခန်းထဲသို့ ခပ်တည်တည်ဖြင့် လှမ်းဝင်လိုက်သည်။

အခန်းထဲ၌ အစောင့်တစ်ယောက်က ဆေးဝါးကျိုနေသည်ကို တွေ့လိုက်ရ၏။

ဝမ်စိန်ကြည်က သူ၏သွေးကြောကိုပိတ်လိုက်၏။

ဝင်ချင်းချင်းက ကြောင်အမ်းအမ်းဖြင့်ကြည့်နေရာ ဝမ်စိန်ကြည်ကို ချက်ချင်းမှတ်မိသွားသည်။

"ဟင် ...အစ်ကိုကြီး"



ဝမ်စိန်ကြည်က သူမနားသို့ လျှောက်သွား၏။

"မင်းခြေထောက်ဒဏ်ရာ သက်သာသွားပြီလား"

"ဟုတ်ကဲ့ ...သက်သာသွားပါပြီ"

"သူမသည် ဝမ်စိန်ကြည်၏ နောက်တွင်ရပ်နေသော ကျောက်ဝမ်းအော့အား တွေ့မြင်သွားသည်။

"မင်းလဲ ပါလာတာကိုး"

ကျောက်ဝမ်းအော့က ခေါင်းညိတ်လိုက်၏။

"အင်း"

ဝင်ချင်းချင်းက နှာခေါင်းရှုံ့လိုက်၏။

"အစ်ကိုကြီး၊ ဟိုတိခို တော်တော်ကြာ လာလိမ့်မယ်၊ သူ့ကို ဆုံးမလိုက်စမ်းပါ"

ဝမ်စိန်ကြည်က ...

"အခု သူ့ကို ဆုံးမလို့မဖြစ်သေးဘူး"

"ဘာဖြစ်လို့လဲ"

"ညီမလေးကို နန်းတော်ထဲ ဘာကြောင့်ခေါ်လာရတာလဲဆိုတာ ညီမလေးက သူ့ကို မေးကြည့်စမ်းပါ"

ဝင်ချင်းချင်း မျက်မှောင်ကုတ်သွား၏။

"ဘယ်က နန်းတော်လဲ"

"ညီမလေး အခု ဘုရင့်နန်းတော်ထဲ ရောက်နေတယ်"

ထိုစဉ် ခြေသံများ ကြားလိုက်ရ၏။

ကျောက်ဝမ်းအော့ မျက်နှာကွက်ခနဲပျက်သွား၏။

"လူတွေ လာနေပြီ"

ခြေသံသည် အခန်းဝသို့ ရောက်ရှိလာ၏။

ဝမ်စိန်ကြည်သည် ပုန်းကွယ်ရန် နေရာရှာမရသဖြင့် အခက်အကြုံနေစဉ် ကျောက်ဝမ်းအော့က သူ၏အင်္ကျီစကို တစ်ချက်ဆွဲလိုက်ပြီး ခုတင်အောက်သို့ လျှို့ဝင်သွားသည်။

ထိုစဉ် အခန်းတံခါး ဖွင့်သောအသံ ကြားလိုက်ရသည်။

ဝမ်စိန်ကြည်ကလည်း ခုတင်အောက်သို့ အချိန်မီဝင်ရောက်သွားသည်။

■ ◎ ■

အခန်းတံခါး ပွင့်သွားသည်။

ဟိုတိနိုနှင့် အဘွားအိုတို့သည် အခန်းထဲသို့ ရောက်လာ၏။

ဟိုတိနိုက ပြုံးပြလိုက်၏။

"ရှင့်ဒဏ်ရာ သက်သာသွားပြီလား"

သူသည် မေးရင်း အခန်းတစ်ခုလုံးအား ဝေ့ကြည့်လိုက်၏။

"မင်းကို ပြုစုနေတဲ့ အစောင့်က ဘယ်ရောက်သွားသလဲ"

ဝမ်စိန်ကြည်သည် ထိုစကားကြားလိုက်ရသောအခါ ရင်ထိတ်သွား၏။



သူသည် ကျောက်ဝမ်းအော့အား လှည့်ကြည့်လိုက်သည်။

ကျောက်ဝမ်းအော့၏ တစ်ဖက်တွင် သွေးကြောပိတ်ခံရ၍ သတိမေ့နေသော အစောင့်ကိုတွေ့မြင်ရတော့မှ စိတ်လက်သက်သာရာ ရသွားသည်။

ကျောက်ဝမ်းအော့၏ စေ့စပ်သေချာမှုကိုလည်း ချီးကျူးမိ၏။

ထိုစဉ် ဝင်ချင်းချင်း၏ အော်သံကိုကြားလိုက်ရသည်။

"ကျုပ် မဆိုချင်လို့ သူ့ကို မောင်းထုတ်လိုက်တာ"

ဟိုတိနို ပြုံးလိုက်၏။

"ရှင်က ကလေးစိတ်မကုန်သေးဘဲကိုး"

သူမသည် အိုးထဲမှ ဆေးရည်ကို ပန်းကန်ထဲသို့ ထည့်လိုက်ပြီး လှမ်းလိုက်၏။

"သက်သာချင်ရင် ဒီဆေးကို သောက်လိုက်နော်"

ဝင်ချင်းချင်းသည် ဝမ်စိန်ကြည်နှင့် ကျောက်ဝမ်းအော့တို့ ရင်းရင်းနှီးနှီး ရှိသည်ကို တွေ့မြင်ခဲ့ရ၏။

ယခုလည်း ခုတင်အောက်၌ အတူပုန်းနေနေသည်ကို သတိရမိလာ၏။

အဘယ်ကြောင့်မှန်းမသိ။ သူမသည် အလိုလိုစိတ်တိုလာ၏။

"ဒီမှာ မင်းတို့နှစ်ယောက် ဘာတွေကြိတ်လုပ်နေတယ်ဆိုတာ မသိဘူး မှတ်နေသလား"

ဟိုတိနို ပြုံးလိုက်၏။

"စိတ်ချပါ၊ ကျွန်မတို့ ဘာမှ ကြိတ်မလုပ်ပါဘူး"

ဝင်ချင်းချင်းက အော်၍ပြောလိုက်၏။

"မင်းတို့ ဘာတွေလုပ်နေကြတာလဲ၊ ငါ့ကို မစော်ကားနဲ့နော်"

ဝမ်စိန်ကြည် ကြောင်အမ်းအမ်းဖြစ်သွားသည်။

သူသည် ဝင်ချင်းချင်းအကြောင်းကို ကောင်းစွာသိထား၏။

ဝင်ချင်းချင်းသည် အစစအရာရာ ထူးထူးချွန်ချွန်ရှိ၏။

သို့သော် သဝန်ကြောင်သည်။

ယခုလည်း သူက မိမိနှင့် ကျောက်ဝမ်းအော့အပေါ် သံသယဖြစ်နေ၍ ယခုကဲ့သို့ပြောဆိုနေသည်ကို နားလည်လိုက်၏။

ကျောက်ဝမ်းအော့မှာမူ ဒေါသထွက်လွန်း၍ တစ်ကိုယ်လုံးမှာ အနည်းငယ်တုန်ခါလာလေသည်။

ဝမ်စိန်ကြည်က သူမ၏ပခုံးကို အသာအယာပုတ်၍ နှစ်သိမ့်လိုက်သည်။

ဟိုတိနိုမှာမူ ထိုအကြောင်းကို မသိဘဲ ပြုံးပြလိုက်သည်။

"ဒေါသမကြီးနဲ့လေ၊ တော်တော်ကြာ ကျွန်မပြန်ပို့ပေးပါ့မယ်"

ထိုစဉ် အဘွားအိုက ရှေ့သို့တိုးလာလေသည်။

"ဒီမှာသူငယ်၊ မင်းကို ပြန်ပို့မယ်ဆိုတာ ငါမေးတဲ့မေးခွန်းကို ကောင်းကောင်းမွန်မွန် ဖြေရလိမ့်မယ်"



ဝင်ချင်းချင်းက သူမအား ကြည့်လိုက်သည်။

"ဘာမေးမလို့လဲ"

အဘွားအိုက ...

"မင်းအဖေ ဘယ်မှာလဲ၊ ယုတ်မာတဲ့ မင်းအမေကော မင်းအဖေနဲ့အတူ ရှိသေးသလား"

ဝင်ချင်းချင်း ဒေါသထွက်လာသည်။

"ငါ့အမေကို မစော်ကားနဲ့"

သူမသည် ဆေးပန်းကန်ကိုယူ၍ ပစ်ပေါက်လိုက်သည်။

အဘွားအိုက ဒေါသခြောင်းခြောင်း ထွက်လာ၏။

"မင်း သေချင်လို့လား"

သူမသည် ဝင်ချင်းချင်းအားတိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

ဟိုတိခိုက ဟန့်တားလိုက်သည်။

"သူ့ကို ဘာမှမလုပ်နဲ့"

အဘွားအိုက မကျေမနပ်ဖြစ်သွား၏။

"ဂိုဏ်းချုပ်ကြီးက သူ့ကို ဘာဖြစ်လို့ အကာအကွယ်ပေးရတာလဲ"

"ကျုပ် ပြန်ပို့ပေးမယ်လို့ ကတိပေးပြီးပြီ"

အဘွားအို မဲ့ပြုံးပြုံးလိုက်၏။

"သူ့ကို ပြန်လွှတ်ပါ့မယ်၊ ဒါပေမယ့် မျက်လုံးကို ဖောက်ထားမယ်"

ဟိုတိနို ခေါင်းခါယမ်းလိုက်သည်။

"မလုပ်ရဘူး၊ ကျုပ်ကတိ အပျက်မခံနိုင်ဘူး"

အဘွားအိုသည် ပို၍ဒေါသထွက်လာလေသည်။

"ကျုပ် လက်မခံနိုင်ဘူး၊ သူ့ကို သတ်ပစ်မှကျေနပ်မယ်"

သူမသည် ဝင်ချင်းချင်းအား သူမ၏မျက်နှာကို ထိုးပြလိုက်သည်။

"ကြည့်စမ်း၊ ငါ့မျက်နှာ လှရဲ့လား"

အဘွားအို၏မျက်နှာတစ်ခုလုံးမှာ ဒဏ်ရာရရှိထားသော အမာရွတ်များနှင့် ပြည့်နှက်နေသည့်အပြင် အချို့နေရာမှာ ယောင်ကိုင်းပြီး အချို့နေရာမှာ ညိုမည်းနေ၏။

ဝင်ချင်းချင်းက အနီးကပ်ကြည့်လိုက်သဖြင့် ရင်ထဲအော့အန်ချင်လာလေသည်။

အဘွားအိုက မချိတင်ကဲရယ်မောလိုက်သည်။

"ငါ့ကိုကြည့်ရင် အော့အန်ချင်လာတယ် မဟုတ်လား"

သူမသည် အင်္ကျီအိတ်ထဲသို့ နှိုက်ယူလိုက်သည်။

လက်ကိုင်ပုဝါတစ်ထည် ဖြစ်သည်။

သူမသည် ဝင်ချင်းချင်းထံသို့ ပစ်ပေးလိုက်သည်။

"ဟောဒီမှာကြည့်စမ်း၊ အဲဒါ ငါ့အရင်တုန်းက ပုံတူပဲ"

ဝင်ချင်းချင်းသည် ပုဝါကို ဖြန့်ကြည့်လိုက်သည်။



ပုဝါပေါ်တွင် အလွန်နုပျိုပြီး ချောမောလှပသောမိန်းကလေးတစ်ယောက်၏ ပုံဖြစ်သည်။

သူမသည် ပုံတူကိုတစ်လှည့် အဘွားအို၏မျက်နှာကိုတစ်လှည့် ယှဉ်ကြည့်လိုက်ရာ လုံးဝတူညီသောအကွက် တစ်ကွက်မှ မမြင်တွေ့ရပေ။

အဘွားအိုက မချိပြုံးပြုံးလိုက်၏။

"ဒီပုံဟာ ငါ့ရဲ့ပုံလို့ပြောရင် မင်းက ယုံမှာမဟုတ်ဘူး"

ဝင်ချင်းချင်း မျက်မှောင်ကုတ်သွားသည်။

"ခင်ဗျားက ဒါတွေပြောနေတာ ကျုပ်နဲ့ ဘာဆိုင်လို့လဲဗျ"

အဘွားအိုက ...

"ကျုပ်ဘာဖြစ်လို့ ဒီလောက်အကျည်းတန်သွားသလဲဆိုတာ မင်းသိသလား"

သူမက စကားဆက်လိုက်ပြန်၏။

"မင်းအဖေကြောင့်၊ မင်းရဲ့ အလွန်ယုတ်မာတဲ့အဖေကြောင့်"

ဝင်ချင်းချင်းက ...

"ကျုပ်အဖေနဲ့ ခင်ဗျားနဲ့ ဘယ်လိုပတ်သက်နေလို့လဲ"

အဘွားအိုက ...

"မင်းအဖေ ယုတ်မာတုန်းက မင်းမမွေးသေးပါဘူး၊ သူကမယုတ်မာဘူးဆိုရင် ငါဒီလိုအခြေအနေ ဘယ်ဖြစ်မလဲ၊ မင်းလဲလောက ပေါ်မှာ ဘယ်ရောက်နိုင်ပါ့မလဲ"

ဝင်ချင်းချင်းက မျက်မှောင်ကုတ်သွားပြန်၏။

"ခင်ဗျား ဘာတွေလျှောက်ပြောနေတာလဲ၊ ကျုပ်အမေနဲ့အမေဟာ ပြည်မမှာရှိတယ်၊ ခင်ဗျားတို့အဆိပ်ဂိုဏ်းက ယူနန်နယ်မှာရှိတယ်၊ မိုးနဲ့မြေလောက် ခြားနေတဲ့ဟာ ..."

အဘွားအိုက ဒေါသခြောင်းခြောင်း ထွက်လာ၏။

ဝင်ချင်းချင်း၏ ပါးကိုရိုက်ချလိုက်၏။

ဟိုတိနိုက လက်ဝါးဖြင့် ခံပေးလိုက်၏။

"ဒေါသမကြီးနဲ့လေ၊ အေးအေးဆေးဆေး ပြောရင်ရပါတယ်"

သူမသည် ဟိုတိနိုအား စိုက်ကြည့်လိုက်၏။

"ညည်းအမေကို မြွေစားရှင်က သတ်သွားတာကို မေ့နေပြီလား၊ အခု ညည်းက သူ့ကိုအကာအကွယ်ပေးနေတယ်၊ ဒါတရားသလား"

ဟုတိနိုလည်း ဒေါသထွက်လာ၏။

"ကျုပ်က ဂိုဏ်းချုပ်ဆိုတာ မေ့နေပြီလား"

အဘွားအိုသည် ဆက်၍မပြောတော့ဘဲ ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်၏။

သူမ၏လက်နှစ်ဖက်သည် ခေါင်းကိုအုပ်ထား၏။ အတန်ကြာတော့မှ အသံတိုးတိုးဖြင့် ...

"မင်းအမေကော သူက သိပ်လှတယ်ဟုတ်လား၊ ဒါကြောင့် မင်းအမေကို ဆွဲဆောင်နိုင်တာပေါ့"



သူမသည် သက်ပြင်းတစ်ချက်ချလိုက်၏။

"ကျုပ် မကြာကြာအိပ်မက်မက်တယ်၊ မင်းအမဟာ သိပ်လှတယ်လို့ ထင်မိတယ်၊ ဒါပေမယ့် မျက်နှာကို ပီပီပြင်ပြင်မတွေ့ရဘူး"

သူမသည် ဝင်ချင်းချင်းအား ကြည့်လိုက်ပြန်၏။

"မင်းအမေကို ငါတွေ့ချင်လိုက်တာ"

ဝင်ချင်းချင်းက ...

"ကျုပ်အမေ သေသွားပြီဗျ"

"သေပြီ ..."

အဘွားအိုက လွှတ်ခနဲပြောမိလေ၏။

"ဟုတ်တယ်၊ သူသေသွားပြီ"

အဘွားအိုက ထိုင်ရာမှ ထရပ်လိုက်၏။

"ဒီလိုဆိုရင် သူ့ကို ကလဲ့စားချေလို့ မရတော့ဘူးပေါ့"

သူမမျက်နှာတစ်ခုလုံး ကြောက်မက်ဖွယ်ရာကောင်းလာပြန်လေ၏။

"မင်းအမေသေသွားတယ်ဆိုရင် မင်းကိုကလဲ့စားချေရပါလိမ့်မယ်"

ဝင်ချင်းချင်းက သူ့အားမကြည့်ဘဲ တစ်ဖက်သို့လှည့်၍ မျက်နှာလွှဲထားလိုက်လေ၏။

အဘွားအိုသည် ဟိုတိနိုဘက်သို့ လှည့်ကြည့်လိုက်၏။

"ဂိုဏ်းချုပ်ကြီးက ဝမ်စိန်ကြည်နဲ့ ဘယ်လိုပြောခဲ့သလဲ၊ ကျုပ်တို့လူတွေကို သွေးကြောဖြေပြီးမှ သူ့လူကို ပြန်လွှတ်ပေးမယ်လို့ ပြောခဲ့တယ်မဟုတ်လား"

ဟိုတိနို ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

အဘွားအိုက ...

"ဒီလိုဆိုရင် ဒီသူငယ်ကို ပင့်ကူနက်အဆိပ်ကို တိုက်လွှတ်လိုက်မယ်"

ဝမ်စိန်ကြည်သည် ထိုစကားကိုကြားရသောအခါ ရင်ထိတ်သွား၏။

ဟိုတိနို၏အသံ ထွက်ပေါ်လာ၏။

"ကျုပ် ပြောပြီးသားစကားကို ကတိမဖျက်ချင်ဘူး"

အဘွားအို၏မျက်လုံးအစုံသည် နီရဲသွား၏။

"ဒါဖြင့် သူ့ကို ဒီအတိုင်းလွှတ်လိုက်မယ် ဟုတ်လား"

"ဟုတ်တယ်"

"အဘွားအိုက ချာခနဲလှည့်ကာ အခန်းဝဆီသို့ လျှောက်သွားသည်။

"ရပ်လိုက်"

ဟိုတိနိုက ဟန့်တားလိုက်သည်။



အဘွားအိုက ခြေလှမ်းရပ်တန့်လိုက်ပြီး လှည့်ကြည့်လိုက်သည်။

ဟိုတိနိုက ...

"ကျုပ်ရဲ့အမိန့်ကို နာခံမလား၊ မနာခံဘူးလား"

အဘွားအိုက လက်ကို ခါးထောက်လိုက်သည်။

"ဒီမှာဂိုဏ်းချုပ်ကြီး၊ ဂိုဏ်းချုပ်ကြီးက ဒီသူငယ်ကိုကြိုက်များကြိုက်နေသလား"

ဟိုတိနိုသည် ဒေါသထွက်လာ၏။

"ရှင့်စကားကို ရပ်သိမ်းပါ၊ အသက်ကြီးနေလို့ အစစအရာရာ ရှေ့ရေးပေးတာကို အခွင့်ကောင်းမယူနဲ့"

အဘွားအိုသည် ဒေါသကြီးစွာဖြင့် ကုလားထိုင်ပေါ်သို့ ပြန်ဝင်ထိုင်ချလိုက်၏။

ဝင်ချင်းချင်းသည် ခုတင်ကို လက်ဖြင့်တအားထုလိုက်သည်။

"မင်းတို့ ဘာလုပ်နေကြတာလဲ၊ အခုထိ ထွက်မလာသေးဘူးလား"

ဝမ်စိန်ကြည် ရင်ထိတ်သွား၏။

ခုတင်အောက်မှထွက်ရန် ဟန်ပြင်လိုက်ရာ ကျောက်ဝမ်းအော သူ၏လက်ကို ဆွဲလိုက်သည်။

ဟိုတိနိုက ပျော့ပျောင်းသော လေသံဖြင့် ...

"တစ်ရေးလောက် အိပ်လိုက်ပါဦးလေ၊ တော်တော်ကြာ ပြန်နိုးမှာပါ"

ဝင်ချင်းချင်းက မကျေမနပ်ဖြစ် ခုတင်အား တအားထုလိုက်ရာ ဖုန်များသည် ဝမ်စိန်ကြည်နှင့် ကျောက်ဝမ်းအော့တို့၏ ကိုယ်ပေါ်သို့ တဖွဲဖွဲကျသွားသည်။

"မင်းတို့ ဘာလုပ်နေကြတာလဲ၊ ဟိုတိခိုနဲ့ အဘွားကြီးက ရှင့်ကို နိုင်လို့လား၊ ဘာဖြစ်လို့ ထွက်မလာသေးတာလဲ"

သူမ ပြောသောစကားသည် ကျောက်ဝမ်းအော့နှင့် ဝမ်စိန်ကြည်တို့သာ နားလည်ကြည်၏။

အဘွားအိုမှာမူ ဒေါသအလွန်ကြီးနေသဖြင့် လုံးဝသတိမပြုမိပေ။

အဘွားအိုက ...

"ဒီမှာဂိုဏ်းချုပ်၊ ဂိုဏ်းချုပ်ရဲ့ကိစ္စနဲ့ပတ်သက်လာတယ်ဆိုရင် ဂိုဏ်းချုပ်သဘောပါ၊ အခုကိစ္စက အဘွားရဲ့နစ်နာနေတဲ့ ကိစ္စကို ပြောနေတာပါ"

ဟိုတိခို ပြုံးလိုက်၏။

"အဘွားက ဘာတွေနစ်နာနေလို့လဲ"

အဘွားအိုက ...

"ငါ့မှာ သစ္စာမဲ့တဲ့ ယောက်ျားကြောင့် ဘဝတစ်ခုလုံး ဘယ်လောက်နစ်နာတယ်ဆိုတာ ဂိုဏ်းချုပ်က ကိုယ်ချင်းစာစေချင်တယ်"

ဟိုတိခို ပြုံးလိုက်၏။



"အဘွားက သစ္စာမဲ့တဲ့ ယောက်ျားနဲ့တွေ့မိတာကိုး၊ ယောက်ျားဆိုတာ သစ္စာမဲ့တယ်လို့ ဆိုနိုင်ပါ့မလား"

အဘွားအိုက ...

"ဂိုဏ်းချုပ်က မယုံရင် အဘွားရဲ့ကိစ္စအားလုံးကို အစအဆုံးပြောပြပါ့မယ်၊ အဲဒီအခါကျမှ ဘယ်လိုဆုံးဖြတ်မယ်ဆိုတာ ဂိုဏ်းချုပ်သဘောအတိုင်းပဲ ဆုံးဖြတ်ပါ"

ဟိုတိခို ခေါင်းညိတ်လိုက်၏။

"ကောင်းပါတယ်၊ အဘွားက ဒီလောက်တောင်နာကြည်းတယ်ဆိုတာ ဘယ်လိုယောက်ျားလဲလို့ ကျွန်မ နားထောင်ချင်ပါတယ်"

အဘွားအိုက ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်ပြန်သည်။

"ကျွန်မပြောတာကို သေသေချာချာ နားထောင်ပြီးမှ အဆုံးအဖြတ်ပေးပါ"

ဝင်ချင်းချင်းသည် ဖခင်၏အကြောင်းကို အဘွားအိုက ပြောပြမည်ဟု ပြောလာသဖြင့် သူမသည် နားမထောင်ချင်လျက်နှင့် နားထောင်လိုက်ရသည်။

■ ❂ ■

## မေတ္တာအစ

လွန်ခဲ့သောနှစ်ပေါင်း နှစ်ဆယ်ကျော်လောက်က ဖြစ်သည်။

ထိုအချိန်တွင် ဟိုတိနို၏ဖခင်ဖြစ်သူသည် အဆိပ်ဂိုဏ်း၏ ဂိုဏ်းချုပ်အဖြစ် စတင်တာဝန်ယူစ ဖြစ်သည်။

ထိုအချိန် ဂိုဏ်းချုပ်ကြီးသည် ထိုဟုန်ရှိအမည်ရှိသော မိန်းကလေးတစ်ယောက်အား အဆိပ်ကျေးရွာ၏ တာဝန်ခံအဖြစ် ခန့်အပ်လိုက်သည်။

ထိုဟုန်ရှိသည် အသက်နှစ်ဆယ် ဝန်းကျင်ခန့်မျှသာ ရှိသေးသည်။

အလွန်လှပချောမောသော မိန်းကလေးတစ်ယောက်ဖြစ်သည်။

သူမ၏တာဝန်မှာ အဆိပ်ရှိသော မြွေပေါင်းစုံကို မွေးမြူထားရသည်။

မြွေထဲက အဆိပ်များကို ထုတ်ယူရသည်။



သူမသည် အားလပ်သော အချိန်များတွင် ရွာကလေး၏ပတ်ဝန်းကျင်သို့ သွားရောက်၍လည်ပတ်သည်။

တစ်နေ့ သူမသည် ထုံးစံအတိုင်း ရွာပြင်သို့ထွက်လည်ပတ်ရာ ကျောက်စိမ်းရောင်ရှိသော ငှက်နှစ်ကောင်ကို ဖမ်းမိလေသည်။

သူမသည် ပီတိဖြစ်ကာ ရွာထဲသို့ စောစီးစွာပြန်လာခဲ့သည်။

သူမသည် မြွေများထားသိုသော မြေတွင်းအနီးမှ ဖြတ်ကျော်သွားသောအခါ အသံများကြားလိုက်ရ၏။

သူမသည် မြွေအကြောင်းကို ကောင်းစွာနားလည်ထားသဖြင့် မြွေတွင်းထဲမှ မြွေများ ထွက်ပြေးနေသည်ကို သိရှိလိုက်သည်။

သူမသည် အသံထွက်ပေါ်လာသို့ လိုက်သွား၏။

မြွေတစ်ကောင် လွတ်မြောက်သွားသည်ကို တွေ့မြင်လိုက်ရသည်။

သူမသည် အလွန်အံ့သြသွားသည်။

အကြောင်းမှာ သူမမွေးမြူထားသောမြွေများတို့သည် အထူးလှောင်ထားသောကြောင့် ယင်းကဲ့သို့ ထွက်မသွားချေ။

ယခုမှာမူ မြွေတစ်ကောင် ထွက်သွားနေ၏။

သူမသည် ယင်းမြွေ အဘယ်ကြောင့်ထွက်သွားသည်ကို သိချင်လာသောဆန္ဒ ဖြစ်ပေါ်လာသည်။

ထို့ကြောင့် သူသည် ဖမ်းဆီးခြင်းမပြုဘဲ မြွေသွားရာသို့လိုက်ပါသွားသည်။

ထိုမြွေသည် သစ်ပင်တစ်ပင်သို့ ရောက်ရှိသွားသောအခါ ရပ်တန့်သွားပြီး ခေါင်းထောင်လိုက်၏။

ထိုဟုန်ရှိက ခေါင်းမော့ကြည့်လိုက်သောအခါ ရင်ထိတ်သွားသည်။

လူတစ်ယောက်သည် သစ်ပင်အောက်၌ ရပ်နေသည်။

ထိုလူမှာ အသက်နှစ်ဆယ်ကျော်ခန့်ရှိ၏။

ရုပ်ရည်ချောမောပြီး ယောကျ်ားပီသလှပေသည်။

သူ၏လက်ထဲတွင် ထွန်းညှိထားသော အမွှေးတိုင်တစ်တိုင်ကိုင်ဆောင်ထားသည်ကို တွေ့ရလေသည်။

ထိုဟုန်ရှိသည် မြွေများကို မွေးမြူသော ပါရဂူတစ်ယောက်ဖြစ်သည်။

ထိုလူငယ်ကိုင်ဆောင်ထားသော အမွှေးတိုင်သည် မြွေများကိုဆွဲဆောင်သော ဆေးအမွှေးတိုင်ဖြစ်သည်ကို ချက်ချင်းသိလိုက်၏။

ထိုလူငယ်သည် ထိုဟုန်ရှိအား မြင်တွေ့သည်နှင့် ပြုံးပြလိုက်သည်။

ထိုဟုန်ရှိက ...

"သတိထား၊ ဒီမြွေက အဆိပ်ရှိတယ်၊ ကျွန်မ လာဖမ်းမယ်"

လူငယ်က ပြုံးလိုက်၏။

သူ၏ကျောပေါ်တွင် အသင့်ပါလာသော သေတ္တာကလေးတစ်လုံးကို ချထားလိုက်၏။



ထိုသေတ္တာတွင် ဖားတစ်ကောင်ကို ကြိုးဖြင့်ချနှောင်ထား၏။

ဖားငယ်သည် ခုန်ဆွခုန်ဆွဖြင့် ပြေးရန်ကြိုးစားနေသည်။

သို့သော် ကြိုးဖြင့်ချည်နှောင်ထားသောကြောင့် ပြေး၍မလွယ်ပါ။

မြွေသည် ဖားကိုမျိုရန် တိုးသွားလေသည်။

ဖားကလေးက သေတ္တာပေါ်သို့ ခုန်တက်လိုက်၏။

မြွေသည် သေတ္တာအနီးသို့ရောက်ရှိသွားသောအခါ ထိုလူငယ်က ကြိုးကိုတစ်ချက်ဆွဲလိုက်၏။

သေတ္တာမှာ ရှေ့သို့မှောက်ကျလာပြီး မြွေအားပိတ်လှောင်ထားလိုက်၏။

လူငယ်က လက်မလက်ညှိုးနှစ်ချောင်းဖြင့် မြွေ၏လည်ပင်းကို ညှပ်လိုက်သည်။

ထိုဟုန်ရှိသည် ထိုလူငယ်မှာ မြွေဖမ်းသည့်ပညာ အလွန်ကျွမ်းကျင်ကြောင်း တွေ့ရသဖြင့် စိတ်ချသွား၏။

သူမသည် ထိုလူငယ်အပေါ် စိတ်ဝင်စားသွားသည်။

ထိုလူငယ်သည် မည်သူနည်း။

သူသည် အဆိပ်ဂိုဏ်းကိုမကြောက်ရွံ့ဘဲ ဤနေရာသို့ ရောက်လာ၍ မြွေများကို ဖမ်းယူနေပါသနည်း။

သူမသည် ယင်းသို့တွေးတောနေစဉ် ထိုလူငယ်မှာ ကျွမ်းကျင်

စွာဖြင့် မြွေ၏အဆိပ်များကို ကြွေဘူးတစ်ခုထဲသို့ ညှစ်ထည့်နေသည်ကို တွေ့မြင်ရ၏။

ထိုလူငယ်မှာ မြွေ၏အဆိပ်ကို လာရောက်ခိုးယူခြင်းဖြစ်ကြောင်း နားလည်လိုက်သည်။

လွန်ခဲ့သော ဆယ်ရက်ခန့်ကစပြီး သူမ၏မြွေများသည် အစားအစာကို မစားဘဲ ပိန်သွား၏။

ဖျင်းဖျင်းရိရိ ဖြစ်သွားသည်ကိုလည်း နားလည်လိုက်လေသည်။

သူမက မြင်လိုက်ရသောအခါ . . .

"ဒီမှာ ကျွန်မမြွေကို လွှတ်လိုက်ပါ"

သူမက ပြောပြီး ဝါးပုလွေတစ်ချောင်းကို မှုတ်လိုက်၏။

ထိုမြွေသည် ရုတ်တရက် သူ၏လက်ကိုကိုက်လိုက်၏။

လူငယ်က မြွေကို ကမန်းကတန်း လွှတ်ပစ်လိုက်၏။

ထိုဟုန်ရိုက ခံပြင်းလာလေ၏။

သူမသည် ရှေ့သို့ခြေလှမ်းလှမ်းလိုက်ပြီး လက်ဝါးဖြင့် တိုက်ခိုက်လိုက်၏။

သို့သော် မမျှော်လင့်ဘဲ ထိုလူငယ်၏သိုင်းပညာမှာ အလွန်ထူးချွန်သည်ကို တွေ့လိုက်ရလေသည်။

သူသည် သူမလက်ကိုဆွဲ၍တွန်းလိုက်ရာ ထိုဟုန်ရိုက ဖင်ထိုင်ကျသွားသည်။



ထိုဟုန်ရိုသည် အလွန်ဖွဲ့ကောင်းသော မိန်းကလေးတစ်ယောက်ဖြစ်သည်။

အနိုင်မခံ အရှုံးမပေးသောစိတ်ဓာတ် အပြည့်အဝရှိသည်။ လူငယ်က အကျီထဲသို့ လက်နှိုက်နေသည်ကို တွေ့ရသဖြင့် ဖြေဆေးနှိုက်နေသည်ဟု နားလည်လိုက်သည်။

သူသည် ဖြေဆေးမနှိုက်မိစေရန် ဝင်ရောက်တိုက်ခိုက်လိုက်သည်။

လူငယ်က သူမအား တွန်းဖယ်လိုက်ပြန်သည်။

ဤကဲ့သို့ သုံးကြိမ်သုံးခါ ဝင်ရောက်ဟန့်တားသောအခါ မြွေဆိပ်တက်လာသဖြင့် လူငယ်သည် မြေပေါ်လဲကျပြီး သတိမေ့သွားသည်။

ထိုဟုန်ရိုက အနိုင်ရရှိလိုက်သဖြင့် ဝမ်းသာသွားသည်။

သို့သော် သူမသည် အနီးသို့ သွားရောက်ကြည့်ရှုလိုက်သောအခါ ထိုလူငယ် သေသွားမည်ကို မကြည့်ရက်နိုင်ဘဲ သနားလာသည်။

သူမသည် အဘယ်ကြောင့်မှန်းမသိ ထိုလူငယ်အား အသက်ကယ်တင်ရန် စိတ်ဆန္ဒတဖွားဖွား ပေါ်ပေါက်လာသည်။

သူမသည် နောက်ဆုံး ထိုလူငယ်အား အိမ်ထဲမွေ့ယူသွားပြီးလျှင် ဖြေဆေးဖြင့် ကုသလိုက်သည်။

■ ❁ ■

သုံးရက်ခန့်ကြာသွားသောအခါ ...

လူငယ်သည် သတိကောင်းမွန်လာသည်။

ထိုဟုန်ရှိသည် သုံးရက်နှင့် သုံးညတိုင်တိုင် ပြုစုစောင့်ရှောက်ခဲ့ရသာကြောင့် လူငယ်အပေါ် မေတ္တာသံယောဇဉ်များ ငြိတွယ်လာသည်။

တစ်နေ့နံနက် ...။

သူမသည် နို့များကိုကျိုကာ သွားရောက်တိုက်ကျွေးလိုက်သည်။

လူငယ် အိပ်ရာမှထပြီး အတွင်းအား လေ့ကျင့်နေသည်ကို တွေ့လိုက်ရသည်။

သူသည် ထိုဟုန်ရှိအား တွေ့မြင်လိုက်သည်နှင့် ဦးညွတ်လိုက်သည်။

"ငါ့အသက်ကိုကယ်ခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ် ခင်ဗျာ"

လူငယ်၏ပြောဆိုပုံမှာ သိမ်သိမ်မွေ့မွေ့ရှိလှပေ၏။

ထိုဟုန်ရှိက ပြုံးလိုက်သည်

'ကျေးဇူးတင်စရာ မလိုပါဘူး၊ ရှင်အခုလိုဖြစ်တာ ကျွန်မကြောင့်ပါ"

လူငယ်က မိမိကိုယ်မိမိ မိတ်ဆက်ပေးလိုက်၏။

"ကျုပ်နာမည် ရှာတုလို့ခေါ်ပါတယ်၊ တချို့ကလဲ ရှာဝင်းလို့ခေါ်ပါတယ်"



ထိုဟုန်ရှိ ခေါင်းညိတ်လိုက်၏။

"ကျွန်မနာမည်က ထိုဟုန်ရှိပါ၊ အဆိပ်ဂိုဏ်းရဲ့ မြွေထိန်းသမားဆိုပါတော့"

လူငယ်က ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ ...၊ အခုလိုတွေ့ရတာ ဝမ်းသာပါတယ်"

ထိုဟုန်ရှိက ...

"ရှင်က ဘာကိစ္စနဲ့ ဒီကိုရောက်လာရတာလဲ၊ ဘာကြောင့်မြွေအဆိပ်ကို လာခိုးရတာလဲ"

လူငယ်က သက်ပြင်းချလိုက်၏။

"ကျုပ်မှာ ရန်သူကိုကလဲ့စားချေချင်လို့ သိုင်းပညာသင်ခဲ့ပါတယ်၊ သိုင်းပညာတတ်ပေမယ့် ရန်သူရဲ့ သိုင်းပညာနဲ့အင်အားကအများကြီးကွာနေတော့ ဘယ်လိုမှ မယှဉ်နိုင်တော့ဘဲ ဖြစ်ခဲ့ရပါတယ်"

သူသည် သက်ပြင်းတစ်ချက်ချရင်း စကားဆက်လိုက်သည်။

"နောက်ဆုံး ယူနန်နယ်က အဆိပ်ဂိုဏ်းဟာ အဆိပ်သုံးပြုတဲ့နေရာမှာ လောကမှာပြိုင်ဘက်ကင်းတယ်လို့ ကြားတာနဲ့ ဒီကိုရောက်လာတာ ဖြစ်ပါတယ်"

ထိုဟုန်ရှိက ပြုံးလိုက်သည်။

"ရှင်က အဆိပ်ကိုရပါပြီတဲ့၊ အဆိပ်ကို ဘယ်လိုသုံးရမယ်ဆိုတာ ဖော်စပ်တတ်ပါသလား"

လူငယ်က သက်ပြင်းချလိုက်၏။

"နည်းနည်းပါးပါးတော့ သင်ကြားထားပါတယ်"

ထိုဟုန်ရှိ ပြုံးလိုက်သည်။

"ဒီလိုဆိုရင် ကျွန်မတတ်ထားတာကို သင်ကြားပေးပါ့မယ်"

■ ○ ■

သုံးရက်အကြာတွင် ...

လူငယ်သည် အဆိပ်များဖော်စပ်သော နည်းများကို အတော်ကလေး တတ်မြောက်သွား၏။

သူသည် သတိကောင်းမွန်သွားပြီး ဖြစ်သဖြင့် ထိုဟုန်ရှိအား နှုတ်ဆက်လိုက်သည်။

"ကျုပ်ကို သွားခွင့်ပြုပါ၊ ခင်ဗျားရဲ့ကျေးဇူးကို အသည်းထဲမှာ မှတ်ထားပါ့မယ်"

သူ၏စကားကြောင့် ထိုဟုန်ရှိ ပီတိဖြစ်သွားသည်။

သူမသည် အဆိပ်ရည်နှစ်ဘူး လက်ဆောင်အဖြစ် ပေးလိုက်သည်။

လူငယ်က အလွန်ကျေးဇူးတင်သဖြင့် ...

"ကျေးဇူးတင်လိုက်တာဗျာ၊ ကျုပ်မှာ ကျေးဇူးဆပ်ဖို့ ဘာမှ မရှိပါဘူး၊ ဒါပေမယ့် အမှတ်တရ ခင်ဗျားရဲ့ပုံတူကို ရေးဆွဲပေးပါရစေ"



ထိုဟုန်ရှိ ဝမ်းသာသွားသည်။

"ဝမ်းသာလိုက်တာရှင်"

■ ○ ■

လူငယ်သည် မသွားဖြစ်သေးပါ။

သူသည် ထိုဟုန်ရှိ၏ ပုံတူကို ရေးဆွဲပေး၏။

သူတို့နှစ်ယောက်သည် တဖြည်းဖြည်းနှင့် တစ်ယောက်နှင့်တစ်ယောက် သံယောဇဉ်ကြိုး တွယ်မိကြ၏။

အဘယ်ကြောင့်မှန်းမသိ။ ထိုဟုန်ရှိသည် လူငယ်အား ကူညီလိုသော ဆန္ဒများ ပြင်းပြလာ၏။

သူမသည် သူ့အား အစ်ကိုဟု ပြောင်းလဲခေါ်နေ၏။

"အစ်ကို ..."

"ဘာလဲ ညီမ"

လူငယ်၏အသံမှာ နွေးထွေးသွားသည်။

"ရှင် မသွားလို့ မဖြစ်ဘူးလားဟင်"

"ရန်သူကို ကလဲ့စားမချေရမချင်း အစ်ကို ဘယ်တော့မှ အေးအေးဆေးဆေး နေနိုင်မှာမဟုတ်ဘူး"

"ဒီလိုဆိုရင် ညီမ ကူညီပေးရမလား"

လူငယ် ပြုံးလိုက်၏။

"ညီမရဲ့သိုင်းပညာက လိုပါသေးတယ်၊ ကူညီလို့ အရာမရောက်ပါဘူးကွယ်"

"ဒီလိုဆိုရင် အစ်ကိုက ရန်သူကို သုတ်သင်ပြီးရင် ပြန်လာမှာလား"

လူငယ် ခေါင်းညိတ်လိုက်၏။

"ပြန်လာမှာပေါ့"

ထိုဟုန်ရီ ဝမ်းသာသွားသည်။

"ဘယ်တော့ ပြန်လာမလဲဟင်"

လူငယ် ပြုံးလိုက်၏။

"ဒါကိုတော့ တိတိကျကျ ပြောလို့မရပါဘူးကွယ်"

ထိုဟုန်ရီ သက်ပြင်းတစ်ချက် ချလိုက်၏။

"ဘာပဲဖြစ်ဖြစ် ရှင်ပြန်လာတဲ့အထိ ကျွန်မ စောင့်နေမယ်"

လူငယ်သည် တစ်စုံတစ်ခုကို သတိရလာသည်။

"ခက်တာက ကျုပ်မှာ အလွန်ထက်မြက်တဲ့ ဓားတစ်လက်လိုနေတယ်၊ ဒီဓားက ငိုမိစန်းတောင်ပေါ်မှာရှိတယ်လို့ ကြားတယ်"

သူသည် သက်ပြင်းတစ်ချက်ချလိုက်၏။

"ခက်တာက သွားပြီးတောင်းရင် ပေးမှာမဟုတ်ဘူး"

ထိုဟုန်ရီသည် ထိုလူငယ်နှင့် မခွဲနိုင်မခွာရက် ဖြစ်နေသောကြောင့် ...



"ရှင်လိုချင်တဲ့ဓား ဘယ်မှာရှိတယ်ဆိုတာ ကျွန်မသိတယ်"

လူငယ် စိတ်ဝင်စားလာ၏။

"တော်တော် ထက်ရဲ့လား"

ထိုဟုန်ရီ ခေါင်းညိတ်ပြလိုက်၏။

"အလွန်ထက်ပါတယ်၊ ဘယ်ဓားနဲ့ထိထိ ကျိုးသွားတာပဲ"

လူငယ်သည် ဝမ်းသာလွန်း၍ ထခုန်မိ၏။

"ဒီဓား ဘယ်မှာရှိလဲဆိုတာ ပြောစမ်းပါ"

ထိုဟုန်ရီ ပြုံးလိုက်၏။

"ဒီဓားကတော့ ကျွန်မတို့ အဆိပ်ဂိုဏ်း အဆက်ဆက်က အဆင့်ဆင့် ထိန်းသိမ်းရတဲ့ မြွေဓားပါပဲ"

လူငယ် မျက်မှောင်ကုတ်သွားသည်။

"ဒီဓားကိုရအောင် ညီမလေးက ကူညီမလားဟင်"

ထိုဟုန်ရီ ခေါင်းညိတ်လိုက်၏။

"ကူညီပါ့မယ်၊ ဒါပေမယ့် အခြေအနေနဲ့ အချိန်အခါကိုကြည့်ပြီးမှ ရနိုင်မယ်၊ အစ်ကို စောင့်နိုင်ပါ့မလား"

လူငယ်က ခေါင်းညိတ်လိုက်၏။

"အစ်ကို စောင့်နိုင်ပါတယ်ကွယ်"

■ ❀ ■

ခုနစ်ရက်မြောက်သောနေ့တွင် ထိုဟုန်ရီသည် အစ်ကိုဖြစ်သူ၏ အမိန့်ပြားတစ်ချပ်ကို တိတ်တဆိတ် ခိုးယူလိုက်သည်။

ထိုည သူမသည် လူငယ်အား ခေါ်ဆောင်၍ လိုဏ်ဂူထဲသို့ သွားကြသည်။

ယင်းလိုဏ်ဂူသည် အလွန်လျှို့ဝှက်ထားသဖြင့် အပြင်လူများ တွေ့ရှိရန် မလွယ်ပေ။

လိုဏ်ဂူထဲသို့ ရောက်ရှိလာသောအခါ လိုဏ်ဂူစောင့်သော လူရှစ်ယောက်သည် သူတို့အား ဟန့်တားလိုက်သည်။

ထိုဟုန်ရီက အမိန့်ပြားကို ထုတ်ပြလိုက်၏။

အစောင့်ရှစ်ယောက်တို့သည် အမိန့်ပြားကို တွေ့ရှိရသဖြင့် လမ်းဖယ်ပေးလိုက်လေသည်။

ထိုဟုန်ရီသည် လူငယ်အား လိုဏ်ဂူထဲသို့ ခေါ်ဆောင်သွားလေသည်။

■ ❁ ■

ထိုလိုဏ်ဂူသည် အဆိပ်ဂိုဏ်း၏ ရာဇသံသုံးမျိုးကို ထိန်းသိမ်းထားရှိသော နေရာဖြစ်သည်။

ထိုရာဇသံ သုံးမျိုးမှာ ...

(၁) မြွေဓား။



ယင်းမြွေဓား၏ ပုံသဏ္ဌာန်မှာ ရိုးရိုးဓားနှင့်မတူဘဲ ဓား၏ တစ်ပိုင်းတွင် မြွေကဲ့သို့ ကွေ့ကောက်သည်။

ဓားထိပ်ဖျားမှာ မြွေ၏လျှာကဲ့သို့ နှစ်ခွရှိနေ၏။

ယင်းဓားသည် မည်သည့်ဓားနှင့်ယှဉ်ပြိုင်လျှင် တစ်ဖက်ရန်သူ၏ ဓားမှာ ကျိုးပဲ့သွားရလေသည်။

ထို့ကြောင့် ယင်းမြွေဓားသည် အဆိပ်ဂိုဏ်း၏ အထွတ်အမြတ် သိမ်းဆည်းထားသော ဓားတစ်လက်ဖြစ်လေသည်။

သိုင်းလောကတွင် အထက်မြက်ဆုံးသော ဓားလေးလက်တွင် ထိပ်ဆုံးမှ နေရာယူထားသော ဓားတစ်လက်ဖြစ်သည်။

(၂) မြွေပုံသဏ္ဌာန်လက်နက်ပုန်း။

ယင်းလက်နက်ပုန်းသည် မြွေကဲ့သို့ ပုံသဏ္ဌာန်ရှိသည်။

သို့သော် ရွှေဖြင့် ပြုလုပ်ထားလေသည်။

လက်နက်ပုန်း၏ ပြုလုပ်ပုံမှာလည်း အလွန်ဆန်းပြားပြီး တစ်မူထူးခြားနေ၏။

ထိုလက်နက်ပုန်းဖြင့် ရန်သူအား တိုက်ခိုက်လိုက်သောအခါ ရန်သူက ရှောင်တိမ်းရန် လုံးဝအခွင့်အလမ်း မရှိပေ။

ယင်းကဲ့သို့သော လက်နက်မျိုးသည် သိုင်းလောကတွင် ယှဉ်ပြိုင်၍ မရသလောက် ရှားပါးလှပေ၏။

ယင်းသို့သောလက်နက်ပုန်းကို ပြုလုပ်ခဲ့သော ပညာရှင်မှာ ထန်ကျားကျေးရွာမှ ပုဂ္ဂိုလ်ကျော်တစ်ဦး ပြုလုပ်ခဲ့ခြင်းဖြစ်လေသည်။

ထိုပုဂ္ဂိုလ်ကွယ်လွန်သွားပြီးနောက် ...

မည်သည့်လက်နက်ပုန်းပညာရှင်ကမှ ပြုလုပ်နိုင်စွမ်းမရှိတော့ချေ။

ထို့ကြောင့် အဆိပ်ဂိုဏ်း၏ ဂိုဏ်းချုပ်အဆက်ဆက်မှ ပြုလုပ်ပေးခဲ့သော မြွေသဏ္ဍာန်လက်နက် ၂၄-ခုကို အရေးကြီးလာသော အချိန်မှ သုံးလေ့ရှိ၏။

အသုံးမပြုသောအခါ ဤလိုဏ်ဂူထဲ၌ သိမ်းဆည်းထားခြင်း ဖြစ်သည်။

(၃) မြေပုံ။

၎င်းမြေပုံသည် ရွှေငွေရတနာသိုက်တစ်ခုကို ဖော်ညွှန်းထားသော မြေပုံဟု အဆိုရှိသည်။

အဆိပ်ဂိုဏ်းသည် အလွန်ချမ်းသာကြွယ်ဝသော ဂိုဏ်းတစ်ဂိုဏ်း ဖြစ်သည်။

သူတို့သည် ရတနာသိုက်တူးဖော်ရန် မလိုအပ်သေးသဖြင့် ထိုမြေပုံကို ဤလိုဏ်ဂူထဲသို့ ထိန်းသိမ်းထားရှိခဲ့ခြင်း ဖြစ်လေသည်။

■ ❁ ■

လူငယ်သည် ထိုဟုန်ရိက ရှင်းလင်းပြောပြသည်ကို အလွန်စိတ်ဝင်စားစွာ နားထောင်နေ၏။



သူသည် ထိုရတနာသုံးမျိုးစလုံးကို အရယူရန် စိတ်ဆန္ဒပြင်းပြစွာ ဖြစ်ပေါ်လာသည်။

ထိုဟုန်ရိသည် လူငယ်စိတ်ထားပြောင်းလဲသွားသည်ကို အကဲမခတ်မိပေ။

"အစ်ကို ...မြွေစားကိုယူသွားရင် ကိစ္စပြီးတာနဲ့ အမြန်ဆုံးပြန်ပို့ရမယ်နော်"

လူငယ်က ခေါင်းညိတ်လိုက်သည်။

"စိတ်ချပါ ညီမ"

ထိုဟုန်ရိက စိတ်ချယုံကြည်စွာဖြင့် သူ့အား ရတနာသုံးမျိုးထားရာသို့ ခေါ်ဆောင်သွားလေသည်။

သို့သော် သူတို့သည် ရတနာသုံးမျိုးထားရာသို့ ရောက်ရှိသွားသောအခါ ရုတ်တရက် ငလျင်လှုပ်သွားလေသည်။

ထိုလိုဏ်ဂူမှာ မီးတောင်နှင့် အလွန်နီးကပ်သဖြင့် တစ်ခါတစ်ခါ ငလျင်လှုပ်သည့်ဒဏ်ကို ခံရလေသည်။

ထို့ကြောင့် ထိုဟုန်ရိက လုံးဝမမှုပေ။

"မကြောက်ပါနဲ့၊ ဒီလိုငလျင်လှုပ်တာ မကြာခဏဖြစ်တတ်ပါတယ်၊ ဘာမှမဖြစ်ပါဘူး"

သူတို့သည် ဆက်လက်လျှောက်သွားရာ ...

နောက်ဆုံးအခန်းသို့ ရောက်ရှိလာသည်။

ထို့နောက် မြေကြီးတစ်ခုလုံး မည်းဟိန်းသွား၏။

ထိုဟုန်ရိုက မျက်မှောင်ကုတ်သွားသည်။

"ဒီတစ်ခါလျှင်လျှပ်တာ ခါတိုင်းထက်ပိုပြီး ပြင်းတယ်လို့ ထင်တယ်"

သူမ၏စကားကို လူငယ် မကြားတော့ပါ။

သူ၏မျက်လုံးအစုံသည် ကျောက်စားပွဲပေါ်၌ သေချာစွာ ထားရှိသော မြွေအားထံသို့ ရောက်ရှိနေခြင်းဖြစ်လေသည်။

သူသည် လောဘရမ္မက်တက်နေသော မျက်လုံးအစုံဖြင့် ...

ကျောက်စားပွဲ၌ တင်ထားသော လက်နက်ပုန်းနှင့် မြေပုံထံသို့ ရောက်ရှိသွားပြန်လေသည်။

သူသည် စိတ်ကိုမထိန်းနိုင်တော့ဘဲ ထိုပစ္စည်းသုံးမျိုးစလုံးကို ယူလိုက်တော့သည်။

ထိုဟုန်ရိုက ထိတ်ထိတ်ပျာပျာဖြစ်သွားလေသည်။

"အစ်ကို ... ဒါဘာလုပ်တာလဲ"

လူငယ်က သူ့အား ကောက်ကျစ်စဉ်းလဲစွာဖြင့် ပြုံးပြလိုက်သည်။

"ဒီပစ္စည်းတွေအားလုံး ငါယူသွားမယ်၊ ရန်သူကိုကလဲ့စားချေပြီးတဲ့နောက် ရတနာသိုက်ကိုပါ တစ်ဆက်တည်း တူးဖော်မယ်၊ အဲဒီတော့ ငါချမ်းသာလာမယ်၊ ငါချမ်းသာလာရင် မင်းကို ငါယူမယ်"



ထိုဟုန်ရိုက တွေဝေသွားလေသည်။

ထိုအချိန်မှာပင် ...

"ဝုန်း ..."

မိုးတောင်ပေါက်ကွဲသောအသံများ ကြားလိုက်ရလေသည်။

မြေကြီးတစ်ခုလုံး သွက်သွက်ခါသွားလေသည်။

လူငယ်သည် မြွေအားကို ခါးထဲသို့ ထိုးလိုက်သည်။

မြေပုံသဏ္ဍာန် လက်နက်ပုန်း ၂၄-ခုကို အင်္ကျီအိတ်ထဲသို့ သိမ်းဆည်းထားလိုက်သည်။

မြေပုံကို အင်္ကျီအတွင်းအိတ်သို့ သေချာစွာထည့်လိုက်ပြီးနောက် ထိုဟုန်ရို၏လက်ကိုဆွဲကာ ပြေးထွက်လာသည်။

မြေငလျင်အကြီးအကျယ်လှုပ်ခါနေသဖြင့် သူတို့သည် ရပ်၍ မရဘဲ မြေပေါ်သို့ အကြိမ်ကြိမ် လဲကျနေ၏။

နောက်ဆုံး သူတို့သည် လိုဏ်ဂူထဲမှ ပြေးထွက်လာသောအခါ လိုဏ်ဂူ၏အစောင့်ရှစ်ယောက်တို့သည် ပြိုကျလာသော ကျောက်တုံးများ ပိသွားသဖြင့် သေဆုံးနေကြသည်ကို တွေ့လိုက်ရ၏။

ထို့ပြင် လိုဏ်ဂူရှေ့မှ မြေပြင်သည် ကွဲအက်နေသည်ကိုတွေ့ရသည်။

သူတို့သည် ထိုနေရာမှ ပြန်ဆင်းရန် အကြိမ်ကြိမ်ကြိုးစားသော်လည်း မအောင်မြင်ချေ။

နောက်ဆုံး သူတို့လက်မှိုင်ချကာ လိုဏ်ဂူထဲသို့ပြန်သွားရသည်။

■ ○ ■

ထိုဟုန်ရှိနှင့် လှုငယ်တို့သည် လိုဏ်ဂူထဲ၌ သုံးရက်ခန့်နေထိုင်ကြရသည်။

ထိုတိုတောင်းသော သုံးရက်အချိန်တွင် လှုငယ်နှင့်ထိုဟုန်ရှိတို့သည် အကြင်လင်မယားဘဝသို့ ကူးပြောင်းသွားလေ၏။

ထိုဟုန်ရှိသည် အပျော်ကြီးပျော်ခဲ့လေ၏။

သူမသည် ယင်းလိုဏ်ဂူထဲမှ တစ်သက်လုံးအပြင်သို မထွက်နိုင်ရန်ပင် ဆုတောင်းမိလေ၏။

သို့သော် လှုငယ်မှာမူ နေ့စဉ်နှင့်အမျှ တောင်အောက်သို့ဆင်းရန် လမ်းစရှာနေ၏။

နောက်ဆုံး ထိုဟုန်ရှိ၏အစ်ကိုက ဂိုဏ်းသားများနှင့်အတူ ကြိုးတံတားတစ်ခု ခက်ခဲစွာ တည်ဆောက်ပြီး လိုဏ်ဂူရှိရာသို့ ရောက်ရှိလာကြသည်။

လှုငယ်သည် တောင်အောက်သို့ ဆင်းနိုင်သည့် အခွင့်အရေးကို တွေ့မြင်လိုက်သောအခါ ...

သူသည် မြွေစားဖြင့် တိုက်ခိုက်ထိုးဖောက်ပြီး ထွက်ပြေးလွတ်မြောက်သွား၏။

■ ○ ■



အခန်းတစ်ခုလုံး အပ်ကျသံပင် ကြားရလောက်အောင် တိတ်ဆိတ်၍နေ၏။

ဝင်ချင်းချင်း၏ရင်ထဲ၌ လှိုက်လှိုက်လှဲလှဲ ခံစားလိုက်ရသည်။

ဟိုတိခို၏မျက်နှာပေါ်တွင် သနားကြင်နာသည့် အရိပ်အရောင်များ ပေါ်လွင်နေ၏။

ခုတင်အောက်၌ နားစွင့်နေကြသော ဝမ်စိန်ကြည်နှင့် ကျော့ဝမ်းအော့တို့မှာ ထိုဟုန်ရှိအပေါ် သနားကြင်နာသောစိတ်များ ပေါ်ပေါက်လာ၏။

အ တ န် ကြာ တော့ မှ ဟို တိ ခို က သက်ပြင်းတစ်ချက်ချလိုက်သည်။

အဘွားရဲ့အဖြစ်အပျက်က အတော်ဆိုးပါလား"

အဘွားအိုက မချိပြုံးပြုံးလိုက်၏။

သူမသည် ဝင်ချင်းချင်း၏ရှေ့သို့ သူမ၏မျက်နှာကို ထိုးပြလိုက်ပြန်သည်။

"ငါ့မျက်နှာ အခုလို အရုပ်ဆိုးအကျည်းတန်ဖြစ်သွားတာက မင်းအဖေကြောင့် ..."

သူမသည် စကားဆက်လိုက်ပြန်၏။

"မင်းအဖေက ရတနာပစ္စည်းသုံးမျိုးစလုံး ခိုးသွားခဲ့တဲ့အတွက် ဂိုဏ်းချုပ်က ငါ့ကို အပြစ်ဒဏ်ခတ်လိုက်တာလေ"

သူမသည် သူမ၏မျက်နှာကို ပြလိုက်ပြန်သည်။

“ငါ့မျက်နှာမှာ ရရှိတဲ့ ဒဏ်ရာတွေဟာ မြွေပေါက်ထားတဲ့ ဒဏ်ရာတွေကွယ့်”

ဝင်ချင်းချင်းသည် ခေါင်းငုံ့ထားလိုက်၏။

သူမသည် အဘွားအိုအပေါ် မုန်းတီးခြင်းမရှိတော့ဘဲ အားတုံ့အားနာ ဖြစ်သွား၏။

ဟိုတိခိုက သက်ပြင်းရှည်တစ်ချက် ချလိုက်၏။

“ဟုတ်တယ် ...၊ ဂိုဏ်းရဲ့စည်းကမ်းကတော့ ကြီးလေးတဲ့ ပြစ်ဒဏ်သင့်လူဟာ အသက်မသေရင် နှစ်ပေါင်းသုံးဆယ်မှာဘယ်သူ့ဆီကမှ ပစ္စည်းမခိုးရဘူး၊ ငွေမခိုးရဘူး၊ သူများအကူအညီကိုလဲ မယူရဘူး၊ တောင်းစားရမယ်လို့ ပါရှိပါတယ်၊ ဒါကြောင့် ဘွားဘွားက သူတောင်းစားဘဝကို နှစ်ပေါင်းသုံးဆယ်တိတိ ဒုက္ခခံရတာ ကျွန်မ သိပါတယ်”

ဝင်ချင်းချင်းက အဘွားအိုအား အသံတိုးတိုးဖြင့် ...

“ကြားရတာ စိတ်မကောင်းပါဘူးဗျာ၊ ဒီအတိုင်းဆိုရင် ဖေဖေ အများကြီးမှားပါတယ်”

ထိုဟုန်ရိုက နှာခေါင်းရှုံ့လိုက်၏။

“ငါကတော့ သူ ငါ့ကို မေတ္တာရှိတယ်လို့ပဲ ထင်မိတယ်၊ ဒါပေမယ့် လမ်းမှာ တောင်းစားရင်း သူ့ကိုလိုက်ရှာတယ်၊ နောက်တော့မှ သူဟာ မြွေစားရှင်အမည်နဲ့ လျှမ်းလျှမ်းတောက် ကျော်ကြားနေတာကိုသိရတော့တယ်၊ ဒါပေမယ့် သူ့ကိုတွေ့တဲ့အခါမှာ သူဟာ ဒုက္ခိတတစ်ယောက် ဖြစ်နေပြီ၊ နောက်ပြီး သူက တခြားမိန်းမတစ်ယောက်ကို လက်ထပ်လိုက်တယ်လို့ ကြားရတယ်”



ဝင်ချင်းချင်းက အဘွားအိုပြောသောမိန်းမသည် မိမိ၏မိခင် ဖြစ်သည်ကို သဘောပေါက်လိုက်လေသည်။

အဘွားအိုက စကားဆက်လိုက်၏။

“ငါက သူ့ကို လိုဏ်ဂူတစ်ခုထဲ ခေါ်သွားတယ်၊ သူ့ကို မေးမြန်းတဲ့အခါမှာ သူက မိန်းမတစ်ယောက်နဲ့ အတိအလင်း လက်ထပ်တဲ့အကြောင်း ပြောပြတယ်၊ ကျုပ်က ဒေါသထွက်ပြီး သူ့ရဲ့ ခြေထောက်နှစ်ချောင်းကို ရိုက်ချိုးခဲ့တယ်”

ဝင်ချင်းချင်း မျက်မှောင်ကုတ်သွားသည်။

“အဘွားက ရက်စက်လှချည်လား”

ဟိုတိခိုက သူ့အားစကားမပြောရန် ဟန့်တားထားလိုက်သည်။

အဘွားအိုက စကားဆက်လိုက်ပြန်၏။

“ငါက သူ့ကို အလွန်မုန်းတာနဲ့ အစာမကျွေးဘဲထားခဲ့တယ်၊ ငါကိုယ်တိုင်တော့ လိုဏ်ဂူထဲကထွက်လာပြီး စားသောက်ဖွယ်ရာကို ရှာစားတယ်၊ တစ်နေ့ ငါပြန်သွားတဲ့အခါ လိုဏ်ဂူထဲမှာ သူ့ကိုမတွေ့ရတော့ဘူး”

သူမသည် ပြောရင်း ...

"မင်း အမေကော ..."

ဝင်ချင်းချင်းက ...

"ကျုပ်အမေ သေပြီလို့ ဘယ်နှစ်ခါပြောရမလဲ"

ဟိုတိခိုက ...

"ဒါပေမယ့် ဘွားဘွားကို တစ်ခုမေးရဦးမယ်"

အဘွားအိုက မျက်လုံးပြူး၍ သူမအားကြည့်လိုက်သည်။

"ဘာမေးမလို့လဲ"

ဟိုတိခိုက ...

ဝူတန်းဂိုဏ်းချုပ် ဝါးမှုရသေ့ သေဆုံးသွားတာက အဘွားရဲ့ လက်ချက် မဟုတ်လား"

အဘွားအို ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ ဒါပေမယ့် သူ့ကို မသတ်ပါဘူး၊ မြေအောက်ခန်း မှာ ချုပ်ထားလိုက်တာပါ"

"အဘွားနဲ့ ဝူတန်းဂိုဏ်းတို့ ဘယ်တုန်းကရန်ငြိုးဖွဲ့ခဲ့သလဲ"

"ရန်ငြိုး မရှိခဲ့ပါဘူး"

"ဒါဖြင့် ဘာဖြစ်လို့ ဖမ်းထားရတာလဲ"

"သူက မြွေစားရှင်နဲ့သိတယ်လို့ တခြားလူကိုပြောနေတာ ကျုပ်က ကြားသွားလို့ သူ့ကို မြွေစားရှင်အကြောင်း မေးချင်တာနဲ့ ဖမ်းချုပ်ထားလိုက်တာပါ"



ဟိုတိခိုက ပြုံးလိုက်သည်။

"သူ့ကို ချုပ်နှောင်ထားတာ နှစ်ပေါင်းအတော်ကြာပါပြီ၊ သူ ပြောပြလို့လား"

"မပြောဘူး"

ဟိုတိခိုက ပြုံးလိုက်ပြန်၏။

"သူ့ကိုလွှတ်လိုက်ပေါ့၊ ဘာဖြစ်လို့ ရန်သူတစ်ယောက်တိုးချင်ရတာလဲ"

ဝမ်စိန်ကြည်သည် အဘွားအို၏စကား ကြားလိုက်ရတော့မှ ဝါးမှုရသေ့ မသေကြောင်း သိလိုက်ရ၏။

အဘွားအိုက ထိုင်ရာမှထရပ်လိုက်သည်။

"ကဲ ...ကျုပ်ရဲ့အကြောင်းအားလုံးကိုတော့ ပြောပြပြီးပါပြီ၊ ဂိုဏ်းချုပ်ကြီး ဘယ်လိုဆုံးဖြတ်မယ်ဆိုဘာ ဆုံးဖြတ်ပေတော့"

အဘွားအိုသည် ကောက်ကျစ်စဉ်းလဲစွာဖြင့် အခန်းထဲမှ ထွက်ခွာသွားလေသည်။

ဟိုတိခိုက ဝင်ချင်းချင်းအား ပြုံးပြလိုက်သည်။

"အေးအေးဆေးဆေး အနားယူလိုက်ဦးနော်၊ တော်တော်ကြာမင်းကို ပြန်ပို့ပေးပါ့မယ်"

သူမသည် ပြောပြီးသည်နှင့် ထွက်ခွာသွားလေသည်။

■ ❀ ■

ဟိုတယ်ရှိ အခန်းထဲက ထွက်ခွာသွားတော့မှ ...

ဝမ်စိန်ကြည်နှင့် ကျောက်ဝမ်းအော့တို့သည် ခုတင်အောက်မှ ထွက်လာကြလေသည်။

ဝင်ချင်းချင်းသည် ခုတင်ပေါ်၌ ထပ်မံလဲလျောင်းနေသည်။

ဝမ်စိန်ကြည် မျက်မှောင်ကုတ်သွားသည်။

"ထလေ ညီမလေး သွားကြမယ်"

ဝင်ချင်းချင်းက သူ့အားမကြည့်ဘဲ မျက်နှာကို တစ်ဖက်သို့ လွှဲထားလိုက်၏။

ကျောက်ဝမ်းအော့သည် ဝင်ချင်းချင်းမှာ မိမိနှင့်ဝမ်စိန်ကြည် အတူတူမြင်ရသည်ကို သံသယဖြစ်နေသည်ဟု နားလည်လိုက်လေသည်။

သူမသည် စကားမပြောဘဲ အခန်းထဲမှ ထွက်သွားလေသည်။

ဝမ်စိန်ကြည်က အားတုံ့အားနာဖြစ်သွား၏။

"ညီမလေး မင်း လွန်ပြီထင်တယ်"

ဝင်ချင်းချင်းက ထထိုင်လိုက်၏။

"ရှင်တို့က ခုတင်အောက်မှာ ဘာလုပ်နေကြတာလဲ"

ဝမ်စိန်ကြည်က မျက်မှောင်ကုတ်သွားသည်။

"သူတို့လာလို့ ဝင်ပုန်းနေတာပေါ့ဟ"

ဝင်ချင်းချင်းက မဲ့ပြုံးပြုံးလိုက်၏။



"မသိရင်ခက်မယ်၊ အစ်ကိုကြီးက သူတို့နှစ်ယောက်ကို ကြောက်နေရလို့လား"

ဝမ်စိန်ကြည်က သက်ပြင်းချလိုက်၏။

"သူတို့နှစ်ယောက်ကိုတော့ မမှုပါဘူး၊ ဒါပေမယ့် ဆူဆူညံညံ ဖြစ်သွားရင် အားလုံး ဒုက္ခရောက်ကုန်လိမ့်မယ် မဟုတ်လား"

ဝင်ချင်းချင်းက စကားမပြောဘဲ နှုတ်ခမ်းမဲ့လိုက်၏။

ထိုစဉ် ကျောက်ဝမ်းအော့က အခန်းထဲသို့ ပြန်ဝင်လာသည်။

သူမနောက်တွင် လိုရစ်ယု လိုက်ပါလာသည်။

သူမသည် ဝမ်စိန်ကြည်အား ဦးညွှတ်လိုက်သည်။

"ကျွန်မအဖေကိုသတ်တဲ့ လူသတ်တရားခံကို ကျွန်မသိရှိပါပြီ၊ သူတို့ကို ကျွန်မနဲ့ ဂိုဏ်းသားအားလုံးက တုံ့ပြန်လိုက်မှာပါ၊ ကျွန်မကို ကူညီတဲ့အတွက် အများကြီးကျေးဇူးတင်ပါတယ်"

ဝမ်စိန်ကြည်က ခေါင်းညိတ်လိုက်သည်။

"မင်းတို့ရွှေနဂါးဂိုဏ်းအနေနဲ့ မင်းအဖေသတ်တဲ့ တရားခံ အစစ်ကို တုံ့ပြန်နိုင်တဲ့အင်အားရှိတယ်ဆိုတာ ယုံကြည်ပါတယ်၊ အောင်မြင်ပါစေလို့လဲ ဆုတောင်းလိုက်ပါတယ်"

ကျောက်ဝမ်းအော့က ...

"ကျွန်မ နောက်ထပ် အကူအညီတစ်ခု တောင်းချင်ပါတယ်ရှင့်"

ပြောပါ ..."

ကျောက်ဝမ်းအော့က လိုရစ်ယု၏လက်ကို ဆွဲလိုက်၏။

သူတို့နှစ်ယောက်သည် ပခုံးချင်းယှဉ်၍ရပ်လိုက်လေ၏။

"အစ်ကိုကြီးက သူ့ကို လက်တစ်ဖက် ဓား သင်ကြားပေးခဲ့ဖူးတဲ့အတွက် သူ့ရဲ့ဆရာဆိုလဲ ဟုတ်ပါတယ်၊ ဒါကြောင့် ကျွန်မတို့နှစ်ယောက်ကို လက်ထပ်ပေးပါလို့ မေတ္တာရပ်ခံပါတယ်"

သူမ၏စကားကြောင့် ဝင်ချင်းချင်းက အံ့သြသွားလေသည်။

ဝမ်စိန်ကြည် ကျောက်ဝမ်းအော့၏စကားကို နားလည်လိုက်သည်။

သူက ပြုံး၍ခေါင်းညိတ်လိုက်၏။

"ဝမ်းသာပါတယ်၊ မင်းတို့နှစ်ယောက် အိုအောင်မင်းအောင်ပေါင်းရပါစေ"

ထိုအချိန်မှာပင် ဝင်ချင်းချင်းက အားတုံ့အားနာဖြစ်သွားသည်။

"ကျွန်မ ပြောမှားဆိုမှားတာကို တောင်းပန်ပါတယ်"

ကျောက်ဝမ်းအော့က ခေါင်းညိတ်လိုက်သည်။

"ကိစ္စမရှိပါဘူး"

ထိုစဉ်အခန်း၏အပြင်ဘက်၌ ခြေသံများ ရှုပ်ထွေးနေသည်ကို ကြားလိုက်ရ၏။

ဟိုတိခို၏ အသံကိုလည်း ကြားလိုက်ရ၏။



"မင်းတို့က ဂိုဏ်းချုပ်ဆိုတာ သိကြသေးရဲ့လား"

အဘွား၏အသံ ထွက်ပေါ်လာ၏။

"ညည်းက ဂိုဏ်းရဲ့စည်းကမ်းဖောက်ဖျက်တဲ့အတွက် ဂိုဏ်းချုပ်အသစ်ကို ရွေးမယ်"

ယောကျ်ားတစ်ယောက်၏အသံ ထွက်ပေါ်လာပြန်သည်။

"ဒါတော့ ဂိုဏ်းချုပ်ကြီးက ရန်သူကိုအကာကွယ်ပေးနေတာကိုး"

ဟိုတိခို၏ ရယ်မောသံကြားလိုက်ရ၏။

"မင်တို့ ရှေ့မတိုးနဲ့၊ ရှေ့တိုးလာရင် ကျုပ်အဆိုးမဆိုနဲ့"

"ယား ..."

ယောကျ်ားတစ်ယောက်၏ အသံဖြစ်၏။

"သေပေတော့"

ဟိုတိခို၏အော်ဟစ်သံ ထွက်ပေါ်လာ၏။

"အား ..."

လူတစ်ယောက်၏အော်သံ ထွက်ပေါ်လာပြီးနောက် ...

"ဝုန်း ..."

မြေပေါ်သို့လဲကျသွားသောအသံ တစ်ဆက်တည်း ကြားလိုက်ရ၏။

ဝမ်စိန်ကြည်သည် အခန်း၏ပြတင်းပေါက်ကို ဖွင့်လိုက်သည်။

"မင်းတို့ဘုံးယောက် အရင်ပြန်သွားကြပါ၊ ငါနောက်မှလိုက်လာမယ်"

ဝင်ချင်းချင်းတို့သုံးယောက်သည် ပြတင်းပေါက်မှကျော်ဖြတ်ကာ ပြေးလွှားသွားကြ၏။

ထိုစဉ်မှာပင် ...

"ဝုန်း ..."

အခန်းတံခါးတွန်းပွင့်သွား၏။

အဘွားအိုနှင့် အဆိပ်ဂိုဏ်းသားများတို့သည် အခန်းထဲသို့ ပြေးဝင်လာ၏။

ဝမ်စိန်ကြည်က ပြတင်းပေါက်မှကျော်ဖြတ်၍ ပြေးထွက်သွား၏။

"သူတို့ ပြေးကုန်ကြပြီ၊ လိုက်ကြဟေ့"

အဘွားအိုနှင့် ဂိုဏ်းသားများတို့သည် ဝမ်စိန်ကြည်နောက်သို့ ပြေးလိုက်သွားကြ၏။

ဟိုတိနိုက ကိုယ်ဖော့ပညာကိုအသုံးပြုကာ အဘွားအိုတို့လူစုကို ကျော်ဖြတ်၍ ဝမ်စိန်ကြည်နောက်သို့ ပြေးလိုက်သွားလေ၏။

ဝမ်စိန်ကြည်သည် ဟိုတိနိုလိုက်လာသည်ကို တွေ့ရသဖြင့် ခြေဦးတည့်ရာ ပြေးသွားရာ ...

သူသည် အမှတ်မထင် ဘုရင်နေထိုင်နေသော အဆောင်ရှိရာသို့ ရောက်ရှိသွား၏။



သူသည် ခြေလှမ်းရုတ်တရက် ရပ်တန့်လိုက်၏။

အကြောင်းမှာ ထိုအဆောင်၏ရှေ့တွင် ဘုရင့်ကိုယ်ရံတော်များ သွေးအိုင်ထဲ၌ ဖရိုဖရဲလဲကျနေသည်ကို တွေ့မြင်လိုက်ရသောကြောင့် ဖြစ်လေ၏။

သူသည် အလွန်အံ့အားသင့်သွား၏။

နန်းတော်ထဲ၌ ဤအဖြစ်အပျက်သည် မဖြစ်အပ်သောအဖြစ်အပျက်တစ်ခု မဟုတ်ပါလော။

စူးစမ်းလိုသော စိတ်များသည် သူ့အားလွှမ်းမိုးသွားသဖြင့် သူသည် ဆက်လက်ပြေးရန် မေ့သွားပြီး အဆောင်ထဲသို့ တစ်လှမ်းချင်း ဝင်သွား၏။

■ ❁ ■

## ကညီခြင်း

ဝမ်စိန်ကြည်သည် အဆောင်ထဲသို့ လှမ်းဝင်လိုက်သည်နှင့် အနီရောင် ဝတ်ဆင်ထားသော စစ်သည်တစ်ယောက်က ဓားဖြင့် ဆီး၍ခုတ်ချလိုက်၏။

ဝမ်စိန်ကြည်က ရှောင်တိမ်းလိုက်ပြီး သူ၏လက်ကိုဆွဲပစ်လိုက်ရာ ထိုစစ်သည်တော်၏ ကြီးမားသောခန္ဓာကိုယ်သည် အပြင်ဘက်သို့ လွင့်စဉ်သွား၏။

သူသည် သေချာစွာကြည့်လိုက်ရာ အဆောင်ထဲ၌ မီးရောင်များ ထိန်လင်းနေ၏။

စစ်ဝတ်တန်ဆာ ဝတ်ဆင်ထားသော လူတစ်ယောက်သည် မားမားမတ်မတ် ရပ်နေ၏။

ထိုလူ၏နံဘေးတွင် အတွင်းဝန်မင်းချုပ်ဂွာဖုက ရပ်နေ၏။

သူတို့နှင့်မျက်နှာချင်းဆိုင် ကုလားထိုင်ပေါ်၌ အဝါရောင်ပိုးပဲ



ဖြင့် ချုပ်လုပ်ထားသောအကျႌ ဝတ်ဆင်ထားသောလူတစ်ယောက် ထိုင်နေသည်ကို တွေ့လိုက်ရ၏။

အဝါရောင်အကျႌ၏ရင်ဘတ်ပေါ်တွင် ရွှေခြည်ဖြင့် နဂါးတစ်ကောင် ဖော်ထားသည်ကို တွေ့လိုက်ရ၏။

ယင်းလူမှာ လက်ရှိဘုရင်ဖြစ်နေမှန်း အကဲခတ်မိလိုက်လေသည်။

ဘုရင်၏ ဝဲယာတစ်ဖက်တစ်ချက်တွင် အနီရောင် ဝတ်ဆင်ထားသော စစ်သည်တော်များ ခြံရံ၍ရပ်နေ၏။

ထူးခြားသည်မှာ ထိုစစ်သည်တော်များ လက်ထဲတွင် ဓားကိုယ်စီ ကိုင်ဆောင်ထားခြင်း ဖြစ်၏။

ဘုရင့်ရှေ့မှောက်၌ မည်သူတစ်ဦးတစ်ယောက်မျှ လက်နက်ကိုင်ဆောင်ခွင့်မရကြချေ။

လက်နက်ကိုင်ဆောင်သူသည် သေဒဏ်။

ယင်းအချက်ကို ဝမ်စိန်ကြည် နားလည်ထား၏။

သူသည် မိမိ၏ဖခင်အသတ်ခံရသည့်အတွက် ဘုရင့်အပေါ် မကျေမနပ်ဖြစ်နေသော်လည်း ယခုကဲ့သို့ ဘုရင်အားလုပ်ကြံသည်ကို လုံးဝမလိုလားချေ။

ထို့ကြောင့် သူသည် ဘုရင့်ရှေ့သို့ တည့်မတ်စွာ ဝင်ရောက်သွား၏။

ချိုဝှာဖုသည် ဝမ်စိန်ကြည်အား တွေ့မြင်ရသောအခါ အံ့အားသင့်သွား၏။

"မင်းက ငါ့ကို ကူညီတာလား"

ဝမ်စိန်ကြည်က ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ဘူး"

ချိုဝှာဖုက မျက်မှောင်ကုတ်သွား၏။

"ဒါဖြင့် မင်း ဘာလာလုပ်တာလဲ"

ဝမ်စိန်ကြည်က ...

"အခုလို ဘုရင်ကို လုပ်ကြံနေတာ ကျုပ်လက်ပိုက်မကြည့်နိုင်ဘူး"

ချိုဝှာဖုအနီး၌ရပ်နေသော လူက မေးလိုက်သည်။

"သူက ဘယ်သူလဲ"

ချိုဝှာဖု ဦးညွှတ်လိုက်၏။

"မြို့စားကြီးခင်ဗျား သူက မန်ချူးစစ်သူကြီးက လွှတ်လိုက်တဲ့လူပါ"

ဝမ်စိန်ကြည်သည် ထိုလူအား သိရှိလိုက်၏။

ယင်းလူမှာ ဝိန်မြို့စားဧကဟာမှ မြို့စားကြီးဖြစ်၏။

ဝိန်မြို့စားကြီးသည် ချိုဝှာဖုနှင့်ပေါင်း၍ မန်ချူးနှင့်ဆက်သွယ်ကာ ဘုရင်အား လုပ်ကြံရန်ဖြစ်သည်ကို သဘောပေါက်နားလည်လိုက်၏။



သူသည် ခေါင်းခါယမ်းလိုက်၏။

"အတွင်းဝန် မှားသွားပြီ၊ ကျုပ်က သစ္စာဖောက်မဟုတ်ဘူး၊ ကျုပ်က နယ်ခုနစ်နယ်ရဲ့ မဟာမိတ်ခေါင်းဆောင် ဝမ်စိန်ကြည်ပါ"

ချိုဝှာဖုက မျက်နှာကွက်ခနဲပျက်သွား၏။

သို့သော် ချက်ချင်းပင် ရယ်မောလိုက်၏။

"မင်းကိုမင်း အေးအေးဆေးဆေးမနေဘဲ သေချင်လို့ ဒီကိုရောက်လာတာပေါ့"

သူသည် လက်တစ်ချက် ဝှေ့ယမ်းလိုက်ကာ ...

"နှစ်ယောက်စလုံး သတ်လိုက်"

အနီရောင်ဝတ်ဆင်ထားသော စစ်သည်တော်များသည် သူတို့အား ဝင်ရောက်တိုက်ခိုက်လိုက်သည်။

ဝမ်စိန်ကြည်က ဘုရင်အား ကာကွယ်ရင်း ပြန်လည်တိုက်ခိုက်သည်။

ဝိန်မြို့စားကြီးကလည်း ဓားကိုဆွဲထုတ်ပြီး ဝင်ရောက်ရတိုက်ခိုက်လိုက်သည်။

ထိုအချိန်မှာပင် ချိုဝှာဖုက လက်ခုပ်တီးလိုက်ရာ ...

သိုင်းသမားလေးငါးယောက် ထပ်မံရောက်ရှိလာကြလေသည်။

ဝမ်စိန်ကြည်က ကြည့်လိုက်ရာ ထိုသိုင်းသမားများအနက် ဆရာလုအော့ ပါလာသည်ကို တွေ့လိုက်ရသည်။

ဆရာလုအော့က ဆေးတံဖြင့် ဝမ်စိန်ကြည်အား တိုက်ခိုက်လိုက်သည်။

ဝမ်စိန်ကြည်က အခက်ကြုံရလေသည်။

သူသည် မိမိအတွက် ကာကွယ်ရသည့်အပြင် ဘုရင်ကိုပါ ကာကွယ်ပေးနေရသောကြောင့် မနိုင်မနင်းဖြစ်နေလေ၏။

ထိုအချိန်မှာပင် ဟိုတိခို ရောက်ရှိလာလေသည်။

ဝမ်စိန်ကြည်သည် ဟိုတိခိုအား တွေ့မြင်လိုက်သည်နှင့် ...

"ဂိုဏ်းချုပ်ကြီး ကျုပ်ကို ကူညီစမ်းပါဗျာ"

ဟိုတိခိုက ကြောင်အမ်းအမ်းဖြစ်သွားသည်။

"ငါက ဘာဖြစ်လို့ ရှင့်ကိုကူညီရမှာလဲ"

ဝမ်စိန်ကြည်က ပြုံးလိုက်သည်။

"ငါသေသွားရင် မင်းတို့ဂိုဏ်းသားတွေကို ဘယ်သူက သွေးကြောဖွင့်ပေးရမှာလဲ"

ဟိုတိခိုက ရယ်မောလိုက်၏။

"ရှင်က တော်တော်အကျပ်ကိုင်တဲ့လူပဲ"

ချိုဗှာဖုက အော်လိုက်သည်။

"ဂိုဏ်းချုပ်ကြီး ကျုပ်တို့ကိုကူညီပါ၊ အောင်မြင်ရင် မင်းကို ရာထူးတစ်ခုပေးမယ်"

ဟိုတိခိုက ရယ်မောလိုက်ပြန်သည်။



"ဝမ်းနည်းပါတယ်၊ ကျွန်မနဲ့ရာထူးနဲ့ ဘယ်လိုမှမတန်ပါဘူး"

သူမသည် ပြောပြီး မြို့စားကြီးအား ဝင်ရောက်တိုက်ခိုက်လိုက်သည်။

ဟိုတိခိုက ဝင်ရောက်တိုက်ခိုက်လိုက်သောကြောင့် အခြေအနေ ပြောင်းလဲသွားသည်။

ပထမဆုံး ဆရာလုအော့ လက်ပေါ်သို့ ဟိုတိခို၏ အဆိပ် မိသွား၏။

သူ၏လက်တစ်ဖက်သည် တိုက်ခိုက်ရင်း ယောင်ကိုင်းလာလေသည်။

ဆရာလုအော့က ရင်ထိတ်သွားသည်။

"မင်းက ဘယ်သူလဲ"

ဟိုတိခိုက ပြုံးလိုက်သည်။

"အဆိပ်ဂိုဏ်းရဲ့ ဂိုဏ်းချုပ်ဟိုတိခိုပါ"

ဆရာလုအော့သည် မျက်နှာကွက်ခနဲပျက်သွားသည်။

ဟိုတိခိုက ပြုံးလိုက်သည်။

"ရှင့်လူတွေကို ပြန်ခေါ်သွားရင် ကောင်းမယ်ထင်တယ်"

ဆရာလုအော့သည် သိုင်းပညာချင်းယှဉ်လျှင် မမှုသော်လည်း ဟိုတိခို၏ အဆိပ်ကိုတော့ ကြောက်ရွံ့သည်။

သူသည် လေတစ်ချက် ချွန်လိုက်ပြီး သူ့လူများအား ခေါ်ဆောင် ၍ ထွက်ခွာသွားသည်။

ဟိုတိနိုက ရယ်မောရင်း အထုပ်ကလေးတစ်ထုပ် ပစ်ပေးလိုက်သည်။

"ဖမ်းထားပါ၊ အဲဒါ ဖြေဆေးပဲ"

ဆရာလုအော့က ဖြေဆေးကိုဖမ်းယူလိုက်ပြီး လျှင်မြန်စွာ ပြေးလွှားထွက်ခွာသွားသည်။

ထိုအချိန်မှာပင် ဘုရင်၏စစ်သည်တော်များ ပြေးလွှားရောက်ရှိလာကြလေသည်။

ချိုဗာဖုနှင့် ဝိန်မြို့စားကြီးတို့သည် ဘုရင့်စစ်သည်တော်များ ရောက်ရှိလာသည်ကို တွေ့လိုက်ရသဖြင့် သူတို့သည် အခြေအနေ မဟန်မှန်း သိလိုက်သည်။

ထို့ကြောင့် ထွက်ပြေးရန် ခြေလှမ်းပြင်လိုက်၏။

သို့သော် ဘုရင့်စစ်သည်တော်များသည် သူတို့အား ဝိုင်းရံထားလေတော့သည်။

■ ❁ ■

အနီရောင်အင်္ကျီ ဝတ်ဆင်ထားသော ကိုယ်ရံတော်များသည် လက်နက်ချ အညံ့ခံလိုက်ကြသည်။

ချိုဗာဖုနှင့် ဝိန်မြို့စားတို့သည် အချုပ်ခန်းထဲသို့ ရောက်ရှိသွားပြီ ဖြစ်သည်။



ဘုရင်က ဝမ်စိန်ကြည်အား ကျေးဇူးတင်စွာဖြင့် ...

"မင်းက ဘယ်သူလဲ၊ ဘယ်မှာ အမှုထမ်းနေသလဲ"

ဝမ်စိန်ကြည်က ကိုယ်ရံတော်အဝတ်အစား ဝတ်ဆင်ထားသဖြင့် အထင်မှားသွားကြခြင်း ဖြစ်သည်။

ဝမ်စိန်ကြည်က ...

"ကျွန်တော်မျိုးရဲ့နာမည်က ဝမ်စိန်ကြည်ပါ၊ အဖေကတော့ ဗိုလ်မှူးဝမ်းကျုံးဖန်ပါ"

ဘုရင် မျက်မှောင်ကုတ်သွားသည်။

"ဘယ်လို ..."

ဝမ်စိန်ကြည်က ...

"ကျွန်တော်မျိုးရဲ့ဖခင်က တိုင်းပြည်အတွက် မန်ချူးကိုတော်လှန်ရင်း အတွင်းဝန်မင်းရဲ့ စွပ်စွဲချက်ကြောင့် ဘုရင်မင်းမြတ်က သေဒဏ်ခတ်လိုက်ပါတယ်"

ဘုရင်က စိတ်မကောင်းဖြစ်သွားလေသည်။

"ကျုပ် မှားသွားပါပြီကွာ"

သူသည် ဟိုတိနိုဘက်သို့ လှည့်လိုက်ပြန်သည်။

"မင်းလဲ ငါ့ကိုကယ်တင်တဲ့အတွက် ဘာရာထူးလိုချင်သလဲ ဆိုတာ ပြောပါ"

ဟိုတိနိုက ဝမ်စိန်ကြည်ဘက်သို့ ပြုံးပြလိုက်၏။

“မနက်ဖြန် ကျုပ်က မြို့အနောက်ဘက်က ဆယ်မိုင်ကုန်းမှာ စောင့်နေမယ်”

သူမသည် ဘုရင်၏မေးခွန်းကိုပင် အဖြေမပေးဘဲ ထွက်ခွာသွားသည်။

ဘုရင်က ဝမ်စိန်ကြည်ဘက် လှည့်လိုက်ပြန်သည်။

“အေး ...မင်းအဖကို မှားပြီးအပြစ်ပေးမိတဲ့အတွက်၊ နောက်ပြီး မင်းက ငါ့ကိုကယ်တင်ခဲ့တဲ့ ကျေးဇူးရှိတဲ့အတွက် မင်းအဖေရဲ့ရာထူးကို မင်းပဲ ဆက်ခံဖို့ပေးလိုက်မယ်”

ဝမ်စိန်ကြည် ပြုံးလိုက်၏။

“ကျေးဇူးကြီးလှပါတယ် ဘုရင်မင်းမြတ်၊ ကျွန်တော်မျိုးက တိုင်းပြည်နဲ့လူမျိုးကိုသာ ချစ်တာပါ၊ ရာထူးကို မလိုချင်ပါဘူး”

သူသည် ဦးညွတ်လိုက်ပြီး အေးဆေးစွာထွက်သွားလေသည်။

■ ❁ ■

နောက်တစ်နေ့ ...။

ဝမ်စိန်ကြည်သည် ဆယ်မိုင်ကုန်းသို့ ရောက်ရှိသွားလေ၏။

ဟိုတိခိုက ပြုံး၍ စောင့်နေသည်ကို တွေ့လိုက်ရသည်။

ဝမ်စိန်ကြည်က ...

“ကဲ ...ကျုပ်တာဝန်ပဲ ကျန်တော့တယ်”



ဟိုတိခိုက ပြုံးလိုက်၏။

“ကျွန်မနောက်ကို လိုက်ခဲ့ပါ”

သူမသည် လမ်းပြ၍ခေါ်သွား၏။

ငါးမိုင်ခန့်သို့ ရောက်ရှိလာသောအခါ ဘုံကျောင်းပျက်တစ်ခုအား တွေ့ရှိလိုက်၏။

ဘုံကျောင်းပျက်ရှေ့တွင် အဆိပ်ဂိုဏ်းမှ ဂိုဏ်းသားများက စောင့်ကြပ်နေ၏။

ဟိုတိခိုက ဘုံကျောင်းပျက်ထဲသို့ ဝင်သွားသည်။

ဝမ်စိန်ကြည်သည် နောက်မှ လိုက်သွားသည်။

အဆိပ်ဂိုဏ်းမှ ဂိုဏ်းသားတို့သည် သူ့အား ဒေါသကြီးစွာဖြင့် ကြည့်နေကြ၏။

ဘုံကျောင်းပျက်ထဲ၌ သွေးကြောပိတ်ခံရသော ဂိုဏ်းသားများတို့သည် တန်းစီ၍လှဲနေသည်ကို တွေ့လိုက်ရ၏။

ဝမ်စိန်ကြည်က သူတို့၏ သွေးကြောကို ဖွင့်ပေးလိုက်လေသည်။

“အားလုံးကို တောင်းပန်ပါတယ်၊ အခုလိုဖြစ်ရတာ တစ်ယောက်နဲ့ တစ်ယောက် အထင်လွဲလို့ ဖြစ်ပါတယ်”

အဆိပ်ဂိုဏ်းသားတို့သည် သူ့အားမကြည့်ဘဲ မျက်နှာလွှဲထားလိုက်၏။

အထူးသဖြင့် အဘွားအို ထိုဟုန်ရီက သူ့အား ရွံမုန်းသော မျက်လုံးများဖြင့် ကြည့်နေ၏။

ဝမ်စိန်ကြည်သည် ဟိုတိနိုအား နှုတ်ဆက်၍ ဘုံကျောင်းပျက်မှ ထွက်လာသည်။

ဟိုတိနိုက သူ့နောက်မှ လိုက်ပါလာသည်။

ပထမတွင် ဟိုတိနိုက မိမိအားလိုက်ပို့သည်ဟု ထင်မှတ်မိ၏။

သို့သော် ဟိုတိနိုမှာမူ သူ့နောက်သို့ တစ်ဆက်တည်းလိုက်လာသည်ကို တွေ့ရတော့မှ ...

"ခင်ဗျား ဘယ်သွားမလို့လဲ"

"ရှင့်နောက်ကို လိုက်မယ်လေ"

ဝမ်စိန်ကြည်က ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

"ဟာ ...မဖြစ်ဘူးထင်တယ်"

ဟိုတိနို ပြုံးလိုက်သည်။

"စိတ်ချပါ၊ ကျွန်မက ဟိုရောက်ရင် လမ်းခွဲသွားမှာပါ"

ဝမ်စိန်ကြည် မျက်မှောင်ကုတ်သွား၏။

"ဒါဖြင့် ...ခင်ဗျားတို့ အဆိပ်ဂိုဏ်းက ဂိုဏ်းသားတွေကော ဒီအတိုင်း ပစ်ထားတော့မှာလား"

ဟိုတိနို ပြုံးလိုက်၏။

"သူတို့က ကျွန်မကို အလိုမရှိတော့ဘူးလေ၊ ဂိုဏ်းချုပ်အသစ် ရွေးချယ်ပြီးပြီ"



ဝမ်စိန်ကြည် ဝမ်းသာသွားသည်။

"ဒါဖြင့် ...ခင်ဗျားက ဘာဆက်လုပ်ဖို့ စိတ်ကူးထားသေးသလဲ"

ဟိုတိနို ပြုံးလိုက်၏။

"ကျွန်မ ရှင်နဲ့ပေါင်းမိလို့ နားလည်သွားပါပြီ၊ သိုင်းလောကကိုလဲ စိတ်ကုန်သွားပါပြီ၊ အဓိပ္ပာယ်မရှိတဲ့ တစ်ဖွဲ့နဲ့တစ်ဖွဲ့ သတ်ဖြတ်တာကိုလဲ ရွံမုန်းသွားပါပြီ၊ ဒါကြောင့် ကျွန်မ မန်ချူးတော်လှန်ရေးလုပ်ငန်းကိုပဲ ဆက်ပြီးလုပ်ဖို့ ဆုံးဖြတ်ထားပြီးပါပြီ"

ဝမ်စိန်ကြည်က ဝမ်းသာပီတိ ဖြစ်သွားသည်။

"ဝမ်းသာလိုက်တာဗျာ"

သူသည် ဟိုတိခုကဲ့သို့ စွမ်းရည်ထက်မြက်သော မိန်းကလေးတစ်ယောက်က တိုင်းပြည်အတွက် တာဝန်ထမ်းဆောင်မည်ကို ကြားလိုက်ရသဖြင့် ဝမ်းသာလွန်း၍ ဟိုတိနို၏ပခုံးနှစ်ဖက်ကို အသာအယာ ဆုပ်ကိုင်ထားလိုက်၏။

"ခင်ဗျားကို ကျုပ် ဂုဏ်ယူချီးကျူးပါတယ်ဗျာ"

ထိုစဉ် ...

သူ၏နားတွင် ...

"ဟင့် ..."

ဟူသော ဒေါသသံတစ်ခု ကြားလိုက်ရလေသည်။

သူသည် လှည့်ကြည့်လိုက်ရာ ဝင်းချင်းချင်းက ခါးထောက်၍ ကြည့်နေသည်ကို တွေ့မြင်လိုက်ရသည်။

သူသည် ခေါင်းနားပန်းကြီးသွားသည်။

"ဟိုက် ...ဒုက္ခပဲ"

သူသည် ယင်းကဲ့သို့ ညည်းညူမိလိုက်၏။

ဝင်းချင်းချင်းက ခြေတစ်ချက်ဆောင့်လိုက်ပြီး ချာခနဲလှည့်ကာ ထွက်ခွာသွားသည်။

"ဒီမှာ ညီမလေး ...၊ ခဏနေဦး"

ဝမ်စိန်ကြည်က ထိတ်ထိတ်ပျာပျာဖြင့် နောက်မှလိုက်သွားသည်။

ဟိုတိနိုသည် ကြောင်အမ်းအမ်းဖြစ်သွား၏။

"ညီမလေး ဆိုပါလား ..."

သူသည် ဝမ်စိန်ကြည်နောက်ကျောကို ကြည့်ကာ နားမလည်နိုင်ဘဲ ခေါင်းကုတ်ရင်း ကျန်ရစ်ခဲ့လေသည်။

ပြီး၏။

မိုးကျော်သူ